

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၁၄ / ၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

## မာတိကာ


| | | |
|---|---|---|
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် | ၅ |
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် | ၆ |

**မိန့်ခွန်းများ**

| | | |
|---|---|---|
| ၁။ | ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား | ၇ |
| ၂။ | (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုအမှာစကား | ၉ |
| ၃။ | တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား | ၁၂ |
| ၄။ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံပြောကြားသည့် အမှာစကား | ၁၅ |
| ၅။ | ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မောရဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိစစ်သည်မိသားစု များကို တွေ့ဆုံပြောကြားသည့် အမှာစကား | ၂၁ |
| ၆။ | ကမြောကင်းတံတားတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား | ၂၃ |
| ၇။ | ထားဝယ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား | ၂၅ |
| ၈။ | ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့် အမှာစကား | ၂၈ |
| ၉။ | ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံပြောကြားသည့် အမှာစကား | ၃၀ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား | ၃၂ |
| ၁၁။ | မြိတ်ခရိုင်အတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား | ၃၅ |
| ၁၂။ | ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ပြောကြားသည့် အမှာစကား | ၃၇ |

၁၃။ နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၂)တွင် ပြောကြားသည့် အမှာစကား ၄၀
၁၄။ နို့စားနွားမွေးမြူရေးစီမံကိန်း (ထုံးဘို)နှင့် မာဘယ်ကျောက်ပြားထုတ်လုပ်ရေးစက်ရုံ(မန္တလေး) တို့သို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့် အမှာစကား ၄၉
၁၅။ မန္တလေးမြို့ရှိ ဘာသာပေါင်းစုံအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၅၁
၁၆။ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (မန္တလေး)ရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၅၅
၁၇။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့် အမှာစကား ၅၇
၁၈။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက် ကြည့်ရှုစဉ် ပြောကြားသည့် အမှာစကား ၆၀
၁၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)တွင် ပြောကြားသည့် အမှာစကား ၆၂
၂၀။ ဒုတိယအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ပေးပို့သည့် အဖွင့်အမှာစကား ၆၄
၂၁။ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ၂၀၂၂ ခုနှစ်၊ မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲတွင် ပြောကြားသည့် အဖွင့်အမှာစကား ၆၈
၂၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၂) တွင် ပြောကြားသည့် အမှာစကား ၇၁
၂၃။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားသည့် အမှာစကား ၇၃

## သဝဏ်လွှာများ

၁။ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၉၅
၂။ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၉၈
၃။ (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၁၀၂
၄။ နှစ် (၇၀)ပြည့် ကယားပြည်နယ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၁၀၅

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအားဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၄) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

(၁-၁-၂၀၂၂)



**ချစ်ခင်လေးစားအပ်ပါတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး –**

၂၀၂၂ ခုနှစ် နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သလိုက်ရပါတယ်။

၂၀၂၁ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ အရေးပါတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာကာလ အတွင်းမှာ ကျွန်တော်တို့အနေနဲ့ စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ လျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ မလွဲမသွေ ခိုင်ခိုင်မြဲမြဲရှိစေရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရပ်တည်ချက်များအပေါ်မှာ တတ်နိုင်သလောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားများနဲ့အညီ နိုင်ငံတော်ရဲ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုရဲ့ အကျိုးကိုသာ အစဉ်ရှေးရှုဆောင်ရွက်ပေးနေတာပဲဖြစ်ပါတယ်။ နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောဖို့နဲ့ စာရေးရိက္ခာဖူလုံစေဖို့တို့အတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူတို့နဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါ့မယ်။ “ညီညာမှ ပြည်သာရမည်”ဖြစ်လို့ ကျွန်တော်တို့ရဲ့ စုစည်းအားနဲ့ တိုင်းပြည်သာယာဝပြောရေး ဝိုင်းဝန်းတည်ဆောက်ကြပါစို့လို့ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလက စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါဟာ ကျွန်တော်တို့နိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့က စတင်တွေ့ရှိခဲ့ပြီး ယခု နှစ် နှစ်တာကာလအတွင်း ဗီဇပြောင်းရောဂါအဖြစ် ပြောင်းလဲဖြစ်ပွားနေလျက်ရှိပါတယ်။ ကိုဗစ်–၁၉ က စခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးဟာ အိုမီခရွန်ဗီဇပြောင်း

ရောဂါပိုးအဖြစ် ပြောင်းလဲခဲ့ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း စတင်တွေ့ရှိခဲ့လို့ သတိပြုရမယ့် ရောဂါတစ်ခုဖြစ်ကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ လုပ်ဆောင်ရမှာက ကြိုတင်ပြင်ဆင်ထားဖို့နဲ့ သတိရှိဖို့သာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံမှုနဲ့ ပတ်သက်ပြီး ၂၀၂၁ ခုနှစ်အတွင်းမှာ အကျုံးဝင်သူ ၅၀ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးနှံပြီးစီးဖို့ ကျွန်တော်ရည်မှန်းဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်အထိ အသက် ၁၈ နှစ်နှင့်အထက် ၅၁ ရာခိုင်နှုန်းကျော်နဲ့ ကျောင်းများ စဖွင့်နေပြီဖြစ်တဲ့အတွက်ကြောင့် အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား၊ ကျောင်းသူ ၈၇ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးထိုးနှံပြီးဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံအတိုင်းအတာနဲ့လည်း ကာကွယ်ဆေးကို ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း မိဘပြည်သူများကို အသိပေးလိုပါတယ်။ အောင်လည်း အောင်မြင်မှာပါ။ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ရင် ကျွန်တော်တို့ ၂၀၂၂ ခုနှစ်အတွင်း မျှော်မှန်းအုပ်စုကို ရာနှုန်းပြည့်ထိုးပေးနိုင်မှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံထားမယ်ဆိုပါက ရောဂါကူးစက်မှုကို အထိုက်အလျောက်ကာကွယ်နိုင်ပြီး ရောဂါကူးစက်ခံရပါကလည်း အတိုင်းအတာတစ်ခုအထိ သက်သာမှုရရှိစေနိုင်မှာဖြစ်ပါတယ်။ ကျန်းမာမှသာ မိမိတို့ရဲ့အနာဂတ်ကို ကိုယ်တိုင်ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတုအကြိုကာလဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ပြည့်စုံဖို့အရေးကြီးပါတယ်။

ဒါကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

၂၀၂၂ ခုနှစ်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်စည်ပင်သာယာဝပြောရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးတို့အတွက် အစိုးရအနေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်သလို ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။

"ညီညာမှ ပြည်သာမည်" စကားကို လက်ကိုင်ထားပြီး ကျွန်တော်တို့အားလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့ဟုတိုက်တွန်းရင်း တိုင်းရင်းသားမိဘပြည်သူအားလုံး နှစ်သစ်ကစလို့ ကောင်းကျိုးလိုရာဆန္ဒပြည့်ဝပါစေကြောင်း ထပ်မံဆုတောင်းပေးအပ်ပါတယ် ခင်ဗျာ။

■ ■ ■

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုအမှာစကား

## ( ၄ - ၁ - ၂၀၂၂ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီလ ၄ ရက်၊ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သဘင်ဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးရွှေကြိမ်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုး၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်းနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများ သွေးစည်းညီညွတ်စွာ စုပေါင်းနေထိုင်ကြသည့် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ယနေ့သည်

မိမိတို့မြန်မာ နိုင်ငံအတွက် မမေ့အပ်သည့် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ဖြစ်ပြီး လွတ်လပ်ရေးရရှိခဲ့သည်မှာ ယနေ့ဆိုပါက (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဖြင့် ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ကဏ္ဍအသီးသီးတွင် ထူးခြားထက်မြက်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့်စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးများကို အများနှင့်မတူအောင် ထူးခြားစွာစွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့်အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များကို ယခုကဲ့သို့ ထူးခြားလေးနက်သည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ထူးဆောင်ဘွဲ့များကို ဂုဏ်ပြုချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ကြောင်း။

**အစဉ်အလာကောင်းများရှိ**

ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်သည့် အစဉ်အလာကောင်းများရှိခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးနိုင်သော်လည်း ပြန်လည်ရရှိနိုင်ရေးအတွက် နှစ်ပေါင်း (၁၀၀)ကျော် မိမိတို့ဘိုးဘွားမိဘများ၏ အသက်၊ သွေး၊ ချွေး မြောက်များစွာစတေးပြီး အလွန်တရာ ခက်ခဲပင်ပန်းစွာ ကြိုးစားအားထုတ်ခဲ့ရခြင်းဖြစ်ကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်နှင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြသဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ထိုသို့ရယူခဲ့သည့်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၏ နှလုံးသည်းပွတ်ပမာဖြစ်ပါကြောင်း၊အမျိုးသားခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင်များ စွန့်လွှတ်စွန့်စားအားထုတ်ကြိုးပမ်းရယူခဲ့သည့် မြန်မာ့လွတ်လပ်ရေး အစဉ်ထာဝရတည်တံ့စေရန်အတွက် လွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သကဲ့သို့ လွတ်လပ်သည့်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ရမည့်တာဝန်သည်လည်း မိမိတို့မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်ဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင်
ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်
တံဆိပ်များ ပေးအပ်ချီးမြှင့်သည့်
အစဉ်အလာကောင်းများ ရှိခဲ့၊
နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးဆိုသည်မှာ
တစ်ခဏတာအတွင်း ဆုံးရှုံးနိုင်သော်လည်း
ပြန်လည်ရရှိနိုင်ရေးအတွက်
နှစ်ပေါင်း (၁၀၀)ကျော် မိမိတို့
ဘိုးဘွားမိဘများ၏ အသက်၊ သွေး၊ ချွေး
မြောက်များစွာစတေးပြီး အလွန်တရာ
ခက်ခဲပင်ပန်းစွာ ကြိုးစားအားထုတ်ခဲ့ရခြင်းဖြစ်၊
အမျိုးသားခေါင်းဆောင်ကြီး
ဗိုလ်ချုပ်အောင်ဆန်း၏
ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသား
အားလုံး ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်နှင့်
စည်းစည်းလုံးလုံးညီညီညွတ်ညွတ်
ကြိုးပမ်းခဲ့ကြသဖြင့်
လွတ်လပ်ရေးကို အရယူနိုင်ခဲ့။

## တက်ညီလက်ညီ ပူးပေါင်းပါဝင်ရေး

တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန်အတွက် ဘက်စုံ ထောင့်စုံက တည်ဆောက်သည့်နေရာတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို နိုင်ငံတော်အစိုးရက ဦးစီးဦးဆောင်တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သော်လည်း တိုင်းရင်းသားပြည်သူအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ရေးသည် အဓိကကျပါကြောင်း၊ ထိုသို့ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အများထက်ထူးကဲသာလွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည်ဟုပြောကြားလိုပါကြောင်း။

နိုင်ငံတော်အတွက် မိမိအသက်ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့်စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့သည့် ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန်အတွက် စိစစ်ရေးအဖွဲ့က ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် ၂၀၁၄ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီး ထောက်ခံတင်ပြချက်များအရ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပပြုလုပ်ပြီး ချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

ယခုနှစ်တွင် ၂၀၂၁ ခုနှစ်က ချီးမြှင့်ခဲ့သည့် သရေစည်သူဘွဲ့ရရှိသူ တစ်ဦး၊ စည်သူဘွဲ့ရရှိသူ (၁၀)ဦး၊ သူရဘွဲ့ရရှိသူ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ (၁၇)ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နှစ်ဦး၊ စုစုပေါင်း (၃၁) ဦးတို့ကို ဂုဏ်ယူစွာဖြင့် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

ယခုရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များသည် မိမိတို့၏ စိတ်နှလုံးနှင့်ဆိုင်သည့် စွမ်းရည်သတ္တိဟုခေါ်ဆိုရမည့် နှလုံးရည်၊ တိုက်ခိုက်နိုင်သည့် ကာယစွမ်းရည်ဟု သတ်မှတ်ရမည့် လက်ရုံးရည်တို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှုပ်ရှုပ်ချွံချွံသယ်ပိုး ထမ်းဆောင်နိုင်ခဲ့သည့် အောင်မြင်မှုများအတွက် ဂုဏ်ယူရမည့် မှတ်တမ်းပင်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသည့် ဘဝကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့၏ စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံရသည့် သင်္ကေတအမှတ်အသားတစ်ခုဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်းမပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ် မြေးဆက်၊ ဆွေစဉ်မျိုးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား လေးစားဂုဏ်ယူပါကြောင်းလည်း အလေးအနက် ပြောကြားလိုပါကြောင်း။

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့် အညီဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်ကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ သာယာဝပြောရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများ ပြကြပါရန် တိုက်တွန်းမှာကြားခဲ့သည်။

■ ■ ■

# တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင်ပြောကြားသည့်အမှာစကား

( ၄ - ၁ - ၂၀၂၂ )





တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီလ ၄ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့်အမွေခံများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်သည် နိုင်ငံသားတိုင်း၏ သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့သမိုင်းပေးတာဝန်များကို ရဲစွမ်းပြောင်မြောက်သည့် သူရသတ္တိများနှင့် မိမိတို့၏အသက်ခန္ဓာကိုစတေးခံပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုခဲ့ကြသည့် နိုင်ငံသားကောင်းများကို ယခုကဲ့သို့လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်လျက်ရှိခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့မျိုးဆက်သစ်လူငယ်များ၊မျိုးဆက်သစ်တပ်မတော်သားများအနေဖြင့်လည်း အားကျအတုယူစေရန်ပင်ဖြစ်ကြောင်း။

**မော်ကွန်းထိုးထားဆဲ**

တိုင်းပြည်တစ်ခုအတွက် ကိုယ်ပိုင်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆိုသည်မှာ အလွန်အရေးကြီး

သည့်အရာများပင်ဖြစ်ကြောင်း၊ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း အသက်ပေးခဲ့ကြသူများအတွင်း၌ မျိုးချစ်တိုင်းရင်းသားပြည်သူများသာမက ရဟန်းသံဃာများအထိ ပါဝင်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ နှစ်ပေါင်းများစွာကြာမြင့်ခဲ့သော်လည်း ၎င်းတို့၏အမည်များသည် "အာဇာနည်မျိုး သေရိုးမရှိ" ဟူသည့်အတိုင်း ယနေ့တိုင် မြန်မာ့သမိုင်းမှတ်တမ်းတွင် မော်ကွန်းထိုးထားဆဲဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ခေတ်သစ်မြန်မာ့တပ်မတော်သည် "ရဲသော်မသေ သေသော်ငရဲမလား" ခံယူချက်နှင့်အညီ အာဇာနည်ထုံးနှလုံးမူပြီး သူရဲကောင်းမြောက်မြားစွာကို မွေးထုတ်ပေးခဲ့ကြောင်း၊ ထိုကဲ့သို့ မျိုးချစ်သူရဲကောင်းများ၏ အမည်နာမများသည် မည်သည့်အခါမျှ တိမ်မြုပ်ပျောက်ကွယ်သွားမည်မဟုတ်ဘဲ ခေတ်အဆက်ဆက် အမိမြန်မာနိုင်ငံတော်ဆိုသည့် ပန်းဥယျာဉ်ကြီးအတွင်း၌ ထာဝရ သင်းပျံ့နေမည်ပင်ဖြစ်ကြောင်း။

**အမျိုးသားနိုင်ငံရေးတာဝန်**

အမိနိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ကောင်းမွန်စွာလုပ်ကိုင်စားသောက်လိုသူများပင်ဖြစ်ကြကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို လုံခြုံအောင်ကာကွယ်ပြီး ပြည်သူများ စိတ်အေးချမ်းသာစွာနေနိုင်ရေး စောင့်ရှောက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေခံမူများချမှတ်ပြီး ဆောင်ရွက်နေခြင်းသည် အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း။

> "အာဇာနည်မျိုး သေရိုးမရှိ" ဟူသည့်အတိုင်း ယနေ့တိုင် မြန်မာ့သမိုင်းမှတ်တမ်းတွင် မော်ကွန်းထိုးထားဆဲဖြစ်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ခေတ်သစ်မြန်မာ့တပ်မတော်သည် "ရဲသော်မသေ သေသော်ငရဲမလား" ခံယူချက်နှင့်အညီ အာဇာနည်ထုံးနှလုံးမူပြီး သူရဲကောင်းမြောက်မြားစွာကို မွေးထုတ်ပေးခဲ့၊ ထိုကဲ့သို့ မျိုးချစ်သူရဲကောင်းများ၏ အမည်နာမများသည် မည်သည့်အခါမျှ တိမ်မြုပ်ပျောက်ကွယ်သွားမည်မဟုတ်ဘဲ ခေတ်အဆက်ဆက် အမိမြန်မာနိုင်ငံတော်ဆိုသည့် ပန်းဥယျာဉ်ကြီးအတွင်း၌ ထာဝရ သင်းပျံ့နေမည်ပင်ဖြစ်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှ ဖြစ်ပေါ်လာခဲ့သည့် နိုင်ငံရေးမသမာမှုဖြစ်သော မဲမသမာမှုဖြစ်စဉ်များကြောင့် တပ်မတော်က (၂၀၀၈ ခုနှစ်)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ခေတ္တထိန်းသိမ်းပေးခဲ့ရသည်မှာ ယခုဆိုပါက တစ်နှစ်သက်တမ်းပြည့်မြောက်တော့မည်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး နိုင်ငံတော်ကို လမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အတွင်း၌ ချမှတ်ထားသည့် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်" ဟူသည့်အချက်သည် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးနှင့် ပတ်သက်လာပါက ငြိမ်းချမ်းရေးကို မည်မျှအလေးထားသည်ကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

**မှတ်တမ်းတင်ဂုဏ်ပြု**

အများသူငါလုပ်ဆောင်နိုင်ရန်ခဲယဉ်းသည့် တာဝန်များကို စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့သူများအတွက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို မင်္ဂလာတရားတော်နှင့်အညီ နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့အခါသမယတွင် ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက် အခက်အခဲကိုအမှုမထားဘဲ အသက်စွန့်လွှတ်မှု၊ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ ပြောင်မြောက်သည့်သူရသတ္တိများဖြင့်

ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ဆောင်ရွက်မှု၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်၊ ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ဓာတ်များဖြင့် တာဝန်ထမ်းဆောင်မှုတို့အတွက် အထူးပင်ဂုဏ်ယူမိသကဲ့သို့ ဆုတံဆိပ်များ ချီးမြှင့်ခြင်းမခံရသော်လည်း တက်ညီလက်ညီ စွမ်းဆောင်ခဲ့ကြသူများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားလိုကြောင်း။

**ချီးမြှင့်အပ်နှင်း**

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြုလုပ်ခဲ့သည့်အခမ်းအနား၌ သရေစည်သူဘွဲ့ရရှိသူ တစ်ဦး၊ စည်သူဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၇ ဦးတို့ကို ချီးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ခြောက်ဦး၊ သိပ္ပံပညာထူးချွန်တံဆိပ် (ပထမ)ဆင့်ရရှိသူ ရှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ နှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ နှစ်ဦး၊ စုစုပေါင်း ၁၈ ဦးတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၄၀ ဦးနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၈၂ ဦးတို့ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းမှူးများက တစ်ချိန်တည်းတစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

မျိုးဆက်သစ်များအနေဖြင့် ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရပျို့လာ "ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန်၊ နိုင်ငံ့ဝန်၌၊ ကုမ္ဘာန်ယက္ခ၊ နာဂခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊ ခွာ၍မတွန့်၊ အသက်စွန့်လေ့" ဟူသည့် စိတ်များဖြင့် အသက်ခန္ဓာနှင်းအပ်ကာ ရည်မှန်းချက်တာဝန်များကို မတွန့်မဆုတ်ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြသည့် ရဲဘော်ရဲဘက်များ၏ ယုံကြည်ချက်ခံယူချက်ကောင်းများကို အားကျအတုယူကာ နိုင်ငံတော်က အားကိုးရပြီး၊ ပြည်သူလူထုက လေးစားအားထားရသည့် မျိုးချစ်တပ်မတော်သားကောင်းဇာနည်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

■ ■ ■

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၃ - ၁ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား ဇန်နဝါရီလ ၁၃ ရက်၊ နံနက်ပိုင်းတွင် ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဒေါက်တာသူဇာထွန်း၊ ဦးဗွေ့လေး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေသဆိုင်ရာအချက်အလက်များ၊ ရေထွက်သယံဇာတများ ထုတ်လုပ်ရေးနှင့် မွေးမြူရေးဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ရေပေးဝေရေး စီမံကိန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရေချိုရေသန့် ဖူလုံစွာသုံးစွဲနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အပြည်ပြည်ဆိုင်ရာငါးလေလံဈေးနှင့် ရေထွက်ပစ္စည်းကုန်ချောထုတ်လုပ်မည့်စက်မှုဇုန်တည်ဆောက်ရန် လျာထားစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် ရေအားလျှပ်စစ်စီမံကိန်းများရှိ ဓာတ်အားပေးစက်ရုံများကို စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းပြီး လျှပ်စစ်ဓာတ်အားများကို ဖြန့်ဝေသုံးစွဲနိုင်မည့်အခြေအနေနှင့် လေအားလျှပ်စစ်စီမံကိန်းများဆောင်ရွက်နေမှုအခြေအနေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအချက်အလက်များ၊ ပန်းခင်းစီမံချက်ဖြင့် အသက်အရွယ်ပြည့်မီသူ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေးဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဒေါက်တာသူဇာထွန်း၊ ဦးဗွေ့လေးနှင့် ကျန်းမာရေးဝန်ကြီး

ဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတို့က သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားရာ၌ မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ ဘုတ်ပြင်းတို့တွင် လေကြောင်းလိုင်းများပြန်လည်ပြေးဆွဲခွင့်ပြုပေးထားသည့်အခြေအနေ၊ ရထားပို့ဆောင်ရေးတွင် ခရီးသည်များပိုမိုလိုက်ပါနိုင်စေရေးနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်စေရေးတို့အတွက်လမ်းကြောင်းသစ်များကိုသုတေသနပြုရွေးချယ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာလိုအပ်ချက်များအားအဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့် အခြေအနေ။

**ရှင်းလင်းပြောကြား**

တိုင်းဒေသကြီးအတွင်း မြေသယံဇာတများပေါကြွယ်ဝစွာရှိသည့်အတွက် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စက်မှုလယ်ယာလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍အောင်မြင်အောင်လုပ်ဆောင်နိုင်မည့်အခြေအနေ၊ ငါးသယံဇာတထုတ်ယူမှုတွင် သဘာဝအတိုင်း ထုတ်ယူခြင်းအပြင် ဈေးကွက်မှလက်ခံနိုင်သည့် သဘာဝအတိုင်းလှောင်၍မွေးမြူသည့်နည်းစနစ်ဖြင့် မွေးမြူထုတ်လုပ်နိုင်ရေး လုပ်ဆောင်နေသည့်အခြေအနေ၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးတက်ရေးအတွက် အသေးစား၊ အလတ်စားလုပ်ငန်းများလုပ်ဆောင်နိုင်ရေး နည်းပညာမျှဝေပေးခြင်းများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိသည့်အခြေအနေ၊ တိုင်းဒေသကြီးအတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေပြင်၊ ရေအောက်သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုအခြေအနေများကို ဆက်လက်ထိန်းသိမ်းရေးနှင့် အဏ္ဏဝါဂေဟစနစ်ပျက်ယွင်းမှုမရှိစေရေး နိုင်ငံတော် အဆင့်ဖြင့် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည့်အခြေအနေ။

တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားများကိုပေးဆောင်ရသည့် ဓာတ်အားခနှင့်ကိုက်ညီစွာ သုံးစွဲနိုင်ရေး၊ နိုင်ငံအဝန်းလျှပ်စစ်ဓာတ်အားများကို အပြည့်အဝဖြန့်ဖြူးနိုင်ရေးတို့အတွက် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မည့် စီမံကိန်းများကိုဆောင်ရွက်နေသည့်အခြေအနေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပန်းခင်းစီမံချက်ကို နိုင်ငံတော်စီမံချက်အဖြစ်ဆောင်ရွက်၍ အသက်အရွယ်ပြည့်မီသူ နိုင်ငံသားတိုင်းနိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေး အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်တို့တွင် ယခင်သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များအပြင် စီးပွားရေးဆိုင်ရာ ဘာသာရပ်နှင့် ဥပဒေဆိုင်ရာဘာသာရပ်များကိုပါ သင်ကြားပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဒေသနှင့်ကိုက်ညီသည့်ရေထွက်သယံဇာတထုတ်ယူခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် အဏ္ဏဝါသိပ္ပံဘာသာရပ်လေ့ကျင့်ရေးစခန်းတစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည့်အခြေအနေ။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုများကောင်းမွန်ရေးအတွက် လမ်းနှင့် တံတားများကိုအဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေနှင့် ကျေးလက်လမ်းတံတားများကို ဦးစားပေးအနေဖြင့်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရောဂါကူးစက်ဖြစ်ပေါ်ခဲ့မှုအခြေအနေနှင့် လက်ရှိအချိန်တွင် တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ရောဂါပိုးအတည်ပြုလူနာတွေ့ရှိမှုနှုန်းကို လျှော့ချနိုင်ခဲ့ပြီးဖြစ်သည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းဖြစ်ပေါ်မှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ် ဆေးထိုးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

**မဲမသမာမှုများ ဖြစ်ပေါ်ခဲ့**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ပြီးခဲ့သည့်ရွေးကောက်ပွဲကာလတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး နိုင်ငံရေးအပြောင်းအလဲများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ထိုကဲ့သို့မဲစာရင်းမှားယွင်း

မှုများကိုဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင်ပြောဆိုခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိခဲ့ကြောင်း။

တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာခဲ့ခြင်းပင်ဖြစ်သည့်အတွက် ပြည်သူတို့ လိုလားတောင့်တနေရသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေးဆောင်ရွက်ခဲ့ပြီး ယခင်တပ်မတော်အစိုးရလက်ထက် ဒီမိုကရေစီမကူးပြောင်းမီ ကာလများတွင် နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကိုလေ့လာပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ၂၀၀၈ ခုနှစ်တွင် မဲပေးပိုင်ခွင့်ရှိသူ၏ ၉၂.၁၈ ရာခိုင်နှုန်းကျော်ထောက်ခံမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အတည်ပြုခဲ့ပြီး ပြည်သူတို့လိုလားတောင့်တသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ကြောင်း၊ ဒီမိုကရေစီပထမသက်တမ်းကာလ သမ္မတဦးသိန်းစိန်ဦးဆောင်သည့်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးအကျပ်အတည်းများ၊ ပြင်ပနိုင်ငံများ၏ဖိအားပေးမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများအကြားခက်ခက်ခဲခဲဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

## ယုံကြည်မှုနည်းပါးလာ

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ NLD ပါတီအနိုင်ရရှိခဲ့ပြီး နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ရာတွင် မဲဆွယ်စည်းရုံးစဉ် ပြောကြားချက်များ၊ ကတိ၊ ကဝတ်များကိုအကောင်အထည်ဖော်ဆောင်မှုအားနည်းချက်နှင့် အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကြောင့်ပြည်သူလူထုအနေဖြင့်ရွေးကောက်တင်မြှောက်သည့် အစိုးရအပေါ်ယုံကြည်မှု နည်းပါးလာပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် NLD အစိုးရအနေဖြင့် ရွေးကောက်ပွဲအတွက် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ကြောင်း ရွေးကောက်ပွဲအကြိုကာလ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၏ ၁၄ ရာခိုင်နှုန်းခန့်သာ မဲပေးခဲ့ပြီး လူဦးရေ ၁၀၀ ဦးလျှင် ၁၄ ဦးခန့်သာ မဲပေးခဲ့သည်ကိုတွေ့ရှိကြောင်း၊ ထို့ကဲ့သို့ No Vote လှုပ်ရှားမှုများ ဖြစ်ပေါ်လာခြင်းဖြင့် တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်မဟုတ်ဘဲ ဆန္ဒမဲပေးသူများအနေဖြင့် မိမိတို့ဆန္ဒနှင့် ကိုက်ညီသည့် ရွေးကောက်ခံအစိုးရကို ရရှိနိုင်မည်မဟုတ်သဖြင့် မိမိအနေဖြင့် ရောက်သည့်နေရာတိုင်းတွင် ဆန္ဒမဲများပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း။

NLD အစိုးရအနေဖြင့် ရွေးကောက်ပွဲမတိုင်မီဖြစ်ပေါ်နေသည့် No Vote လှုပ်ရှားမှုများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲအတွေ့အကြုံများအရ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် အနိုင်ရရှိရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ပြီး ရွေးကောက်ပွဲမတိုင်မီ ပါတီများ၏ မဲဆွယ်စည်းရုံးရေးဆောင်ရွက်မှုများတွင်လည်း အမိန့်အမျိုးမျိုးထုတ်ပြန်ခဲ့ကြောင်း၊ ရွေးကောက်ပွဲရလဒ်များ ကြေညာသည့်အချိန်တွင် မဖြစ်နိုင်သည့် မသင်္ကာဖွယ်ရာ မဲရလဒ်များထွက်ပေါ်လာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတစ်ခုတည်းအတွင်း၌ပင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၃ သိန်း ၄ သောင်းကျော်ရှိခဲ့ပြီး ထိုအထဲတွင် အသက် ၁၀၀ နှစ်အထက် ၇၀၈ ဦးအထိ ပါဝင်နေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် တပ်မတော်မှ မဲစာရင်းများအား ကျွမ်းကျင်ကွန်ပျူတာပညာရှင်များဖြင့် စိစစ်ဆောင်ရွက်ခဲ့ရာတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းများတွေ့ရှိရပြီး သတင်းများထုတ်ပြန်ခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းများကြီးမားစွာကွဲလွဲနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူအဖွဲ့အစည်းအဆင့်ဆင့်သို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကိုအဓမ္မရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထိန်းသိမ်း ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

## ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်

မိမိတို့အနေဖြင့် နိုင်ငံတော်၏အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် နိုင်ငံတော်၏ တည်ဆဲဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အတိုင်းသာ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းရာတွင် တပ်ဘက်၊ အရပ်ဘက် မျှတအောင်

ဖွဲ့စည်းခဲ့ပြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့် အုပ်ချုပ်ရေးကောင်စီများဖွဲ့စည်းရာတွင် အရပ်သားများဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကိုသာ ဆက်လက်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၉ ရပ်ချမှတ်၍ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် ပါဝင်သည့် ပထမအချက်ဖြစ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့် ဆက်လက် လုပ်ဆောင်မည်ဆိုသည့်အတိုင်း မဲစာရင်းမှားယွင်းမှုများနှင့် ပတ်သက်၍ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

**အခက်အခဲမျိုးစုံကြားမှ**

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ရေးလုပ်ငန်းများသည် အလွန်အရေးကြီးပြီး မိမိတို့အနေဖြင့် တတိယလှိုင်းဖြစ်ပေါ်ခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အခက်အခဲမျိုးစုံကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိသည့်အတွက် ကျန်းမာရေးဝန်ထမ်းအခက်အခဲ၊ ကာကွယ်ကုသထိန်းချုပ်ရေးဆေးဝါးများ၊ ပစ္စည်းများ စသည့်အခက်အခဲပေါင်းစုံကြားမှ ကြံ့ကြံ့ခံဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးရရှိရေးအတွက် ယခင်အစိုးရလက်ထက်တွင် အိန္ဒိယမှ မှာယူထားခဲ့ပြီးဖြစ်သော်လည်း အိန္ဒိယနိုင်ငံတွင် ရောဂါဖြစ်ပွားမှုများ များပြားလာသည့်အတွက် ရောက်ရှိခဲ့ခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးရရှိရေးအတွက် နိုင်ငံပေါင်းစုံနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ရည်မှန်းဆောင်ရွက်ခဲ့သည့်အတိုင်း ဒီဇင်ဘာလကုန်တွင် ၅၀ ရာခိုင်နှုန်းကျော်အထိ ထိုးနှံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

> **ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ရေးလုပ်ငန်းများသည် အလွန်အရေးကြီးပြီး မိမိတို့အနေဖြင့် တတိယလှိုင်းဖြစ်ပေါ်ခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အခက်အခဲမျိုးစုံကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့၊ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိသည့်အတွက် ကျန်းမာရေးဝန်ထမ်းအခက်အခဲ၊ ကာကွယ်ကုသထိန်းချုပ်ရေးဆေးဝါးများ၊ ပစ္စည်းများစသည့် အခက်အခဲပေါင်းစုံကြားမှ ကြံ့ကြံ့ခံဆောင်ရွက်ခဲ့ရခြင်းဖြစ်။**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်ပြီး အခြေခံရှိသည့် တိုင်းပြည်ဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများကိုအရှိန်အဟုန်မပြတ်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန်၊ ဆက်သွယ်ရေးစနစ် လျင်မြန်ကောင်းမွန်ရန်၊ လျှပ်စစ်စွမ်းအားရရှိရန် လိုအပ်မည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး ကောင်းမွန်ရမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ယခုနှစ်သည် စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် စိန်ရတုအကြိုကာလဖြစ်ကြောင်း၊ ၇၅ နှစ်တာကြာခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ငြိမ်းချမ်းရေးရရှိရန်မှာ အရေးကြီးကြောင်း၊ နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ ဘာသာရေးအရ ပဋိပက္ခများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပြီး မိမိတို့လျှောက်လှမ်းနေသည့်ပါတီစုံလမ်းကြောင်းကိုလျှောက်လှမ်းရာတွင် တစ်ယောက်တစ်မျိုးဖြစ်နေ၍ ရမည်မဟုတ်ဘဲ နိုင်ငံသားတိုင်းတူညီသည့်အခွင့်အရေးရရှိရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်လည်း နိုင်ငံသားတစ်ဦးချင်း၏ ရပိုင်ခွင့်နှင့်ပတ်သက်၍ အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းခြင်းမရှိပါက မှန်ကန်မျှတသည့် ရွေးကောက်ပွဲဖြစ်နိုင်မည် မဟုတ်ဘဲ ငြိမ်းချမ်းရေးတွင် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ဥပဒေနှင့်အညီပါဝင်လာမှသာလျှင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေး

ရရှိရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုပြုလုပ်ဆောင်ရွက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA တွင် လက်မှတ်မထိုးရသေးသည့် အဖွဲ့အစည်းများပါဝင်လာနိုင်စေရေး အလွတ်သဘောဆွေးနွေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**တိုးတက်မှုဖြစ်ပေါ်လာအောင်**

လူတို့တွင် တိုးတက်ကြီးပွားလိုစိတ်ရှိပါက ရပ်နေ၍ရမည်မဟုတ်ဘဲ လုပ်ကိုင်ဆောင်ရွက်နေမှသာလျှင် တိုးတက်မှုများဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်း တိုးတက်မှုဖြစ်ပေါ်လာအောင်မလုပ်ဆောင်နိုင်ပါက ပြိုကျသွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ဆန်ဖူလုံမှု ၇၀ ရာခိုင်နှုန်းသာရှိပြီး လိုအပ်သည်များကို ပြင်ပမှဝယ်ယူနေရသည်ကို တွေ့ရှိရကြောင်း၊ စားကုန်၊ သုံးကုန်၊ သောက်ကုန်ပစ္စည်းများကို မိမိဒေသအတွင်း၌ ဖူလုံအောင်ဆောင်ရွက်နိုင်မည်၊ ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်းရှိ ငွေကြေးများ ပြင်ပသို့ရောက်ရှိတော့မည် မဟုတ်ဘဲ ဒေသတွင်း ငွေကြေးလည်ပတ်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကာ ဒေသခံများ၏ ချမ်းသာကြွယ်ဝမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ဆန်အထွက်နှုန်း တစ်ဧက တင်း ၇၀ ခန့်သာရှိသဖြင့် တင်း ၁၀၀ ထွက်အောင်ကြိုးစားဆောင်ရွက်ပြီး ဒေသတွင်းဆန်ဖူလုံမှု ရှိအောင် လုပ်ဆောင်ကြစေလိုကြောင်း။

မည်သည့် စိုက်ပျိုးရေးကို လုပ်ဆောင်သည်ဖြစ်စေ မျိုး၊ မြေ၊ ရေ၊ နည်းကောင်းမွန်ပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မျိုးကောင်းရမည်၊ မြေကိုစနစ်တကျ ပြုပြင်ရမည်၊ သဘာဝမြေသြဇာများကို ထုတ်လုပ်၍ နည်းစနစ်တကျသုံးစွဲနိုင်ရမည်၊ အထွက်နှုန်းကောင်းမွန်မည့် မှန်ကန်သည့် စိုက်နည်းစနစ်များကို အသုံးပြုရမည်ဖြစ်ပြီး မွေးမြူရေးဆောင်ရွက်သည်ဖြစ်စေ၊ စိုက်ပျိုးရေးဖြစ်စေ အဓိက လိုအပ်ချက်တစ်ခုဖြစ်သည့် ကောင်းမွန်သည့် ရေအရင်းအမြစ်များ ရရှိအောင်လည်း ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ရေထွက်လုပ်ငန်းနှင့်ပတ်သက်၍ အဓိကထားဆောင်ရွက်ကြသည်ဖြစ်သော်လည်း အခြား ကြက်၊ ဝက်၊ အမဲ၊ ဆိတ် မွေးမြူရေးလုပ်ငန်းများကိုလည်း နည်းလမ်းစနစ်တကျဖြင့်ဆောင်ရွက်မည်ဆိုပါက ဒေသစီးပွားရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖူလုံရေးကို ဦးစားပေးဆောင်ရွက်ပြီး ထိုမှတစ်ဆင့်အေးခဲအသားငါးနှင့် အသားခြောက်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ဆောင်ရွက်နိုင်ရေး ဈေးကွက်ရှာဆောင်ရွက်ကြစေလိုကြောင်း၊ တင်ပို့နိုင်ရေးအတွက်လည်း ရေကြောင်းလမ်းများ၊ လေကြောင်းလမ်းများစသည့် ကောင်းမွန်သည့် အခွင့်အရေးများရှိပြီးဖြစ်သဖြင့် အောင်မြင်အောင် လုပ်ဆောင်ကြစေလိုကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အာဆီယံတွင် အနိမ့်ဆုံးဖြစ်ပြီး ၆၇ နှစ်သာရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြားနိုင်ငံများနည်းတူ မျှော်မှန်းသက်တမ်းတိုးမြင့်လာစေရေး အာဟာရပြည့်ဝစွာစားသောက်ရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် နေထိုင်သွားလာလှုပ်ရှားမှုများရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆန်ကိုဗဟိုပြု၍ အခြားသားငါးသီးနှံတို့ကို စားသောက်ခြင်းဖြစ်သည့်အတွက် အာဟာရပြည့်ဝအောင် စားသောက်ကြရမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ငါးမျိုးစုံကိုရွေးချယ်စားသုံးနိုင်ပြီး အခြား အသားငါး၊ ဟင်းသီးဟင်းရွက်များလည်း ပြည့်စုံစွာရရှိနိုင်ပြီးဖြစ်သဖြင့် ပြည့်ပြည့်ဝဝစားသုံးကာ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြစေလိုကြောင်း။

**ပညာရေးကို အားပေးကြရန်လို**

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကျောင်းနေသူ ရာခိုင်နှုန်းနှင့် စာတတ်မြောက်သူ ရာခိုင်နှုန်းနည်းပါးလျက်ရှိသဖြင့် ပညာရေးကိုအားပေးကြရန်လိုအပ်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာရှင်များပေါ်ထွက်လာမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ မျိုးဆက်သစ်လူငယ်လူရွယ်များကို ကောင်းမွန်သည့်စာပေပညာအမွေအနှစ်များ သင်ကြားပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အခြေခံပညာများ၊ တက္ကသိုလ်ပညာများ သင်ကြားပေးနေခြင်းသည် မိမိတို့တစ်ဦးချင်းစီ၏ ရှေ့ဆက်ရမည့်ဘဝခရီးတွင် မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်ဖြစ်

သည့်အတွက် အခွင့်အရေးကိုရရှိအောင်ယူကြစေလို ကြောင်း၊ အစိုးရကောင်းစေလိုခြင်းမဟုတ်ကြောင်း၊ စစ်တမ်းများအရ ၂၀၁၇-၂၀၁၈ ခုနှစ် ပညာ သင်နှစ်တွင် ကျောင်းစတင်တက်ရောက်သူဦးရေ ၁ ဒသမ ၅ သန်းရှိပြီး တက္ကသိုလ်ဝင်တန်းသို့ရောက်ရှိခဲ့သူ ၂ သိန်း ၇ သောင်းကျော်ခန့်သာရှိခဲ့သဖြင့် ကျောင်းစတင်တက်ရောက်ခဲ့သူများအနက် ၉၀ ရာခိုင်နှုန်းသည် တက္ကသိုလ်ဝင်တန်းအောက် ပညာအရည်အချင်း၌သာရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ပညာရည်အဆင့်အတန်းမြင့်မားစေရေးအတွက် ပညာရေးကိုအားပေးဆောင်ရွက်ကြရန်လိုပြီး အမှန်တကယ်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း။

**ဖိတ်ခေါ်ဆောင်ရွက်ကြစေလို**

စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင်လုပ်ဆောင်ကြစေလိုပြီး သယံဇာတပေါကြွယ်ဝမှုနှင့် နေရာအချက်အခြာကျမှုကို အခြေခံ၍ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ပေးရန်လိုကြောင်း၊ ဒေသတွင်း လျှပ်စစ်ဖူလုံရေး အစိုးရမှလုပ်ဆောင်ပေးမည်ဖြစ်သော်လည်း လျှပ်စစ်ဓာတ်အားခသက်သာစေသည့် LED မီးအမျိုးအစားများကိုသုံးစွဲခြင်းဖြင့်လည်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကိုသက်သာအောင် တစ်ဖက်တစ်လမ်းက လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်၊ ထုတ်ကုန်များအား သက်သာသောဈေးနှုန်းများဖြင့် ပြင်ပသို့ တင်ပို့နိုင်ရေးနှင့် ခရီးသွားပြည်သူတို့ လမ်းကြောင်းတစ်လျှောက် စိတ်အေးချမ်းသာစွာဖြင့် ရှုခင်းများကြည့်ရှု၍ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေး မော်လမြိုင်-ထားဝယ်-ရေးပင်လယ်ကမ်းခြေမီးရထားလမ်းကြောင်းနှင့် ရန်ကုန်-မော်လမြိုင်-မြိတ်-ထားဝယ် ကမ်းခြေရေလမ်းကြောင်း ခရီးစဉ်များ ပြေးဆွဲနိုင်ရေးအတွက်လည်း စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျောက်မီးသွေး၊ သံရိုင်း၊ ထုံးကျောက်နှင့် သဲသယံဇာတများ များစွာရှိသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သံမဏိလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်းနှင့် ဖန်ချက်လုပ်ငန်းများလုပ်ဆောင်ရန်စိတ်ဝင်စားမှုရှိပါက လုပ်ဆောင်နိုင်ရေးမည်သူမဆိုဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်ကြစေလိုကြောင်း။

အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းနှင့်ပြည်နယ်အသီးသီးတွင် အားကစားကွင်းများ၊ အားကစားရုံများနှင့်အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသခံများ၏ အားကစားမြှင့်တင်ခြင်းကို ဆောင်ရွက်ပြီး မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်မှတစ်ဆင့် နိုင်ငံအဆင့်အထိ အားကစားကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်ပြီး နဂိုရှိရင်းစွဲ သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်အတွက် အနာဂတ်မျှော်မှန်းချက်များစွာရှိသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ပညာရေးကို အားပေးကြစေလိုပြီး စနစ်ကျနသည့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ထိန်းသိမ်းကြပ်မတ်မှု၊ ဒေသခံပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုအောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

■ ■ ■

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မောရဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုများကို တွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၃ - ၁ - ၂၀၂၂ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီလ ၁၃ ရက် ညနေပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မောရဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုများအား သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

## လေ့ကျင့်ဆောင်ရွက်နေကြရမည်

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရန်ဖြစ်ပြီး စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်တို့ အစဉ်ထက်မြက်နေအောင် လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ စစ်စည်းကမ်းကောင်းမွန်မှုသည် တပ်မတော်၏အစဉ်အလာကောင်းတစ်ခုပင် ဖြစ်သည့်အတွက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားအားလုံးသည် မိမိတို့၏သဘောဆန္ဒအလျောက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်တွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်ကို ချစ်သည့်စိတ်ဖြင့် မိမိကိုယ်ကို စစ်သားကောင်းတစ်ယောက်ပီသအောင် တည်ဆောက်ရမည်ဖြစ်ပြီး မိမိတပ်ဖွဲ့၊ မိမိတပ်ရင်း၊ မိမိတပ်မတော်နှင့် နိုင်ငံချစ်စိတ်များကို တည်ဆောက်ကြရန်လိုကြောင်း၊ တပ်မတော်သားများဖြစ်သည့်အတွက် မိမိအားတာဝန်ပေးအပ်လာပါက မည်သည့်နေရာဒေသဖြစ်စေ သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ပေးအပ်လာသည့်အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်သားတစ်ဦးချင်းအနေဖြင့် စစ်သားကောင်းပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်ကြောင်း။

## ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲ

တပ်နေပျော်ရေးအတွက် သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်မှဆောင်ရွက်ပေးထားပြီး၊ သက်ဆိုင်ရာတပ်ဌာနချုပ်များအလိုက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း ပျော်ပါးစားသောက်မှု

ကို ထိန်းသိမ်းခြင်းအားဖြင့် မလိုအပ်သော ငွေဖြုန်းတီးမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့်ထွက်ငွေကို မျှတအောင်သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တပ်ဌာနချုပ်မှ စီမံဆောင်ရွက်သည့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြရန်လိုသကဲ့သို့ မိမိတို့တစ်ဦးချင်းအလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်ရသူများအနေဖြင့်လည်း မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်မိသားစုများ၏ ရပိုင်ခွင့်နှင့်သက်သာချောင်ချိရေးကို နည်းလမ်းတကျမှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်နှင့်မိဘသဖွယ်စိတ်ဓာတ်ထားရှိရမည်ဖြစ်ကြောင်း၊ ထိုနည်းတူ လက်အောက်ငယ်သားများအနေဖြင့်လည်း ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ၍ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းဖြင့်နေထိုင်ကြရန်လိုကြောင်း၊ မိမိဘဝတက်လမ်းကို ထိခိုက်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးတို့ကို ရှောင်ကြဉ်ကြရန်လိုပြီး မိမိဝင်ငွေနှင့် ထွက်ငွေမျှတအောင် စည်းစနစ်ကျစွာဖြင့် သုံးစွဲကြရမည်ဖြစ်ကာ အသိတရား၊ သတိတရားလက်ကိုင်ထား၍ မိမိဘဝတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး**

ပညာရည်သင်ကြားရေးနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင် စာပေဖတ်ရှုရန်လိုအပ်သကဲ့သို့ မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက်လည်း တပ်မတော်မှ ငွေကြေးများ ကုန်ကျခံ၍ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရာဒေသများတွင် မိမိတို့၏ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်မှသာ မိမိတို့၏ သားသမီးများအား ပညာအမွေများပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူတပ်နှင့်ပြည်သူတစ်သားတည်းရှိနေစေရန်အတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများအား လက်တွေ့ကျကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း ဖြင့်မှာကြားသည်။

■ ■ ■

# ကမြောကင်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၄ - ၁ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဒေါက်တာညွန့်ဖေ၊ ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇန်နဝါရီလ ၁၄ ရက်၊ နံနက်ပိုင်းတွင် ကမြောကင်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ လေညာ-ရတနာပုံလမ်း၊ ထားဝယ်(SEZ)-မေတ္တာ-ထီးခီးလမ်း၊ ထားဝယ်မြို့ရှောင်လမ်း၊ ထုံခါ -သဲဖြူ-မောတောင်လမ်းများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ထားဝယ်-ကမြောကင်း-လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတား အသစ်တည်ဆောက်နေမှုနှင့် ဘဏ္ဍာရေးနှစ်အလိုက်ပြီးစီးမှုအခြေအနေ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲပေ (၁၈၀) အထက်တံတားများ တည်ဆောက်နေမှုအခြေအနေများ၊ ကျေးလက်လမ်းများအားရာသီမရွေးသွားနိုင်သောလမ်းများဖြစ်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

**လမ်းများရေရှည်ကောင်းမွန်စေရေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိုးများသည့်ဒေသဖြစ်သဖြင့် လမ်းများရေရှည်ကောင်းမွန်စေရေး မြေပြုပြင်ခြင်းများ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများပျက်ဆီးမှုသည် အဓိကမှာရေကြောင့်ဖြစ်ကြောင်း၊ ရေဆင်းရန်နှင့် ရေထွက်ရန်လိုကြောင်း၊ လမ်းပေါ်သစ်ကိုင်းများရောက်ပြီး မိုးရေကျမှုများလည်း အနည်းဆုံးဖြစ်ရန်လိုကြောင်း၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းပခုံးများ သတ်မှတ်ချက်များအတိုင်းရှိစေရန်နှင့် လမ်းနယ်များအား စနစ်တကျဖြင့်သတ်မှတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မော်တော်ဆိုင်ကယ်အစီးရေ ၆ သန်းခန့်ရှိသဖြင့် လမ်းများဖောက်လုပ်ရာတွင် ဆိုင်ကယ်သွားရန်အတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန်လိုကြောင်း၊ မြို့ရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့တွင်းနှင့်ရွာတွင်းလမ်းများ

တည်ဆောက်ရာတွင် သတ်မှတ်ချက်များနှင့်ကိုက်ညီစေရန်အတွက် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများပေါ်တွင် မော်တော်ယာဉ်များ မောင်းနှင်ရာ၌ ယာဉ်မတော်တဆမှုများမဖြစ်ပွားစေရေး အမြန်နှုန်းသတ်မှတ်ချက်များထားရှိရန်နှင့် လမ်းအကွေ့နေရာများတွင် Guard Post များထည့်သွင်းတည်ဆောက်ရန်လိုကြောင်း၊ တံတားများတည်ဆောက်ရာတွင် ခံနိုင်ဝန်ရှိရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျဖြင့် တည်ဆောက်ရန်လိုကြောင်း၊ ကျေးလက်လမ်းများတည်ဆောက်ရာတွင် ရာသီဥတုကြောင့် ပျက်စီးမှုမရှိစေရေးစနစ်တကျဖြင့် တည်ဆောက်ရန်လိုပြီး ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ကျေးလက်လမ်းများ ကောင်းမွန်မှုရှိနေရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ထားဝယ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

## ( ၁၄ - ၁ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဒေါက်တာညွန့်ဖေ၊ ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်တို့ လိုက်ပါ၍ ဇန်နဝါရီလ ၁၄ ရက် နံနက်ပိုင်းတွင် ထားဝယ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် တက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်သမိုင်းအကျဉ်းနှင့် ပညာရေးဝန်ထမ်းများ ခန့်အပ်ထားရှိမှုအခြေအနေ၊ ၂၀၁၉-၂၀၂၀ ခုနှစ် ပညာသင်နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်တက်ရောက်မှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ၊ ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တက္ကသိုလ်အတွင်း မိုးလုံလေလုံအားကစားရုံတစ်ခု၊ ရေသိုလှောင်ကန်တစ်ခုတို့အပါအဝင် လိုအပ်သည့်အဆောက်အဦများဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေက ထားဝယ်တက္ကသိုလ်မှ ပညာသင်နှစ်အလိုက်ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်ခဲ့မှုအခြေအနေ၊ တက္ကသိုလ်တွင် အမှန်တကယ်လိုအပ်သည့်သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်စေရေးဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်ချက်များကိုတင်ပြသည်။

### ရွှေရတုအတွက် ကြိုတင်ပြင်ဆင်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထားဝယ်တက္ကသိုလ်သည် ၁၉၇၇ ခုနှစ်တွင် ဒေသကောလိပ်အဆင့်မှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ပြီး လာမည့် ၂၀၂၇ ခုနှစ်တွင် တက္ကသိုလ်ရွှေရတုနှစ်သို့တိုင် ရောက်ရှိတော့မည်ဖြစ်သဖြင့် ရွှေရတုအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ တက္ကသိုလ်ဆိုသည်မှာ စာပေပညာသင်ကြား

ခြင်း သီးသန့်မဟုတ်ဘဲ အတတ်ပညာများကို သင်ကြားပေးခြင်း၊ လေ့လာသင်ယူစေခြင်းတို့ပင်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာသင်ကြားခဲ့ရချိန်တွင် အသက်အရွယ်တန်းတူ ဖြတ်သန်းခဲ့ရပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း စသည်ဖြင့် ပတ်ဝန်းကျင်ပြောင်းလဲမှုအလိုက် လေ့လာသင်ယူခဲ့ရကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပတ်ဝန်းကျင်အသစ်ကို ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သဖြင့် တက္ကသိုလ်များသည် ပတ်ဝန်းကျင်ကောင်း၊ အတွေ့အကြုံကောင်းများရရှိပြီး ၎င်းတို့၏ ဘဝတစ်လျှောက်ဖြတ်သန်းမှုတွင် လက်တွေ့အသုံးချနိုင်မည့် အသုံးဝင်နိုင်မည့် စာပေပညာ၊ လူမှုဆက်ဆံရေးပညာတို့ကို ရရှိသွားရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများဖြင့် ပြည့်စုံသည့် ပညာတတ်လူသားအရင်းအမြစ်များ များစွာမွေးထုတ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံပညာသင်ကြားသည့်အသက်အရွယ်မှစ၍ နှစ်စဉ်တန်းစဉ် ကူးပြောင်းမှုရာခိုင်နှုန်းကို မြင့်မားလာအောင် လုပ်ဆောင်ပြီး အမှန်တကယ်တတ်မြောက်မှုရှိအောင် သင်ကြားပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းများ နည်းပါးလာသည့်အခြေအနေကိုစိစစ်ခဲ့ရာတွင် တန်းစဉ် ကူးပြောင်းမှုများ၌ အမှန်တကယ်တတ်မြောက်မှုမရှိခဲ့ခြင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်းများနှင့် အထက်တန်းအဆင့် စာမေးပွဲမေးခွန်းတို့တွင် ခက်ခဲမှုကွာဟချက်မြင့်မားနိုင်ခြင်းတို့ကြောင့် ဖြစ်နိုင်သည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် တန်းစဉ်ကူးပြောင်းမှုများတွင် အမှန်တကယ် တတ်မြောက်မှုရှိအောင် သင်ကြားပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ စစ်တမ်းကောက်ယူချက်များအရ မိမိတို့နိုင်ငံတွင် စာမတတ်မြောက်သူ ဦးရေ ၁၀ သန်းကျော်ခန့်ရှိသည်ကို တွက်ချက်တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးမှန်သမျှ ကျောင်းတက်ရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် စာပေပညာတတ်မြောက်မှုရှိအောင် သင်ကြားပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကျောင်းများ၊ တက္ကသိုလ်များကိုဖွင့်လှစ်၍ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်မှဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် ကျောင်းတက်ရောက်၍ စာပေပညာများ သင်ယူရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ရပ်တည်နိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကပူးပေါင်းပါဝင်၍ ပညာရေးကို အားပေးဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်**
**အသိပညာ၊ အတတ်ပညာများဖြင့် ပြည့်စုံသည့်**
**ပညာတတ်လူသားအရင်းအမြစ်များ**
**များစွာမွေးထုတ်ပေးရန် လိုအပ်မည်ဖြစ်၊**
**အခြေခံပညာသင်ကြားသည့် အသက်အရွယ်**
**မှစ၍ နှစ်စဉ်တန်းစဉ် ကူးပြောင်းမှုရာခိုင်နှုန်းကို**
**မြင့်မားလာအောင် လုပ်ဆောင်ပြီး**
**အမှန်တကယ် တတ်မြောက်မှုရှိအောင်**
**သင်ကြားပေးရန် လိုအပ်မည်ဖြစ်။**

တက္ကသိုလ်တွင် ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို စာပေပညာ၊ အတတ်ပညာတို့တွင် စိတ်ပါဝင်စားမှုရှိရန်၊ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ အလွတ်ကျက်ပညာရေးသဘောမျိုးမဟုတ်ဘဲ သင်ယူလေ့လာခြင်း Study စနစ်ဖြင့် သင်ကြားမှုစနစ်ဖြစ်ရန်လိုပြီး ဆရာနှင့်ကျောင်းသား အပြန်အလှန် မေးမြန်းဆွေးနွေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ စာပေဘာသာပညာရပ်များကို လေ့လာဖတ်ရှုမှတ်သားခြင်းတို့ လုပ်ဆောင်စေရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ၊ စိတ်ကြည်နူးချမ်းသာမှုရှိစွာဖြင့် ပညာသင်ယူနိုင်ရေးအတွက်လည်း ကျောင်းပရိဝုဏ်အတွင်းမှ သန့်ရှင်းသာယာလှပရေးနှင့် အပန်းဖြေရိပ်သာအပါအဝင် နေချင့်စဖွယ်ပတ်ဝန်းကျင်ဖြစ်အောင် ဖန်တီးပေးထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်တွင်လိုအပ်သည့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ လောင်းလုံး၊ သရက်ချောင်းနှင့် အခြား

အလှမ်းကွာဝေးသည့်ဒေသများမှ လာရောက်ပညာသင်ကြားသူများအတွက်နေထိုင်စားသောက်မှုအဆင်ပြေအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊သဘာဝဘေးအန္တရာယ်နှင့် အခြားအရေးပေါ်အခြေအနေများအတွက်လည်း ကြိုတင်မျှော်မှန်းပြင်ဆင်ဆောင်ရွက်ပေးထားရန် လိုအပ်မည် ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

**ဥပဒေနှင့်စီးပွားရေးအတတ်ပညာ**

ထို့ပြင်ကျောင်းသား၊ ကျောင်းသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေသည့်အတွက် ဥပဒေနှင့် စီးပွားရေးအတတ်ပညာကို နိုင်ငံနှင့်အဝန်း သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်တိုင်းတွင် ယခင်သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များအပြင် စီးပွားရေးဆိုင်ရာဘာသာရပ်နှင့် ဥပဒေဆိုင်ရာဘာသာရပ်များကိုပါ သင်ကြားပေးနိုင်ရေး လုပ်ဆောင်စေလျက်ရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ Ph.D ဘွဲ့အထိ သင်ကြားပေးအပ်နိုင်သည့် တက္ကသိုလ်တစ်ခုစီရှိစေရေး၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။ မိမိတို့ တာဝန်ကျရာဒေသ၏ ပညာရည်အဆင့်အတန်းမြင့်မားစေရေးအတွက် သင်ကြားရေးတာဝန်များကို လာရောက်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများအားလုံးကို အသိအမှတ်ပြုပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးမြှင့်တင်မှုကဏ္ဍအတွက် လိုအပ်သည်မှန်သမျှကို ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မှာကြားသည်။

■ ■ ■

# ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား

## ( ၁၄ - ၁ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီလ ၁၄ ရက်၊ ညနေပိုင်းတွင် ဘုတ်ပြင်းမြို့ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စီစစ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးခိုင်ထူး၊ ယုဇနဆီအုန်း စိုက်ပျိုးရေးကုမ္ပဏီမှ ဦးအန်းဘန်တို့က တောင်ဒဂုံဆီအုန်း စိုက်ပျိုးရေးစီမံကိန်းနှင့်ပတ်သက်၍ စီမံကိန်းစတင်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ စိုက်ပျိုးရန်ကျန်ရှိသည့်နေရာများတွင် ဆက်လက်စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်သို့အခွန်ငွေများပေးသွင်းမှု အခြေအနေများ၊ ကုမ္ပဏီဖွဲ့စည်းမှုနှင့် ဝန်ထမ်းများခန့်အပ်ထားရှိမှုအခြေအနေ၊ မျိုးများအားအဆင့်ဆင့်ပျိုးထောင်စိုက်ပျိုးမှုအခြေအနေ၊ ဆီသီးများအား အရည်အသွေးစစ်ဆေးခြင်းနှင့် အရည်အသွေးကိုက်ညီသည့် ဆီများထုတ်လုပ်နိုင်ရေး အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ထုတ်လုပ်သည့်ဆီကြမ်းများအား ရန်ကုန်

မြို့ရှိ ဆီချောထုတ်လုပ်ရေးစက်ရုံသို့ ပို့ဆောင်လျက်ရှိမှု အခြေအနေ၊ ဆီအုန်းကိုအခြေခံ၍ စားသုံးဆီများနှင့် ဆပ်ပြာများ ထုတ်လုပ်နေမှုအခြေအနေ၊ ဆီသီးခိုင်များ ထွက်ရှိမှုနှင့် ဆီကြမ်းနှင့် ဆီချော (စားအုန်းဆီ)များ ထုတ်လုပ်နိုင်မှုအခြေအနေများ၊ ဝန်ထမ်းများသက်သာ ချောင်ချိရေးနှင့် ကျန်းမာရေး၊ ပညာရေးအတွက်လည်း ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများစိုက်ပျိုး ဆောင်ရွက်လျက်ရှိမှုနှင့် ယခုထက်ပိုမို စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြ သည်။

## အမြန်ဆုံးစိစစ်တင်ပြ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည် များ ပြန်လည်မေးမြန်းဆွေးနွေးပြီး စိုက်ပျိုးမြေများတွင် အမှန်တကယ်စိုက်ပျိုးခြင်းမရှိခြင်းကြောင့် အမှန်တကယ် စိုက်ပျိုးဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များနှင့် နိုင်ငံတော် အတွက် များစွာနစ်နာမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမြေများကို အမှန်တကယ်အသုံးချ ခြင်း ရှိ/မရှိကို မြေယာမူဝါဒ၊ မြေယာဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ဆုံးစိစစ်တင်ပြဆောင် ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဆီအုန်းစိုက်ပျိုးရေး အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တာဝန်ယူဆောင်ရွက် ခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက်တွင် ဧရာဝတီတိုင်းဒေသကြီးအား နိုင်ငံတော်၏ ဆန်အိုးကြီးအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းသည့် တနင်္သာရီတိုင်းဒေသကြီး ကိုလည်း ဆီအိုးကြီးအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ တွင်လည်း ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုမှ စားသုံးဆီများရရှိသကဲ့သို့ အခြားထုတ်ကုန်များကိုလည်း ထုတ်လုပ်လျက်ရှိကြောင်း၊ လက်ရှိစိုက်ပျိုးနေသည့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင် များအနေဖြင့်လည်း စိုက်ပျိုးမြေများတွင် အမှန်တကယ် စိုက်ပျိုးရန်နှင့် ဆီအုန်းများအား စားသုံးဆီထုတ်လုပ် နိုင်ရေး သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက် ရန်လိုကြောင်း။

ဆီအုန်းများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ မြေကောင်းမွန်ရန်နှင့် ရေလုံလောက်စွာရရှိ ရန်ဆောင်ရွက်ပြီး စိုက်နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုး နိုင်မည်ဆိုပါက အထွက်နှုန်းများပိုမိုကောင်းမွန်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများအား အခြားနည်းများဖြင့် အသုံးမပြုစေရေး တာဝန်ရှိသူများက ဥပဒေနှင့်အညီ စိစစ် ဆောင်ရွက်ရန်လိုကြောင်း၊ သက်တမ်းကုန်ဆုံးတော့မည့် အပင်များပြန်လည်ဖြည့်စွက်စိုက်ပျိုးရာတွင် လစ်ဟာမှု မရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီး အပိုင်းလိုက် ခွဲ၍ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးပင်များ ကုန်ကြမ်းများ ထုတ်လုပ်နိုင်မှုကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုမှာ တစ်ဦးချင်း အနေဖြင့် မြင့်မားပြီး စားအုန်းဆီများအား ပြည်ပမှနှစ်စဉ် ဆီတန်ချိန်များစွာတင်သွင်းခဲ့ရကာ ၂၀၂၀- ၂၀၂၁ ခုနှစ် တွင် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ဖိုးခန့် တင် သွင်းခဲ့ရသဖြင့် နိုင်ငံတော်မှ ငွေကြေးများစွာသုံးစွဲခဲ့ရ ကြောင်း။

## နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်မည်

ပညာရှင်များ၏ တွက်ချက်မှုအရ ကျန်းမာရေးအတွက် လူတစ်ဦး၏ တစ်ရက်ဆီလိုအပ်ချက်သည် ၁ ဒသမ ၅၈ ကျပ်သားဖြစ်၍ တစ်နှစ်လျှင် ခြောက်ပိဿာခန့်သာ စား သုံးသင့်ပြီးတစ်ဖက်မှ ဆီစားသုံးမှုလျှော့ချသကဲ့သို့ တစ်ဖက်တွင် ဆီအထွက်နှုန်းတိုးစေရန်အတွက် စိုက်ပျိုး ထုတ်လုပ် ခြင်းဖြင့် ကိုယ်စီကျန်းမာသောဘဝကို ပိုင်ဆိုင် ကာ နိုင်ငံအတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချ နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ စားသုံးဆီများတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ယခုစားသုံးဆီ ထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ အနေဖြင့် ယခုထက်ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ စိုက်ကေ များအား မှန်မှန်ကန်ကန် စနစ်တကျဖြင့်စိုက်ပျိုး၍ အထွက်နှုန်းတိုးမြင့်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအား ပြုပြင်ပြောင်းလဲရန်လို ကြောင်း၊ နိုင်ငံအတွက် နစ်နာမှုများစွာဖြစ်ပေါ်လျက်ရှိ သဖြင့် အားလုံးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကော့သောင်းဒေသနှင့် ဘုတ်ပြင်းဒေသများတွင် ဆီအုန်း များရာနှုန်းပြည့်စိုက်ပျိုးကြရန်လိုကြောင်းဖြင့် မှာကြား သည်။

■ ■ ■

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၄ - ၁ - ၂၀၂၂ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ဇန်နဝါရီလ ၁၄ ရက်၊ ညနေပိုင်း တွင် ဘုတ်ပြင်းတပ်နယ်မှ အရာရှိ စစ်သည်မိသားစုဝင်များ အား သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

## အမြဲလေ့ကျင့်ဆောင်ရွက်နေကြရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်သားများ၊ တပ်ရင်းတပ်ဖွဲ့များဖြစ်စေရေး အမြဲလေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ အမိန့်နာခံတတ်မှုသည် စစ်သားကောင်းတစ်ယောက်ဖြစ်ရန်အတွက် အခြေခံကောင်းတစ်ခုပင်ဖြစ်ပြီး စစ်သည်တိုင်းတစ်ဦးချင်းလိုက်နာရမည့် ကျင့်ဝတ်အပါး ၆၀ ကို မှန်မှန်ကန်ကန်ဖြင့် လိုက်နာဆောင်ရွက်မည်ဆိုပါက စွမ်းရည်သုံးရပ်ပြည့်စုံသည့် စစ်သားကောင်းတစ်ယောက် ဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရသူများဖြစ်သည့်အတွက် စစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ထိခိုက်မှုများရှိနိုင်မည်ဖြစ်သောကြောင့် မိမိတို့တစ်ဦးချင်း၏ ဘေးအန္တရာယ်ကင်းရှင်းစေရေး သင်တန်းကျောင်းများမှ သင်ကြားပေးလိုက်သည့် စစ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာအသုံးချရန်နှင့် ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာအကောင်အထည်ဖော်နိုင်ရမည်ဖြစ်ကြောင်း။

စစ်စည်းကမ်းသည် တိုက်တွန်းချက်နှင့် တားမြစ်ချက်များပင်ဖြစ်ပြီး မဖြစ်သင့်သည်များကို မဖြစ်စေရန်၊ စည်းကမ်းကျနပြီး စစ်သားပီသသည့် နေထိုင်သွားလာလှုပ်ရှားမှုမျိုးဖြစ်စေရန် ချမှတ်ထုတ်ပြန်ထားသည့်စည်းမျဉ်းစည်းကမ်းများဖြစ်သဖြင့် အမှန်တကယ်လိုက်နာဆောင်ရွက်မည်ဆိုပါက တစ်ဦးတစ်ယောက်ချင်းစီအတွက် အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း။

## စီစဉ်ဆောင်ရွက်ပေးထား

တပ်မတော်သားများ၊ မိသားစုဝင်များ၏ ပညာရည်

မြင့်မားရေးနှင့်ပတ်သက်၍ တပ်မတော်တစ်ရပ်လုံးတွင် မူလတန်းပညာပြီးမြောက်အောင်မြင်စေရေး တပ်မတော်ပညာရေးကျောင်းများတွင် သင်ကြားပေးခဲ့ပြီးဖြစ်ပြီး တစ်ဆင့်မြင့်သည့် အတန်းပညာများကို ဆက်လက်သင်ကြားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ထို့ကြောင့် မိမိဘဝတိုးတက်ရေး၊ အသိပညာမြင့်မားရေးအတွက် မိမိတို့တစ်ဦးချင်းကိုယ်တိုင်ကြိုးစားအားထုတ်ခွင့်ရှိသဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ကိုယ်တိုင် စာပေဖတ်ရှုလေ့လာရန်၊ ဗဟုသုတစာပေများကို ဆည်းပူးရန်လိုအပ်သကဲ့သို့ မိမိတို့၏ သားသမီးများကို ပညာတတ်များဖြစ်စေရေးအတွက် ပညာရေးကိုအားပေးရန် လိုအပ်မည်ဖြစ်ပြီး အသိပညာအတတ်ပညာနှင့် ပြည့်စုံသည့် မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရာ၌ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသူများဖြစ်စေရေး အမြဲကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ မိမိတပ်၏ ကောင်းရာကောင်းကျိုးများကို တစ်ဦးချင်း အသိသတိဖြင့် ဆောင်ရွက်ခြင်းဖြင့် တပ်မတော်နှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးများကိုလည်း မိမိတို့တတ်စွမ်းသည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

# တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၁၅ - ၁ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား ဇန်နဝါရီလ ၁၅ ရက်၊ နံနက်ပိုင်းတွင် ကျွန်းစုမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက ဒေသဆိုင်ရာအချက်အလက်များ၊ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ဒေသဝမ်းစာအတွက် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်မှုအခြေအနေ၊ ရာဘာ၊ အုန်းနှင့် ဆီအုန်းပင်စိုက်ပျိုးထားရှိမှုအခြေအနေ၊ ရေထွက်သယံဇာတများ ထုတ်လုပ်မှုနှင့် မွေးမြူရေးဆောင်ရွက်နေမှုအခြေအနေ၊ ဒေသတွင်း လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများ၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရေးကွင်းဆင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆလုံလူမျိုးများအားလိုအပ်သည်များကို ထောက်ပံ့ပေးလျက်ရှိသည့်အခြေအနေ၊ ဒေသတွင်းရှိကျွန်းများသို့ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လာရောက်လည်ပတ်မှုနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ပုလဲလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဒေသတွင်းလိုအပ်ချက်များကို တင်ပြသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ဝန်ကြီးဌာနအသီးသီး၏ လုပ်ဆောင်နေမှုအခြေအနေများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးပြောကြားရာတွင် မြိတ်-ထားဝယ်-ကော့သောင်း လေကြောင်းခရီးစဉ်များကို ပြန်လည်ဖွင့်လှစ်ပေးထားသည့်အခြေအနေနှင့် ကျွန်းပတ်လေကြောင်းခရီးစဉ်များ လာမည့်ရက်သတ္တပတ်အတွင်း ပြန်လည်ပြေးဆွဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရေကြောင်းခရီးစဉ်များ အဆင်ပြေချောမွေ့စွာဖြင့်

ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးတို့အတွက် ရေကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒေသတွင်း ပြည်တွင်း၊ ပြည်ပများမှ ခရီးသွားများလာရောက်မှုကို ထိရောက်စွာ အသုံးချ၍ ဒေသထွက်ကုန်၊ ထုတ်ကုန်များကို အရည်အသွေးပြည့်မီ သည့် ရောင်းကုန်များအဖြစ် လုပ်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူ ဖြစ်စေနိုင်သည့်အခြေအနေများ၊ ဒေသဝမ်းစာဖူလုံရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ် သည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်များနှင့် အသေးစားစက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို မတည်ဖြည့်ဆည်း ဆောင်ရွက်ပေး နိုင်မည့်အခြေအနေများ၊ ဒေသတွင်း ပုလဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငှက်သိုက် ထုတ်လုပ်မှုအခြေအနေများနှင့် ကျွန်းများကိုအခြေပြု၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ များ ကို လုပ်ဆောင်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

**ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒေသဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားလို၍ တနင်္သာရီ

> **ဒေသတွင်း ဝမ်းစာဖူလုံမှုနှင့် ပတ်သက်၍ လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပြီး စိုက်ဧရိယာများတိုးချဲ့ခြင်းထက် အထွက်နှုန်း မြင့်မားရေးကို ဆောင်ရွက်ကြစေလို၊ လိုအပ်သည့်အခြေခံစားကုန်ပစ္စည်းများကို ပြင်ပမှဝယ်ယူသုံးစွဲရာတွင် လမ်းခရီးအခက်အခဲများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နိုင်မည်ဖြစ်သဖြင့် မိမိတို့ဒေသတွင်း၌ပင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြစေလို။**

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့လာရောက်ခြင်း ဖြစ်ကြောင်း၊ ကျွန်းစုမြို့နယ်တွင် ကျေးလက်နေလူဦးရေ များပြားပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းကို အဓိကထား လုပ်ဆောင်ကြသည်ကိုတွေ့ရှိရကြောင်း၊ ဒေသဖွံ့ဖြိုး တိုးတက်မှုနှင့်ပတ်သက်၍ မြို့ပေါ်နေသူများတွင် တိုးတက် မှုအချို့ရှိနိုင်သည်ဟုဆိုသော်လည်း ဖွံ့ဖြိုးတိုးတက်မှု များစွာလိုအပ်နေသည်ကိုတွေ့ရှိရကြောင်း၊ ဒေသခံများ အနေဖြင့် မိမိတို့၏ရှိရင်းစွဲလုပ်ငန်းများဖြင့် ရောင့်ရဲတင်း တိမ်နေ၍မရဘဲ လူနေမှုဘဝအဆင့်မြှင့်တင်ရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင် အသိ ပညာ၊ အတတ်ပညာဖြင့်ပြည့်စုံသည့် လူသားအရင်းအမြစ် များရှိရန်လိုအပ်သည့်အတွက် ပညာရေးကို အားပေးကြ ရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး အတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ကို ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း၊ ပညာရေးသည် တစ်ဦးချင်း၏လိုအပ်ချက်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် ပညာတတ်များလိုအပ်ကြောင်း၊ ကလေးငယ်များ ပညာ သင်ကြားခြင်းသည် ၎င်းတို့၏ဘဝရပ်တည်ရေးနှင့် တိုး တက်ရေးအတွက်ဖြစ်ပြီး အစိုးရအတွက် အဓိကမဟုတ် ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်း တက်ရောက်စေရေး မိဘများက တွန်းတွန်းတိုက်တိုက် ဖြင့် ဆောင်ရွက်စေလိုကြောင်း၊ သက်ဆိုင်ရာကဏ္ဍများ အလိုက်လုပ်ငန်းများ ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရေး အတွက် အတန်းပညာများရှိရန်လိုအပ်ကြောင်း၊ ပညာ သင်ကြားရေးအတွက် ယခုထက်ပိုမို၍ တွန်းအားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း။

**ဒေသတွင်း ဝမ်းစာဖူလုံမှု**

ဒေသတွင်း ဝမ်းစာဖူလုံမှုနှင့်ပတ်သက်၍ လိုအပ် ချက်များရှိနေသည်ကို တွေ့ရှိရပြီး စိုက်ဧရိယာများ တိုး ချဲ့ခြင်းထက် အထွက်နှုန်းမြင့်မားရေးကို ဆောင်ရွက်ကြ စေလိုကြောင်း၊ လိုအပ်သည့်အခြေခံစားကုန်ပစ္စည်းများ ကို ပြင်ပမှဝယ်ယူသုံးစွဲရာတွင် လမ်းခရီးအခက်အခဲများ

ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နိုင်မည်ဖြစ်သဖြင့် မိမိတို့ဒေသတွင်း၌ပင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအလိုက် ဝမ်းစာဖူလုံရေးအတွက် စားရေရိက္ခာဖူလုံရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း။

**စီးပွားဖြစ်ဆောင်ရွက်လျက်ရှိ**

စီးပွားရေးနှင့်ပတ်သက်၍ ရေလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွန်းစုဒေသ၌ ကုန်ချောအဆင့်အထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မြိတ်ဒေသတွင် ရာဘာနှင့် အုန်းများစိုက်ပျိုးဖြစ်ထွန်းပြီး အီကွေတာနှင့် နီးကပ်သောနိုင်ငံအချို့တွင် အုန်းစိုက်ပျိုးမှုများကို စနစ်တကျ စိုက်ပျိုး၍ ကုန်ပစ္စည်းထုတ်လုပ်မှုများအား စီးပွားဖြစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း အုန်းကိုစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး အဆင့်မြင့်အုန်းထွက်ကုန်များဆောင်ရွက်ရန်လိုပြီး လိုအပ်သည်များကို နိုင်ငံတော်မှပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ကဏ္ဍအလိုက်ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သဘာဝအရင်းအမြစ်များ၊ သယံဇာတများကို အသုံးချ၍ဆောင်ရွက်မည်ဆိုပါက ကျွန်းစုမြို့နယ်သည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး လိုအပ်သည့်နည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊

ကြီးပွားတိုးတက်လိုစိတ်ရှိပါက ကြိုးစားအားထုတ်မှုရှိရမည်ဖြစ်ပြီး မိမိတို့၏ကာယစွမ်းအား၊ ဉာဏစွမ်းအားများကို မှန်မှန်ကန်ကန်အသုံးချ၍ ကြီးပွားတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ကြိုးစားဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်းဘဝတိုးတက်အောင်မြင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း။

ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းများအား ခွင့်ပြုပေးထားကြောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဆွဲဆောင်နိုင်ရေးအတွက် ဝန်ဆောင်မှုများအား အဆင့်မီစွာဖြင့် ပြင်ဆင်ဆောင်ရွက်ထားရန်လိုပြီး အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး Survey လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်နှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ခြင်းဖြင့်ကျွန်းစုဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိုက်အလျောက် အထောက်အကူပြုမည်ဖြစ်ကြောင်း။

**ယခုထက်များစွာ ပိုမိုတိုးတက်စေလို**

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်၊ ရပ်မိရပ်ဖများနှင့် ဒေသခံများ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်း၍ တိုင်ပင်ဆွေးနွေးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ကျွန်းစုဒေသကို ယခုထက်များစွာ ပိုမိုတိုးတက်စေလိုသည့်အတွက် တိုက်တွန်းအကြံပြုပြောကြားခြင်းပင်ဖြစ်ကြောင်းနှင့် ကျွန်းစုမြို့ပေါ်မှ ဦးဆောင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

■ ■ ■

# မြိတ်ခရိုင်အတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၅ - ၁ - ၂၀၂၂ )



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဇန်နဝါရီလ ၁၅ ရက်၊ မွန်းလွဲပိုင်းတွင် မြိတ်မြို့ရှိ မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ရုံး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြိတ်ခရိုင်အတွင်းရှိ ငါးပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြိတ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးလှသန်းက နယ်စပ်ကုန်သွယ်ရေးအခြေအနေများ၊ စက်မှုဇုန်များဆောင်ရွက်မှု အခြေအနေများ၊ မြိတ်ဒေသရေလုပ်ငန်းနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ထုံခါ - သဲဖြူ - မောတောင်လမ်းတည်ဆောက်နေမှု၊ မောတောင်နယ်စပ်ကုန်သွယ်ရေးဂိတ်ဆောင်ရွက်မှုအခြေအနေ၊ ပုစွန်မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကမ်းနီးကမ်းဝေးငါးဖမ်းစက်လှေများအခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများကိုလည်းကောင်း၊ မြိတ်မြို့နိုင်ငံတကာအဆင့်မီ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းတာဝန်ခံ ဦးဟန်ထူးအောင်က စီမံကိန်းတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို Video Clip ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ငါးဖမ်းလုပ်ငန်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးက ကမ်းဝေး၊ ကမ်းနီးငါးဖမ်းလှေများ၏အခြေအနေ၊ ကမ်းဝေး ငါးဖမ်းလှေများကို VMS များ တပ်ဆင်ပေးမှုအခြေအနေများ၊ နှစ်အလိုက်ပြည်ပသို့ ရေထွက်ပစ္စည်းများတင်ပို့မှုနှင့် စနစ်တကျဖြစ်စေရေး ကြပ်မတ်စစ်ဆေး

ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ငါး၊ ပုစွန်၊ ဂဏန်းပျော့၊ ဂျင်းခရုနှင့် ပင်လယ်ရေမှော်များ မွေးမြူမှုအခြေအနေများကိုလည်းကောင်း၊ မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် စီမံကိန်းဒါရိုက်တာ ဦးအေးမင်းအောင်က တနင်္သာရီမြို့နယ်နှင့် မြိတ်မြို့နယ်တို့တွင် BBWI & MCPC ကုမ္ပဏီလီမိတက်မှ အကောင် အထည်ဖော်ဆောင်ရွက်မည့် မြိတ်ခရိုင်စီမံကိန်းနှင့်ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ဆောက်ရေးအတွက် ၂၀၂၁ ခုနှစ် မြိတ်မြို့ခရီးစဉ်အတွင်း နေရာရွေးချယ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံကိန်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရက ခွင့်ပြုပေးပြီးဖြစ်၍ ပထမအဆင့်အနေဖြင့် ငါးလေလံဈေးအား ဦးစားပေးတည်ဆောက်ရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် ဆန်ဖူလုံမှုမရှိသည့်အတွက် စီမံကိန်းများဆောင်ရွက်ရာတွင် လယ်မြေများအား အသုံးမပြုရန်နှင့် မြေကိုအကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏စားရေရိက္ခာပေါများစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မြိတ်ဒေသအတွင်း စပါးအထွက်နှုန်းများတိုးတက်အောင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စားသောက်ကုန်ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

ရေထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်အောင် ပြည်တွင်း၌ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ မြိတ်ဒေသအတွင်း လျှပ်စစ်မီးလုံလောက်စွာရရှိရေးအတွက်လည်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနိုင်ငံတော်မှ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝကပေးအပ်ထားသည့် အားသာချက်များကို အကျိုးရှိစွာအသုံးချ၍ အထွက်နှုန်းကောင်းစေရန် စနစ်တကျဖြင့် မွေးမြူကြရန်လိုကြောင်း၊ မြိတ်မြို့ဆိပ်ကမ်းကိုလည်း နိုင်ငံတကာအဆင့်မီဆိပ်ကမ်းတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

မြိတ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း သံရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များစွာရှိသဖြင့် ရေလုပ်ငန်းတစ်ခုတည်းကိုသာမက အခြားစက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်တိုက်တွန်းလိုကြောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီးအား ဆီအိုးကြီးအဖြစ်သတ်မှတ်ထားကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်း ဒေသကြီးအတွင်း ဆီအထွက်နှုန်းကောင်းမွန်စေရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြောကြားသည့်အမှာစကား

( ၁၇ - ၁ - ၂၀၂၂ )




ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၇ ရက်၊ နံနက်ပိုင်းတွင် နေပြည်တော် ရှိ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် ပညာရေးကို အလေးထားပြီး မိမိတို့နိုင်ငံ၏ပညာရေးကို တိုးတက်စေလိုကြောင်း၊ ပညာရေးကဏ္ဍသည် နိုင်ငံတစ်ခုတိုးတက်ရေးအတွက်အရေးကြီးကြောင်း၊ ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးပြီးနိုင်ငံများအားလုံးတွင် ပညာရေးကိုအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဟုသတ်မှတ်ခံထားရကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုလိုနီနယ်ချဲ့များမှ အုပ်ချုပ်ခဲ့သည့်အချိန်ကာလတွင် ပညာရေးနိမ့်ကျခဲ့ရပြီး လွတ်လပ်ရေးရရှိချိန်တွင်လည်း ပြည်တွင်းသောင်းကျန်းမှုများကြောင့် ပညာသင်ကြားရေးအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် ပညာရေးနိမ့်ကျမှုများထပ်မံဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်နယ်များနှင့် တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများနှင့် အခြားသွားလာရေးအခက်အခဲများကြောင့် ကျေးလက်ပညာရေးသည် အားနည်းခဲ့ရကြောင်း၊ အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်ခဲ့ချိန်များတွင်လည်း ဆရာ၊ ဆရာမများ မပြည့်စုံမှုနှင့် အခြားသောအကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းခဲ့မှုများရှိခဲ့ကြောင်း။

ဆိုရှယ်လစ်ခေတ်ပညာသင်ကြားရေးစနစ်တွင် အားနည်းချက်နှင့် အားသာချက်များရှိခဲ့ပြီး အဓိကအားဖြင့် အင်္ဂလိပ်စာသင်ကြားမှုများတွင် အားနည်းခဲ့သဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အဆင့်မြင့်

ပညာများသင်ကြားရန်အတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းများအား သုံးနှစ်ခန့် ပိတ်ထားခဲ့ရကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာသင်ကြားမှုများအား အခြေခံပညာစနစ်နှင့် အဆင့်မြင့်ပညာစနစ်များ အမှန်တကယ်တတ်မြောက်ရေးထက် အတန်းတက်ရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည့်အတွက် အခြေခံပညာတွင်အားနည်းခဲ့သကဲ့သို့ အဆင့်မြင့်ပညာသင်ကြားမှုများလည်း အားနည်းခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ပညာတတ်များပေါ်များစေရေး**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်များရန်လိုအပ်သဖြင့် ပညာတတ်များပေါ်များစေရေး ပညာရေးကဏ္ဍမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ ၅၅ သန်းတွင် ၃ သန်းခန့်သာ ဘွဲ့ရ ရှိသည်ကို တွေ့ရှိရသဖြင့် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာကိုသင်ကြားနိုင်သည်ကိုတွေ့ရှိရကြောင်း၊ အလားတူလူဦးရေ ၁၈ သန်းကျော်ခန့်သည် အခြေခံပညာသင်ကြားမှုတွင်လည်း မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာ သင်ကြားနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက် ရေးအတွက် ပညာရေးသည် အရေးကြီးသည့်အတွက် မိမိတာဝန်ယူချိန်ကာလအတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တက္ကသိုလ်များသည် အသိပညာနှင့် အတတ်ပညာများကို တွေးတောကြံစည်နိုင်အောင်နှင့် လေ့လာသင်ကြားပေးသည့်ကျောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ကျောင်းများသည် အဆင့်တစ်ခုရှိရန်လိုကြောင်း၊ တက္ကသိုလ်များ၏ ဥပမိရိပ်နှင့် ကျောင်းများ၏ မြင်ကွင်းများကောင်းရန်၊ လူသွားလမ်းများကောင်းရန်နှင့် သာယာလှပသည့်ပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး ဖန်တီးပေးရန်လိုကြောင်း၊ အလားတူအဆောက်အဦများနှင့် ကျောင်းပရိဝုဏ်များကောင်းမွန်စေရေး ကြိုတင်စဉ်းစားဆောင်ရွက်၍ တည်ဆောက်ရန်လိုကြောင်း၊ ကျောင်းသားများ သင်ယူရာတွင် အခက်အခဲမရှိစေရေးနှင့် သင်ကြားမှုများထိရောက်စေရေးအတွက် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ စနစ်တကျရှိရန်လိုကြောင်း၊ သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအတတ်ပညာသည်လည်းအရေးကြီးသဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာတတ်ကျွမ်းရုံတင်မက ကျောင်းသား၊ ကျောင်းသူများ နားလည်စေရေးသင်ကြားပေးနိုင်ရန်လိုကြောင်း။

**လေ့ကျင့်သင်ကြားပေးရန်လို**

ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်စေရန်အတွက် အားကစားကွင်းများနှင့် အားကစားရုံများအား စနစ်တကျဖြင့် တည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်ကျောင်းသား၊ ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတောကြံဆမှုများရှိစေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေစဉ်အတွင်း စာပေပညာသင်ကြားခြင်းကိုသာမက ဘဝအတွက် အတွေ့အကြုံများရရှိရေးအတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးရန်လိုသဖြင့် ပတ်ဝန်းကျင်ကောင်းများဖန်တီး၍ ကျောင်းသား၊ ကျောင်းသူများအမြင်ကျယ်လာစေရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း။

သင်ကြားရေးနှင့်ပတ်သက်၍ တက္ကသိုလ်ပညာရေး

> **ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတောကြံဆမှုများရှိစေရန် လေ့ကျင့်သင်ကြားပေးရန်လို၊ တက္ကသိုလ်ပညာသင်ကြားနေစဉ်အတွင်း စာပေပညာသင်ကြားခြင်းကိုသာမက ဘဝအတွက်အတွေ့အကြုံများရရှိရေး အတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးရန် လိုသဖြင့် ပတ်ဝန်းကျင်ကောင်းများဖန်တီး၍ ကျောင်းသား၊ ကျောင်းသူများ အမြင်ကျယ်လာစေရေး ဖန်တီးဆောင်ရွက်ပေးရန်လို။**

သည် အလွတ်ကျက်သည့် ပညာရေးမဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာများ အပြန်အလှန်ဆွေးနွေးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း သင်ကြားမှုကဏ္ဍ တိုးတက်စေရန်အတွက် အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် အောက်ဆုံး၌ရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အမြဲမပြတ် ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လေ့လာမှုနှင့်ပတ်သက်၍ ယနေ့ခေတ်သည် သတင်းနှင့်နည်းပညာခေတ်ဖြစ်သဖြင့် အင်တာနက်မှတစ်ဆင့်များစွာလေ့လာသင်ယူနိုင်ကြောင်း၊ လေ့လာမှုများဆောင်ရွက်ရာတွင်လည်း ထဲထဲဝင်ဝင်၊ ထိထိရောက်ရောက်လေ့လာနိုင်ရန်လိုကြောင်း၊ မိမိကိုယ်တိုင် တန်ဖိုးရှိရန်အတွက် မိမိတို့အလုပ်ကို အလေးထားရန်နှင့် မိမိတို့ တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လိုကြောင်း၊ အလေးထားခြင်းနှင့် လေးစားခြင်းနှစ်မျိုးရှိကြောင်း၊ ငွေကိုအလေးထားသူများက ငွေနောက်ကိုလိုက်ကြပြီး ပညာအလေးထားသူများက ပညာနောက်ကိုလိုက်ကြကြောင်း၊ အလုပ်ကိုအလေးထားပါက အလုပ်ကိုအချိန်ပေး၍ စူးစိုက်ပြီးဆောင်ရွက်ရကြောင်း၊ အလားတူအချိန်ကိုလည်း လေးစားတန်ဖိုးထားရန်လိုကြောင်း၊ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဆောင်ရွက်ချိန်တွင် အလုပ်ကိုအလေးထားခြင်း၊ အချိန်ကိုလေးစားခြင်းများဖြင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်နိုင်ပြီး တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ ပညာရပ်များကို အမှန်တကယ် တတ်ကျွမ်းအောင် သင်ကြားပေးစေလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာများများဖတ်ရှုလေ့လာစေရေး တိုက်တွန်းဆောင်ရွက်ပေးမည်ဆိုပါက ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးတိုးတက်လာမည်ဖြစ်ကြောင်း။

စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများသည် ဝါသနာ၊ စေတနာ၊ အနစ်နာဖြင့် ပညာသင်ကြားပေးကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဆရာ၊ ဆရာမများအား ပညာအရည်အချင်းအလိုက်ခံစားမှုများအား တိုးမြှင့်ပေးခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင် တာဝန်ရှိသူများအား သင်ကြားရေးပိုင်းတွင်သာ တာဝန်ပေးအပ်ရန်လိုပြီး အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေးတွင် တာဝန်ရှိသူများကိုသာ တာဝန်ပေးအပ်မည်ဆိုပါက အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆရာ၊ ဆရာမများကိုလည်း တိုးတက်ပြောင်းလဲနေသည့် သင်ခန်းစာအသစ်များအား လေ့လာနိုင်စေရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်လိုကြောင်း။

ဘဏ္ဍာရေးသုံးစွဲမှုနှင့်ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများနှင့်အညီ သုံးစွဲနိုင်ရေး သတိပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ငွေကြေးများသုံးစွဲရာတွင်လည်း မျှမျှတတသုံးစွဲနိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများတွင်လည်း မျှတမှုရှိရန်နှင့် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်သည်ဖြစ်စေ စေတနာထား၍ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

■ ■ ■

# နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၂)တွင် ပြောကြားသည့်အမှာစကား

( ၂၀ - ၁ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁/၂၀၂၂)ကိုဇန်နဝါရီလ ၂၀ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးရွှေကြိမ်း၊ အတွင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူးဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့တာဝန်ယူခဲ့သည်မှာ ၁၁ လ ကြာမြင့်ခဲ့ပြီဖြစ်ပြီး မကြာမီအချိန်အတွင်း တစ်နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် အလုပ်သဘောချစ်ကြည်ရေး ခရီးစဉ်လာရောက်ခဲ့ပြီး အာဆီယံရေးရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အဓိကအားဖြင့် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးဘုံသဘောတူညီချက် ၅ ချက်နှင့်ပတ်သက်၍ ဦးတည်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ပထမဆုံးအချက်ဖြစ်သည့် အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်နေသူများအနေဖြင့် အကြမ်းဖက်မှုရပ်ဆိုင်းပြီး တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် အကြမ်းဖက်အဖွဲ့များ၏ ကွဲပြားခြားနားမှုများ၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အမြဲမပြတ် ဆောင်ရွက်နေမှုများနှင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ပါဝင်နိုင်ရေး ဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း၊ အလားတူ အာဆီယံလူသားချင်းစာနာထောက်ထားမှုနှင့်သက်ဆိုင်သည့် ထောက်ပံ့ပစ္စည်းများ ကူညီထောက်ပံ့နိုင်ရေးဆိုင်ရာကိစ္စများကိုလည်း ဆွေးနွေးနိုင်ခဲ့ပြီး မိမိတို့အနေဖြင့် လက်ခံပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အဆိုပါကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၏ အလုပ်သဘောချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း။

**ထိန်းသိမ်းဆောင်ရွက်နေ**

နိုင်ငံတော်၏ ယေဘုယျအခြေအနေနှင့်ပတ်သက်ပြီး ပထမဦးစွာ နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့စတင်

တာဝန်ယူချိန်တွင် ဆူပူမှုများမရှိသလောက် နည်းပါးခဲ့သော်လည်း ဖေဖော်ဝါရီ ၃ ရက်နောက်ပိုင်းတွင် ပြင်းထန်လာခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ၆၀ ရာခိုင်နှုန်းခန့်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကာ နောက်ပိုင်းတွင် ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ဆန္ဒပြမှုများအား ထောက်ခံသူများရှိသကဲ့သို့ ကန့်ကွက်သူများလည်း ရှိခဲ့ကြောင်း၊ သာမန်ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူမှု၊ အကြမ်းဖက်မှု၊ ဖောက်ခွဲဖျက်ဆီးမှုနှင့် သတ်ဖြတ်မှုများအထိဆောင်ရွက်လာခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စစ်အုပ်ချုပ်ရေးအမိန့်များသတ်မှတ်ရာတွင်လည်း အလွန်ဆိုးရွားသည့် နယ်မြေများကိုသာ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် အချိန်ဖြစ်ကြောင်း။

**စီမံခန့်ခွဲမှုအမှားများ**

မိမိတို့နိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါစတင် ဖြစ်ပွားချိန်မှစ၍ နိုင်ငံအတွင်းစီးပွားရေးနှင့်ပတ်သက်၍ များစွာထိခိုက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၏စီးပွားရေးမှာ စီမံခန့်ခွဲမှုအမှားများကြောင့် ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံ၏ငွေကြေးတည်ငြိမ်မှုရှိစေရန်အတွက် တရားနည်းလမ်းမကျသည့် အခြားနည်းလမ်းများဖြင့် ထိန်းချုပ်ဆောင်ရွက်ခဲ့ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား အားပေးဆောင်ရွက်မှုမရှိခဲ့ခြင်းများကြောင့် ကုန်သွယ်မှုလိုငွေများနှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့် ရှိခဲ့ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားချိန်တွင် နိုင်ငံများအားလုံး စီးပွားရေးထိခိုက်ခဲ့ကြပြီး သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမြင့်ခြင်း၊ ဝန်ဆောင်ခနှင့် ကုန်ထုတ်လုပ်မှုစရိတ်များကြီးမြင့်ခြင်းကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ၏စီးပွားရေးပြန်လည်ကောင်းမွန်စေရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကမှာ ပြည်သူများအားလုံး ထမင်းမငတ်ရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် အဆိုပါအားသာချက်ကို အသုံးချရမည်ဖြစ်ကြောင်း၊ ယခုအခါစားသောက်ကုန်များ အထိုက်အလျောက်ထုတ်လုပ်နိုင်ခဲ့၍ ပြည်ပပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ပြီ ဖြစ်ကြောင်း။

လူမှုရေးနှင့်ပတ်သက်၍ စာသင်ကျောင်းများအား ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ရပြီး ယခုအခါ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ကျောင်းတက်မှုနှုန်းများမှာ စတင်ဖွင့်လှစ်နိုင်ခဲ့သည့် အချိန်ထက် ကျောင်းတက်ရာခိုင်နှုန်းများ မြင့်တက်လာကြောင်း၊ သို့သော် ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့် ကျောင်းတက်ရောက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးဝန်ထမ်းများ CDM ပြုလုပ်မှုနှင့်ပတ်သက်၍လည်း ပညာရေးဝန်ထမ်းအများစုသည် အမျိုးသမီးများဖြစ်ပြီး အရှက်တရားနှင့် အကြောက်တရားများကိုအသုံးချ၍ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အရှက်ခွဲခံရခြင်းနှင့် အခြားသောအကြောင်း အမျိုးမျိုးကြောင့် CDM ပြုလုပ်ခဲ့ကြသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံ၏ အနာဂါတ်အတွက် ကျောင်းသား၊ ကျောင်းသူများအားလုံး စာမေးပွဲအောင်ရုံသာမက အမှန်တကယ် တတ်မြောက်အောင်သင်ကြားပေးရန်လိုကြောင်း၊ ထို့ကြောင့် တတ်နိုင်သမျှ ပညာရေးနှင့်ပတ်သက်၍ ရာနှုန်းပြည့် တိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်များကိုလည်း ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းတက်ရာခိုင်နှုန်းများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိကြောင်း။

**ဥပဒေနှင့်အညီ**

ကျန်းမာရေးနှင့်ပတ်သက်၍ ဆရာဝန်များ CDM ပြုလုပ်ကြပြီး ဆူပူအကြမ်းဖက်သည့် အဖွဲ့များတွင် သွားရောက်နေကြသူများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ခြင်း၊ ကိုယ်ပိုင်ဆေးခန်းများဖွင့်လှစ်ခြင်းနှင့် ပြည်ပသို့သွားရောက်ခြင်းများရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေမှုများရှိကြောင်း၊ အားကစားနှင့်ပတ်သက်၍လည်း ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် အားကစားဆောင်ရွက်မှုများကို ရပ်တန့်ထားခဲ့ရပြီး ယခုအခါ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အားကစားပွဲများကျင်းပနိုင်ရေး ပြန်လည်ခွင့်ပြုပေးထားကာ အားကစားပြိုင်ပွဲများကျင်းပပြုလုပ်လျက်ရှိကြောင်း။

လုံခြုံရေးနှင့်ပတ်သက်၍ လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သက်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နောက်ပိုင်းမှပေါ်ပေါက်လာသည့် အကြမ်းဖက်အဖွဲ့အစည်းများရှိကြောင်း၊ မိမိတို့အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများအမြဲမပြတ်ဆောင်ရွက်လျက်ရှိပြီး လက်မှတ်ရေးထိုးထားခြင်းမရှိသောအဖွဲ့များနှင့်လည်း အလွတ်သဘောဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါအဖွဲ့များထဲတွင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့ထဲတွင်ပါဝင်သည့် KIA နှင့် KNPP အဖွဲ့တို့သည် CDM ပြုလုပ်ခဲ့သည့်အဖွဲ့များကိုထောက်ပံ့ပေးပြီး ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် လက်နက်ခဲယမ်းများထောက်ပံ့ပေးခြင်း၊ ၎င်းတို့ကိုယ်တိုင်အကြမ်းဖက်လုပ်ရပ်များတွင်ပါဝင်၍ လမ်းကြောင်းများ၊ တံတားများအားဖောက်ခွဲဖျက်ဆီးခြင်းလုပ်ရပ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါကယားပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် ဒေသတည်ငြိမ်ရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ချင်းပြည်နယ်၊ ထန်တလန်မြို့တွင်လည်း ချင်းပြည်နယ် NLD အဖွဲ့နှင့် CNF အဖွဲ့များ ပူးပေါင်း၍ အကြမ်းဖက်မှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏ အိမ်များမီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင်လည်း အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် CDM ပြုလုပ်ပြီး အကြမ်းဖက်မှုများ ဆောင်ရွက်နေသူများအားဖမ်းဆီးရမိခဲ့ပြီးအချို့ကိုလည်း သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်း အကြမ်းဖက်မှုများဆောင်ရွက်ရေးအတွက် ဦးဆောင်ပြီးဆောင်ရွက်နေသည့် NLD ပါတီမှ ဖြိုးဇေယျာသော်အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ အကြမ်းဖက်မှုများဆောင်ရွက်နေသူများကိုဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါပစ်ခတ်သတ်ဖြတ်မှုများ နည်းပါးလာပြီဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများနှင့် ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေးဝန်ထမ်းများအား အကြောင်းမဲ့သတ်ဖြတ်ခြင်းသည် နိုင်ငံတော်အစိုးရအား ဆန့်ကျင်ခြင်းမဟုတ်ဘဲ တိုင်းပြည်ပျက်စီးစေရန်အတွက် ပြုလုပ်နေသောမိုက်မဲသည့် အပြုအမူများပင်ဖြစ်ကြောင်း။

**ခြေလှမ်းသစ်စတင်မည်ဖြစ်**

လာမည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့သည် နိုင်ငံတော်အတွက် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်သဖြင့် ပြည်ထောင်စုနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အလားတူ ၂၀၂၃ ခုနှစ်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ကြောင်း၊ မိမိအနေဖြင့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ၇၅ နှစ်ကြာပြီဖြစ်သည့် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပိုင်ဆိုင်မှု ခိုင်မာနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုမကြာခဏ ခြိမ်းခြောက်ခံနေရပြီး နိုင်ငံ၏ စုစည်းညီညွတ်သည့်အားဖြင့် ခိုင်မာအောင်ဆောင်ရွက်နေရန်လိုကြောင်း၊ လွတ်လပ်ရေးမှဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ခံစားနိုင်အောင်ဆောင်ရွက်ရန် လိုအပ်သဖြင့် မိမိအနေဖြင့် ယခုနှစ်တွင် နိုင်ငံ၏အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကိုဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ခြေလှမ်းသစ်စတင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် နောက်ပိုင်းရရှိခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)အပေါ်တွင် အခြေခံပြီး ဆွေးနွေးဆောင်ရွက်သွား

> **၂၀၂၃ ခုနှစ်တွင် ကျရောက်မည့်**
> **လွတ်လပ်ရေးနေ့သည်**
> **စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်၊ မိမိအနေဖြင့်**
> **နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင်**
> **၇၅ နှစ်ကြာပြီဖြစ်သည့် မိမိတို့နိုင်ငံ၏**
> **လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ**
> **ပိုင်ဆိုင်မှု ခိုင်မာနေရန်လို၊ မိမိတို့နိုင်ငံသည်**
> **အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို**
> **မကြာခဏခြိမ်းခြောက်ခံနေရပြီး နိုင်ငံ၏**
> **စုစည်းညီညွတ်သည့်အားဖြင့် ခိုင်မာအောင်**
> **ဆောင်ရွက်နေရန်လို။**

မည်ဖြစ်ကြောင်း။

NLD အစိုးရလက်ထက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်)တွင် ပါဝင်သည့် ပုဒ်မ ၅၉(စ)ကို ပြင်ဆင်ရန်အတွက် မိမိထံသို့ မကြာခဏလာရောက် ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ၂၀၁၁ –၂၀၁၅ ကာလတွင် ဆောင်ရွက်ခဲ့သကဲ့သို့ ၂၀၁၅ –၂၀၂၀ ကာလတွင်လည်း ခေတ်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်)သည် ၁၉၉၀ ပြည့်နှစ်ခန့်မှစတင်၍ အခြေတည်ခဲ့ခြင်းဖြစ်သဖြင့် လတ်တလောအခြေအနေနှင့် ကိုက်ညီမှုမရှိနိုင်သည်များရှိသဖြင့် ပြင်ဆင်ရန်ရှိသည်များကိုနားလည်သဘောပေါက်ကြောင်း၊ သို့သော် တို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့်အချက်များအား လုံးဝထိခိုက်၍မရကြောင်း၊ မိမိတို့သည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုသွားနေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဟူသောစကားသည် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်သဖြင့် မိမိတို့အနေဖြင့် အလေးထားအကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများဆောင်ရွက်ရာတွင် ပြည်ထောင်စုကိုအခြေခံ၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးနှင့်ပတ်သက်၍ ဖက်ဒရယ်နိုင်ငံကြီးများ၌ ဒီမိုကရေစီနှင့်ဖက်ဒရယ်တွင် တူညီသည့်အခွင့်အရေးကိုသာ ပေးထားကြောင်း၊ တိုင်းရင်းသားအားလုံးတူညီသည့် အခွင့်အရေးများရရှိအောင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း ဦးစားပေး၍မရနိုင်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် NCA နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် အခြေခံ၍ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ထိခိုက်မှုမရှိပါကလက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖွံ့ဖြိုးတိုးတက်မှုများ မျှတမှုရှိရန်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုများ မျှတမှုရှိရန်နှင့်ပတ်သက်ပြီးပြောကြားရာတွင် "ငြိမ်းချမ်းရေးကိစ္စနဲ့ဆက်စပ်ပြီးတော့ဖြစ်နေတဲ့ကိစ္စတွေမှာ ပြည်နယ်နဲ့တိုင်းဖွံ့ဖြိုးတိုးတက်မှုမမျှတာတွေရှိတယ်။ တခြားမပြောနဲ့ ရန်ကုန်နဲ့ မန္တလေးတောင် ဖွံ့ဖြိုးတိုးတက်မှုမတူဘူး။ ရန်ကုန်နဲ့ မော်လမြိုင်မတူဘူး၊ ရန်ကုန်နဲ့ပုသိမ်မတူဘူး။ မတူညီချက်တွေ။ ကွာခြားချက်တွေရှိတယ်။ ရန်ကုန်ကတော့ ရန်ကုန်မြို့ပေါ်နဲ့ အစွန်အဖျားမှာရှိတဲ့၊ ဥပမာ ကွမ်းခြံကုန်းတို့၊ တွံတေးတို့၊ ကော့မှူးတို့၊ ဒလတို့၊ မှော်ဘီတို့၊ တိုက်ကြီးတို့၊ အစွန်ဒေသတွေပေါ့၊ ဖွံ့ဖြိုးတိုးတက်မှုတွေကမြို့ပေါ်နဲ့မတူဘူး။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမတူပါဘူး ကွာခြားမှုရှိပါတယ်။ ကျွန်တော်တို့လိုအပ်တာဘာလဲဆိုရင်၊ တစ်နိုင်ငံလုံးမှာရှိတဲ့၊ ဒေသအားလုံးဟာ ဆုကြုံအနိမ့်အမြင့်ကွာခြားမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးဖို့လိုတယ်။ အဲ့ဒီ ဆုကြုံအနိမ့်အမြင့် ကွာခြားမှုများတဲ့အတွက်ကြောင့် ပဋိပက္ခတွေကျွန်တော်တို့ဖြစ်နေကြတယ်။ ပစ္စည်းမဲ့ဒေါသတွေ။ ကွန်မြူနစ်စကား၊ နိုင်ငံရေးစကားပြောရရင် ပစ္စည်းမဲ့ဒေါသတွေဖြစ်တယ်။ ငါတို့မှာမရှိဘူး။ မင်းတို့မှာရှိတယ်။ ငါတို့မှာ မလုပ်ရဘူး။ မင်းတို့မှာလုပ်ရတယ်။ ငါတို့မှာမစားရဘူး။ မင်းတို့မှာစားရတယ်။ ငါတို့မှာမဝတ်ရဘူး။ မင်းတို့မှာဝတ်ရတယ်။ ငါတို့မှာပညာမသင်ရဘူး။ မင်းတို့မှာသင်ရတယ်။ ဒါကွာခြားချက်တွေဖြစ်လာတဲ့အတွက်ကြောင့် ဖြစ်တယ်။ ဒီကွာခြားချက်ကို အနိမ့်ဆုံးဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးရမယ်။ ဟိုတစ်နေ့ကကျွန်တော်ပညာရေးမှာ ပြောပြတယ်။ ထားဝယ်မှာလည်း ကျွန်တော်ပြောတယ်။ မြိတ်မှာလည်း ကျွန်တော်ပြောတယ်။ ကျွန်းစုမှာလည်း ကျွန်တော်ပြောတယ်။ ပညာရေးကွာခြားမှုတွေသိပ်များနေပါတယ်။ အဲ့ဒီတော့ ပညာရေးကွာခြားမှုမများအောင် ကျွန်တော်တို့ရအောင်လုပ်ရလိမ့်မယ်။ ဒါကြောင့် KG+9 ကို ပြည်နယ်နှင့်တိုင်းအားလုံးကိုရအောင်လုပ်ပေးရမယ်။ ပညာရေးမြှင့်တင်မှုလုပ်ပေးရမယ်။ ပြည်နယ်နှင့်တိုင်းတွေမှာလုပ်နေတဲ့ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ပိုပြီးတော့ငွေပိုပေးရမယ်။ ဥပမာအားဖြင့် ချင်းတို့၊ ကယားတို့ ပိုပေးဖို့လိုတယ်။ ကျွန်တော်ပြောပြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီဟာကို စိတ်ဝင်စားတယ်။ မျက်ခြည်မပြတ်ကြည့်နေတယ်။ ဘယ်လိုအခြေအနေပေးရင် ဘယ်လိုလုပ်မလဲဆိုတာကို စောင့်ကြည့်နေတယ်။ ဆိုလိုတာကတော့ ဒေသတွင်းနဲ့ ဒေသအလိုက်ကွာခြားမှုတွေ မကြီးမားအောင် ကျွန်တော်တို့သွားရမယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဒါတွေ ကွာခြားချက်တွေ။ ဒေသ

တွင်း၊ ဒေသအလိုက် ကွာခြားချက်မများအောင် ပြန်လုပ်ရမယ့်ဟာရှိပါတယ်။ ဒီလိုသွားနိုင်ဖို့ဆိုရင် အဓိကအားဖြင့် ပညာတတ်တွေအများကြီးလိုပါတယ်။ စီးပွားရေးလုပ်မလား။ ပညာမတတ်ရင်ဘာမှလုပ်လို့မရပါဘူး။ ကျန်းမာရေးကောင်းအောင်လုပ်မလား။ စားရေးသောက်ရေးနေရေးထိုင်ရေးမြင့်ဖို့အတွက်ဆိုလည်း ပညာမတတ်ဘဲ၊ ဝင်ငွေမရှိဘဲလုပ်လို့မရဘူး။ မှောင်ခိုချနေလို့မရဘူး။ မူးယစ်ဆေးဝါး လုပ်နေလို့မရဘူး။ Illegal Trade မှာ၊ ဒီ Production မှာ သွားလုပ်လို့မရဘူး။ တရားဥပဒေနှင့်အညီ၊ သမာအာဇီဝလုပ်ငန်းတွေနဲ့ပဲ ကြီးပွားချမ်းသာအောင်လုပ်ပေးရမယ်။ အဲ့ဒါဆိုရင်တော့ အတတ်ပညာ၊ အသိပညာမရှိလို့မရဘူး။ ပညာရေးမြှင့်တင်မှု မလွဲမသွေလုပ်ပေးရမယ်။ ကျေးလက်အရောက် ပညာရေးမြှင့်တင်မှုတွေကိုဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက်အရေးကြီးပါတယ်။ အနာဂတ်အတွက် အရေးကြီးပါတယ်။" ဟု ပြောကြားသည်။

ထို့နောက် ပညာရေးမြှင့်တင်မှုများဆောင်ရွက်ပေးရာတွင် ကျောင်းသား၊ ကျောင်းသူများအားလုံး စဉ်ဆက်မပြတ် တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် အတန်းပညာများ အမှန်တကယ် တတ်မြောက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများ ပြည့်စုံရန်နှင့် ဆရာ၊ ဆရာမများ အားလုံးဘာသာရပ်အလိုက် ပညာရပ်များအား တတ်ကျွမ်းရန်လိုအပ်ကြောင်း၊ ထို့ကြောင့်မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဆရာ၊ ဆရာမများ၏ လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုပြီး စားသောက်ရေး၊ နေထိုင်ရေးနှင့် ဘဝရပ်တည်နိုင်ရေးအတွက် အာမခံချက်များရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့်ပတ်သက်၍လည်း တာဝန်ထမ်းဆောင်မှုနှင့် ပညာအရည်အချင်းနှင့် အဆင့်အလိုက် ထောက်ပံ့ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးမြှင့်တင်မှုများဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရန်အချက်များ များစွာရှိကြောင်း၊ အလားတူ ကျန်းမာရေးဝန်ထမ်းများ မွေးထုတ်မှုနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ဆရာဝန်များ အခက်အခဲရှိကြောင်း၊ ဆရာဝန်များမွေးထုတ်မှုနှင့်ပတ်သက်၍ လာမည့်ပညာသင်နှစ်များတွင် ပညာသင်ကြားရေး၌ နိုင်ငံတော်တာဝန်ထမ်းဆောင်မည့်သူမဟုတ်ဘဲ မိမိကိုယ်ပိုင် ဆေးကုသခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ပညာသင်ကြားရေးတွင် ငွေကြေးကောက်ခံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမှသာ နိုင်ငံတော်ရှိဆေးရုံများအတွက်လိုအပ်သည့် ဆေးဝန်ထမ်းများ လုံလောက်စွာ ဖြည့်တင်းနိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေများနှင့်ပတ်သက်၍လည်း ခေတ်ကာလနှင့် လိုက်လျောညီထွေစွာ လုပ်ဆောင်သင့်သည်များ ပြန်လည်စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း။

**တင်း ၁၀၀ ထွက်ရှိနိုင်ရေး**

မိုးစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ယခုနှစ်အတွင်း စိုက်ပျိုးမှုများအောင်မြင်ဖြစ်ထွန်းပြီး ရာနှုန်းပြည့်နီးပါး အောင်မြင်မှုရရှိကြောင်း၊ သို့သော်အထွက်နှုန်းပျမ်းမျှ ရာခိုင်နှုန်း တင်း ၇၀ ကျော်ခန့်သာရှိသဖြင့် ရည်မှန်းချက်ဖြစ်သည့် တင်း ၁၀၀ ထွက်ရှိနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စပါးအထွက်နှုန်းအား ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်သောကြောင့် နိုင်ငံခြားဝင်ငွေများ ရရှိမည်ဖြစ်သကဲ့သို့ တောင်သူများအနေဖြင့်လည်း ငွေကြေးပိုမိုရရှိပြီး ပြည်တွင်းငွေကြေးလည်ပတ်မှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ အလားတူ အခြား စိုက်ပျိုးရေးသီးနှံများနှင့် မွေးမြူရေးထုတ်ကုန်များကိုလည်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုအပ်သဖြင့် ကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ရောက်ရှိရာ ဒေသများတွင် တိုက်တွန်းပြောကြားကြစေလိုကြောင်း။

ဒေသဝမ်းစာဖူလုံရေးနှင့်ပတ်သက်၍ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝမ်းစာဖူလုံမှုမရှိသဖြင့် ဒေသအလိုက်ဝယ်ယူစားသုံးရမှုများရှိကြောင်း၊ ထို့ကြောင့် ဒေသအတွင်း စပါးအထွက်နှုန်းတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်၍ ပြင်ပမှဝယ်ယူစားသုံးမှုများ လျှော့ချနိုင်ခြင်းဖြင့် ဒေသအတွင်းငွေကြေး လည်ပတ်သုံးစွဲမှုများကောင်းမွန်ပြီး ဒေသတွင်းတိုးတက်မှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ထို့အတူစားသုံးဆီများ ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် မကွေးတိုင်းအား ပထမဆီအိုး၊ တနင်္သာရီတိုင်းဒေသကြီးသည် ဒုတိယဆီအိုးဖြစ်သကဲ့သို့ ရှမ်းပြည်နယ်သည်လည်း ပဲပုပ်၊ နေကြာ၊ နှမ်းနှင့် ပန်းနှမ်း

များစိုက်ပျိုးနိုင်သဖြင့် ဆီထွက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ရှမ်းပြည်နယ်ကိုလည်း တတိယဆီအိုးအဖြစ်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးကိုလည်း မိမိတို့နိုင်ငံ၏စပါးကျီအဖြစ် သတ်မှတ်ထားကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများစိုက်ပျိုးရာတွင် ရယူထားသည့် အချို့မြေများပေါ်တွင် စိုက်ပျိုးမှုများဆောင်ရွက်ထားခြင်း မရှိသည်ကို တွေ့ရှိရသဖြင့် စည်းကမ်းနှင့်အညီဆက်လက်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံခြားကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လျက်ရှိကြကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်သည့်နိုင်ငံတိုင်းတွင် ပြည်တွင်းတိုင်းရင်းသားများရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့်ဆောင်ရွက်ကြရကြောင်း၊ မိမိတို့နိုင်ငံသည် ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းနိုင်ရေးအတွက် တပ်မတော်က နိုင်ငံတော်တာဝန်အား စတင်တာဝန်ယူချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ဖော်ဆောင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ၁၉၈၉ ပြည့်နှစ်တွင် စတင်လက်ခံခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် မိမိတို့နိုင်ငံ၌ စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအများဆုံး၊ တရုတ်နိုင်ငံက ဒုတိယအများဆုံးနှင့် ထိုင်းနိုင်ငံက တတိယအများဆုံးဖြစ်ကြောင်း၊ ယခုအခါနိုင်ငံရေးအကြပ်အတည်းများကြောင့် ရင်းနှီးမြှုပ်နှံမှုများတုန့်ဆိုင်းခြင်းနှင့် ခေတ္တရပ်ဆိုင်းသွားခြင်းများရှိကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုတွင် ယခင်နှစ်များက နှစ်စဉ်လိုငွေ ၁ ဘီလီယံခန့်ရှိခဲ့ပြီး ယခု ၂၀၂၀-၂၀၂၁ ခုနှစ်မှစ၍ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၅၃၂ ဒသမ ၃၆ သန်းရှိခဲ့ကြောင်း၊ ဆီသုံးစွဲမှုများကိုပါ လျှော့ချနိုင်မည်ဆိုပါက ကုန်သွယ်မှုပိုငွေများ ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုပြီး ပြည်ပမှတင်ပို့မှုများကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**ထပ်မံတိုးချဲ့ဖွဲ့စည်းရေး**

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့်ဟူ၍ အဆင့်ဆင့်ရှိကြောင်း၊ အုပ်ချုပ်မှုလုပ်ငန်းများ ယခုထက်ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်အဆင့်များကို ထပ်မံတိုးချဲ့ဖွဲ့စည်းရေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် “ နိုင်ငံတွေမှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးပြီးနိုင်ငံ၊ နောက် ဖွံ့ဖြိုးမှုအမြန်ဆုံးနိုင်ငံ OECD နိုင်ငံ၊ အဲ့တာတွေရှိတယ်ဆိုပြီးတော့ ကုလသမဂ္ဂကနေ ပြောထားတာတွေရှိတယ်။ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံများစာရင်း Least Developed Countries ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် ၄၆ နိုင်ငံရှိပါတယ်။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက ထုတ်ပြန်တဲ့ကိန်းဂဏန်းအရ ဖွံ့ဖြိုးဆဲနိုင်ငံကတော့ ၁၅၂ နိုင်ငံရှိပါတယ်။ နောက်တစ်ခါ စက်မှုထိပ်သီးနိုင်ငံ G-7။ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ယူနိုက်တက်ကင်းဒန်း၊ ယူနိုက်တက်စတိတ်၊ နောက် အီးယူနိုင်ငံတွေပါပါတယ်။ နောက် OECD နိုင်ငံတွေ၊ အားလုံး ၃၈ နိုင်ငံရှိပါတယ်။ နိုင်ငံတိုင်းမှာ Class ခွဲလိုက်ရင် ဒီလိုသွားတွေ့တယ်။ ဆိုလိုတာက နိုင်ငံတွေက ကြိုးစားနေရတာပါပဲ။ ကိုယ့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်။ အထူးသဖြင့် နိုင်ငံကိုဦးဆောင်တဲ့ အဖွဲ့အစည်းတွေကနေပြီးတော့ ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားနေရတာပါပဲ။ အကုန်လုံးကတော့ မိဘဆိုတာ သားသမီးကို ဆင်စီးပြီး မြင်းရံတာမြင်ချင်သလိုပါပဲ။ အစိုးရဆိုတာလည်း ပြည်သူ၊ ပြည်သားတွေချမ်းသာဖို့အတွက်။ အာဏာရှင်တွေကလွဲရင်ပေါ့။ အာဏာရှင်တွေက ဒီလိုမျိုးစိတ်ရှိချင်မှလဲရှိလိမ့်မယ်။ သာမန်အားဖြင့် နိုင်ငံတစ်ခုကိုဦးဆောင်နေတဲ့ အစိုးရတို့၊ အဖွဲ့အစည်းတွေဆိုတာကတော့ ကိုယ်စားပြုပြီးသားတွေ၊ ကိုယ့်တိုင်းပြည် ချမ်းသာကြွယ်ဝဖို့အတွက် လိုလားတာဖြစ်ပါတယ်။ အကုန်လုံးကြိုးစားနေတာ။ မကြိုးစားရင်၊ မလုပ်ရင်ဘာမှမဖြစ်ပါဘူး။ လုပ်မှရမှာ။ အလကားနေပြီးတော့ သဘာဝကပေးတဲ့ဟာလေးနဲ့ ကျေနပ်နေလို့မဖြစ်ဘူး။ ငြိမ်နေလို့လည်းမရဘူး။ တချို့လည်းမိရိုးဖလာချမ်းသာလို့ဆိုပြီးတော့ ချမ်းသာကြတာတွေရှိတယ်။ တိုင်းပြည်ရဲ့ ထုတ်ကုန်ပစ္စည်းအရချမ်းသာတာ။ ဥပမာအားဖြင့် ပင်လယ်ကွေ့နိုင်ငံတွေဆိုလို့ရှိရင် အရင်တုန်းကဆင်းရဲ

တယ်။ ရေနံတို့၊ ခဲတွင်းတို့၊ ထွက်လာတဲ့အခါမှာ ကမ္ဘာမှာ အချမ်းသာဆုံးတိုင်းပြည်တွေဖြစ်လာကြတယ်။ ပေးတဲ့သဘာဝကိုကဖြစ်လာတာ။ ဒီလိုမှမဟုတ်ဘဲနဲ့ သာမန်အားဖြင့်ရှိတဲ့နိုင်ငံတွေအားလုံးကတော့ ကြိုးစားအားထုတ်မှုနဲ့ အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ ဒီလိုပဲ လူဆိုတာလည်း အလုပ်လုပ်မှကြိုးစားမှပဲ တိုးတက်မှုဆိုတာဖြစ်လာလိမ့်မယ်။ ဘာမှမလုပ်ရင်တော့ ကျန်ခဲ့မှာပဲဖြစ်တယ်။ ကျွန်တော်တို့တိုင်းပြည်ဘာမှမလုပ်ရင် ကျွန်တော်တို့တိုင်းပြည် ကျန်ခဲ့လိမ့်မယ်။ ရပ်နေလို့မရဘူး။ အကုန်လုံးက သွားနေကြတယ်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက Movement အားလုံးနဲ့၊ Activities အားလုံးနဲ့ သွားနေကြတယ်။ လုပ်ဆောင်ချက်အားလုံးနဲ့ သွားနေကြတယ်။ ကိုယ့်တိုးတက်မှုကို ကိုယ်ဖန်တီးပြီးတော့ ကြိုးစားလုပ်နေကြတယ်။ အဲ့ဒီအချိန်မှာ မလုပ်တဲ့တိုင်းပြည်ကတော့ ကျန်ခဲ့မယ်။ လူလည်းဒီလိုပဲ။ မကြိုးစားဘူးဆိုရင် ကျန်ခဲ့မှာပဲ။ အလုပ်မလုပ်ရင်လည်းကျန်ခဲ့မှာပဲ။ ဆိုပါတော့ ပညာသင်ဖို့အတွက် ကျောင်းမနေဘူးဆိုရင် သူကျန်ခဲ့မှာပဲ။ အလုပ်လုပ်သင့်တဲ့ လုပ်နိုင်တဲ့အချိန်မှာ အလုပ်ကောင်းကောင်း မလုပ်နိုင်ဘူး၊ အလုပ်ကောင်း ကောင်းမလုပ်ဘူးဆိုလည်း သူကျန်ခဲ့မှာပဲ။ အလုပ်မလုပ်ပဲနေလို့မရဘူး။ ပညာမသင်ပဲနေလို့မရဘူး။ ပညာ သင်တဲ့အရွယ်မှာ ပညာသင်ဖို့ လိုကိုလိုတယ်။ အလုပ်လုပ်တဲ့အရွယ်မှာ အလုပ်လုပ်ဖို့လည်းလိုတယ်။ စောင့်ရှောက်ရမယ့်အရွယ်မှာ နိုင်ငံတော်ကစောင့်ရှောက်ဖို့လည်းလိုအပ်တယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ကတော့ ကျောင်းတွေဖွင့်ပေးတယ်။ ပညာသင်ဖို့ဖွင့်ပေးထားတယ်။ ဆေးရုံတွေဖွင့်ပေးထားတယ်။ ကျန်းမာရေးနဲ့ပတ်သက်တာအကုန်လုံးဆောင်ရွက်နိုင်ဖို့ ဖွင့်ပေးထားတယ်။ တစ်ခါအလုပ်အကိုင်အခွင့်အလမ်းနဲ့ပတ်သက်လို့ရှိရင်လည်း နိုင်ငံမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ လုပ်ရတဲ့ နယ်ပယ်တွေအများကြီးရှိတယ်။ ဒီမှာလုပ်ကြဖို့ ကျွန်တော် လမ်းကြောင်းတွေ ဖွင့်ပေးထားတယ်။ ဒီအပေါ်မှာလည်း စနစ်တကျနဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ ကျွန်တော်တို့ ကြိမ်ဖန်များစွာပေါ့လေ တိုက်တွန်းတယ်၊ နှိုးဆော်တယ်၊ ပညာပေးတယ်။ အစိုးရဌာနများကလည်း ဦးဆောင်ပြီးလုပ်ပေးတယ်။ သို့သော်လည်းပဲ တကယ်လုပ်ရမှာက ဘယ်သူလဲဆိုရင် တာဝန်ရှိတဲ့ ကာယကံရှင်တွေကပဲ လုပ်ကြရမှာဖြစ်တယ်။ သူတို့လုပ်ကြရမှာ။ သူတို့ မလုပ်ရင်တော့ ဒီအကျိုးအမြတ်ကိုခံစားရမှာမဟုတ်ဘူး။ ဒီအသီးအပွင့်ကိုခံစားရမှာ မဟုတ်ဘူး။ စောစောက ကျွန်တော် ပြောတယ်။ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်တွေ ခံစားချင်တယ်ဆိုရင်လည်း အလုပ်လုပ်မှပဲခံစားရမယ်။ အလုပ်မလုပ်ပဲနဲ့တော့ မခံစားရနိုင်ဘူး။ ပညာမသင်ပဲနဲ့ ပညာတတ်တွေဖြစ်နိုင်စရာအကြောင်းမရှိဘူး။ ပညာသင်မှပဲပညာတတ်တွေဖြစ်နိုင်တယ်။ ပညာတတ်တွေဖြစ်လာမှပဲ အလုပ်အကိုင်အခွင့်အလမ်းတွေက ပိုပြီးတော့မှ တိုးတက်ဖန်တီးနိုင်ခွင့်တွေ ပိုရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ သတိထားပြီး လုပ်ဖို့လို့ပါတယ်။ ကိုယ်မကြိုးစားရင် ကိုယ့်ကိုသူများကကျော်တက်သွားမှာပဲ။ အချင်းချင်းကြည့်လိုက်ပါဗျာ မကြိုးစားတဲ့သူတွေ ကျန်ခဲ့တာပဲ။ ကြိုးစားတဲ့သူတွေကျော်သွားတာပဲ။ သူငယ်ချင်းအချင်းချင်းပဲ။ ကြိုးစားအားထုတ်တဲ့သူက ကျော်တက်သွားတယ်။ မကြိုးစားတဲ့သူကကျန်ခဲ့တာပဲ။ ဒါလူ့သဘော သဘာဝကြည့်လို့ရှိရင် တိုင်းပြည်လည်းဒီလိုပဲဖြစ်မှာပါပဲ။ ဒေသလည်းဒီလိုပဲဖြစ်မှာပါပဲ။ စောစောကပြောတဲ့ ဒေသအလိုက်ဆင်းရဲကွာခြားမှု၊ ဆူကြုံနိမ့်မြင့်ကွာခြားမှု နိမ့်ပါးချင်တယ် ဆိုလို့ရှိရင် နိမ့်ပါးတဲ့တိုင်းပြည်ကလည်း ကြိုးစားအားထုတ်မှုနဲ့လုပ်ရမယ်။ ကိုယ်လည်းကြိုးစားရမယ်။ နိုင်ငံတော်ကလည်း ဖြည့်ဆည်းပေးရမယ်။ ဒေသတွင်းကွာခြားမှုရှိလည်း၊ ဒေသတွင်းမှာလည်း ဒီလိုမဖြစ်အောင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေကလည်း စီမံခန့်ခွဲပေးရမယ်။ ဒေသမှာရှိတဲ့ ကိုယ်ကိုယ်တိုင်လည်း ကြိုးစားရမယ်။ မလုပ်ပဲနဲ့တော့ဘယ်ရမလဲ။ ဒါကြောင့် ဒီသဘာဝကို ကျွန်တော်တို့ နားလည်ပြီးတော့မှ တိုးတက်အောင်ဆောင်ရွက်မယ်

> **ပညာမသင်ပဲနဲ့ ပညာတတ်တွေဖြစ်နိုင်စရာ အကြောင်းမရှိဘူး။ ပညာသင်မှပဲ ပညာတတ် တွေဖြစ်နိုင်တယ်။ ပညာတတ်တွေဖြစ်လာမှပဲ အလုပ်အကိုင်အခွင့်အလမ်းတွေက ပိုပြီးတော့မှ တိုးတက်ဖန်တီးနိုင်ခွင့်တွေ ပိုရမှာဖြစ်ပါတယ်။**

ဆိုလို့ရှိရင်၊ ကျွန်တော်တို့နိုင်ငံ ဘာလို့မတိုးတက်စရာ အကြောင်းရှိမလဲဗျာ။ ဘာလို့မတိုးတက်ရမလဲ၊ တိုးတက်တာပေ့ါ။ ငြိမ်းချမ်းရေးလိုချင်လို့ရှိရင် ငြိမ်းချမ်းတာပေ့ါ။ စောစောကပြောတဲ့ အသီးအပွင့်ခံစားချင်လို့ရှိရင် ငြိမ်းချမ်းရေးကြောင့်ဖြစ်တယ်ဆိုလို့ရှိရင် အဲ့ငြိမ်းချမ်းရေးကို ကျွန်တော်တို့ ရအောင်လုပ်မယ်။ ငြိမ်းချမ်းရေးမှာလည်း ဘာကြောင့်ငြိမ်းချမ်းရေးမရလဲဆိုရင်လည်း တိုင်းရင်းသားရေးတို့၊ ဒီမိုကရေစီတို့ ဖက်ဒရယ်တို့ အကြောင်းပြနေတာ။ ဟုတ်ပြီ။ အဲ့ဒီမှာတကယ့် Fair ဖြစ်တဲ့ဟာကို စဉ်းစား။ စဉ်းစားပြီးလုပ်မယ် ကျွန်တော်တို့။ နားလည်တဲ့သူတွေကလည်း နားမလည်တဲ့သူတွေကို လက်တွဲခေါ်ပေးမယ်။ နားမလည်တဲ့သူတွေကို နားလည်တဲ့သူတွေကနေပြီးတော့ မြှောက်ထိုးပင့်ကော်လုပ်နေရင်တော့ ပိုဆိုးသွားမှာပေ့ါ။ နားမလည်တဲ့သူကိုနားလည်တဲ့သူကနေ လက်တွဲ ခေါ်ပြီးတော့မှ တိုင်းပြည်ရဲ့အကျိုးကို ကြည့်ပြီးလုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဘာလို့ငြိမ်းချမ်းရေးမရစရာအကြောင်းရှိလဲ။ သူတို့မြှောက်ထိုးပင့်ကော်လုပ်နေလို့ ရှိရင်တော့ ဘယ်လိုမှ ငြိမ်းချမ်းစရာအကြောင်းမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီအကျိုးခံစားချင်ရင်တော့။ အဲ့ဒီ အကျိုးကိုခံစားဖို့အတွက်တော့ အားလုံးဝါယမစိုက်ထုတ်ပြီးလုပ်ဖို့လိုတယ်ဆိုတာလေး လူ့ရဲ့သဘောသဘာဝကြည့်ပြီးတော့ မြင်လို့ရပါတယ်။ ဒါကြောင့် ကောင်စီဝင်များအနေနဲ့ ဒါကိုလည်း ထည့်သွင်းစဉ်းစားပြီးတော့မှ လုပ်ကိုင်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်" ဟု ပြောကြားသည်။

**ဥပဒေနှင့်ညီညွတ်မှုမရှိ**

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့က ယခင်အစိုးရလက်ထက်တွင် ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ သဘောတူလက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီမှုနှင့် နိုင်ငံတကာစာချုပ်များကို ပြန်လည်သုံးသပ်ပယ်ဖျက်ရေး၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ပြီး ၎င်းတို့၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးရေး၊ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုငယ်များ၏ လူမှုဘဝများလုံခြုံမှုရှိစေရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မတည်ဆောင်ရွက်ပေးရေး၊ အုပ်ချုပ်ရေးတွင် အဓိကကျသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် နိုင်ငံရေးအရောင်အသွေး ကင်းရှင်းပြီး အများကြည်ညိုလေးစားသည့်ပုဂ္ဂိုလ်ကို ရွေးချယ်တာဝန်ပေးအပ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုလျင်မြန်လာစေရန်ဆောင်ရွက်သင့်သည့် အစီအမံများ၊ ဘဏ်များ၌ ငွေထုတ်ယူရာတွင် ယခုထက်ပိုမိုအဆင်ပြေချောမွေ့စေရေး၊ အကျဉ်းထောင်များရှိအကျဉ်းသားများဥပဒေနှင့်အညီ အခွင့်အရေးရရှိရန် ကြပ်မတ်ဆောင်ရွက်ရေး။

**ရှင်းလင်းတင်ပြ**

သစ်တောထွက် ပစ္စည်းထုတ်ယူခွင့်ဥပဒေနှင့်အညီ သစ်ထုတ်လုပ်ပြီးသည့်နေရာများ၌ ကျန်ရှိနေသည့် သစ်မြစ်ဆုံ၊ သစ်ငုပ်များကိုထုတ်ယူ၍ အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ မြစ်ဆုံဒေသတွင် ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့်ရေသယံဇာတများ ထိခိုက်နေမှုကို ကြပ်မတ်ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရေး၊ တက္ကသိုလ်များရှိစာကြည့်တိုက်များတွင် လိုအပ်သည့်ဘာသာရပ်ဆိုင်ရာ စာအုပ်၊ စာပေများဖြည့်ဆည်းပေးရေး၊ လှိုင်ကော်မြို့နှင့် ဒီမော့ဆိုမြို့နယ်တို့တွင် ပြည်သူများ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရေးအတွက်လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ရေး၊ ကျိုက်မရောဘိလပ်မြေစက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ခရိုင်များတိုးချဲ့ဖွဲ့စည်းရေးအတွက် လျာထားဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ တောင်သူလယ်သမားများနှင့် အလုပ်

သမားများ၏ တွေ့ဆုံပွဲများကို သင့်တော်သည့်အချိန်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ၏အခွင့်အရေးကိစ္စများစဉ်းစားဆောင်ရွက်ရာတွင် လူမျိုးစုအနည်းငယ်အတွက်သာ စဉ်းစားဆောင်ရွက်ခြင်းမပြုဘဲ တိုင်းရင်းသားအားလုံး၏အရေးကို စဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားအခွင့်အရေးများနှင့်စပ်လျဉ်း၍ နစ်နာမှုများရှိပါက တိုင်ကြားနိုင်ပြီး လိုအပ်သလိုအရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် ပါတီနိုင်ငံရေးကင်းစင်သူများဖြစ်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍတွင် ပါတီနိုင်ငံရေး အရောင်အသွေးပါဝင်လာပါက လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲရှိကြောင်း။

အကျဉ်းသားများ ဥပဒေနှင့်အညီ အခွင့်အရေးရရှိရန် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သစ်ထုတ်ပြီးသည့်ဒေသများတွင် သစ်မြစ်ဆုံများထုတ်ယူရေးကိစ္စတွင် ဥပဒေနှင့်အညီ ရိုးရိုးသားသားဆောင်ရွက်ကြရန် လိုကြောင်း၊ မြစ်ဆုံဒေသတွင် ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ရေသယံဇာတများ ထိခိုက်နေမှုကို ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အပါအဝင် အခြားဒေသများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တင်ပြကြစေလိုကြောင်း၊ သို့မှသာ အချိန်မီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများရှိ ယဉ်ကျေးမှုပြတိုက်များကို တိုးချဲ့၍ အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များရှိ စာကြည့်တိုက်များတွင် လိုအပ်သည့်စာအုပ်စာစောင်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရန်ပုံငွေတိုးမြှင့်ချထားပေးလျက်ရှိကြောင်း။

**ဆွေးနွေးပြောကြား**

ခရိုင်များတိုးချဲ့ဖွဲ့စည်းရာတွင် ခရိုင်ဒေသ၏အားထားရမှုအခြေအနေ၊ သွားလာရေးလွယ်ကူမှုနှင့် အုပ်ချုပ်ရေးအတွက်အရေးပါမှုများကို ထည့်သွင်းစဉ်းစားပါကြောင်း၊ ထို့ပြင်ခရိုင်ဒေသ၏ စီးပွားရေးအရဖွံ့ဖြိုးမှု၊ ထင်ပေါ်မှုနှင့် အခြားအရေးပါမှုများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရကြောင်း၊ ကျိုက်မရောမြို့ ဘိလပ်မြေစက်ရုံပြန်လည် လည်ပတ်နိုင်ရေးနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံတွင် ကျိုက်မရောဘိလပ်မြေစက်ရုံအပါအဝင် စက်ရုံပေါင်း ၂၀ ရှိကြောင်း၊ စက်ရုံ ၁၀ ရုံမှာ လည်ပတ်လျက်ရှိပြီး အခြားစက်ရုံများမှာ ရပ်ထားရပါကြောင်း၊ မလည်ပတ်နိုင်သည့်စက်ရုံအချို့မှာ လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးစသည့်လိုအပ်ချက်များ မရရှိသည့်အတွက်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးရရှိရေးအတွက် မှာကြားထားပြီးဖြစ်ကြောင်း၊ မိမိအနေဖြင့်ပြည်တွင်းစီးပွားရေးကို အားပေးလျက်ရှိကြောင်း၊ မိမိတို့တာဝန်ယူသည့်အချိန်တွင် ပြည်ထောင်စုနေ့သည် စိန်ရတုနှင့်တိုက်ဆိုင်သည့်အတွက် သမိုင်းမှတ်တမ်းကျန်ရှိစေရန် ခမ်းခမ်းနားနား ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံနှင့် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လူနေမှုဘဝ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်ရမည်ဖြစ်ကြောင်း၊ တိုးတက်ရေးအတွက် လေးစားမှုနှင့် အလေးထားမှုသည် အရေးကြီးကြောင်း၊ လေးစားမှုနှင့် အလေးထားမှုသည် မိမိတို့ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် မရှိမဖြစ်ထားရှိရမည့် စိတ်ဓာတ်ဖြစ်ကြောင်း၊ အထူးသဖြင့် အချိန်ကိုလေးစားပြီး အလုပ်ကိုအလေးထားလုပ်ဆောင်ကြရန်လိုကြောင်း၊ မိမိတို့ လူမှုနယ်ပယ်တွင် အချိန်နှင့်အလုပ်ကို လေးစားမှု၊ အလေးထားမှု အားနည်းနေသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့ကောင်စီဝင်များအနေဖြင့် ပြည်သူလူထုကိုစည်းရုံးဆောင်ရွက်ကြရာတွင် လေးစားမှုနှင့် အလေးထားမှုကို ရှင်းလင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

■ ■ ■

# နို့စားနွားမွေးမြူရေးစီမံကိန်း (ထုံးဘို) နှင့် မာဘယ်ကျောက်ပြားထုတ်လုပ်ရေးစက်ရုံ (မန္တလေး) တို့သို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား

( ၂၂ - ၁ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၂၂ ရက်၊ မွန်းလွဲပိုင်းတွင် ခရီးစဉ်၌ လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးတိုင်းဒေသကြီးရှိ နို့စားနွားမွေးမြူရေးစီမံကိန်း(ထုံးဘို)နှင့်မာဘယ်ကျောက်ပြားထုတ်လုပ်ရေးစက်ရုံ(မန္တလေး)တို့သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နို့စားနွားမွေးမြူရေးစီမံကိန်း(ထုံးဘို)သို့ ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြေမဲ့စနစ်(Hydroponic Fodder)ဖြင့် အစာစိမ်းများ ကျွေးမွေးနိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ ထွက်ရှိလာသည့် နွားနို့များကို ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မွေးမြူရေးစခန်းများဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်သည် နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူလူထုတို့ အသားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝစားသောက်နိုင်စေရေးအတွက်ဖြစ်ပြီး အမြတ်အတွက်လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ သက်သာချောင်ချိရေးကို အဓိကထားစဉ်းစားဆောင်ရွက်ကြရမည်

ဖြစ်ကြောင်း၊ မန္တလေးမြို့တွင် လူဦးရေ တစ်သန်းခွဲခန့်ရှိပြီး နို့နှင့် နို့ထွက်ပစ္စည်းလိုအပ်ချက်၊ အသားလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ဈေးနှုန်းသက်သာပြီး အရည်အသွေးပြည့်မီသည့် နို့နှင့်အသားများကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနိုင်ရမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ နို့ထွက်ပစ္စည်းတင်သွင်းနေရမှုများကိုလျှော့ချပြီး ပြည်တွင်း၌ပင် လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျွေးမွေးသည့်အစာများ၏ ကြီးထွားမှုအပေါ်သက်ရောက်မှု၊ နို့ထွက်နှုန်းအပေါ်သက်ရောက်မှုတို့ကို ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေး၍စနစ်တကျကျွေးမွေးဆောင်ရွက်ရန်လိုကြောင်း၊ ဖြည့်ဆည်းပေးထားသည့် အခြေခံအဆောက်အဦများကို ထိရောက်အကျိုးရှိစွာအသုံးချ၍ ထိုးထွင်းကြံဆမှုဖြင့် လုပ်ငန်းအောင်မြင်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနှင့်အစာကို ပြည့်မီအောင် ကျွေးမွေးပြီး သန့်ရှင်းသပ်ရပ်စွာနှင့် ကျန်းမာအောင်ထားမည်ဆိုပါက နို့အထွက်နှုန်းလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်၍ စနစ်တကျသုံးစွဲရန်နှင့် အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ LED မီးနှင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်ရေးအတွက်လည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဒေသ၏ နို့ထွက်ပစ္စည်းနှင့် အသားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းအဆင့်များကို အောင်မြင်အောင်လေ့လာကြံဆပြီး လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နို့စားနွားမွေးမြူရေးစီမံကိန်းအတွင်း ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

■ ■ ■

# မန္တလေးမြို့ရှိ ဘာသာပေါင်းစုံအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၃ - ၁ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးမြို့ရှိ ဘာသာပေါင်းစုံအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများအား ဇန်နဝါရီလ ၂၃ ရက်၊ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့ YMBA အသင်းမှ ဥက္ကဋ္ဌ ဦးကြည်စိန်၊ အထက်မြန်မာပြည် ဟိန္ဒူဘာသာရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မန္တလေးမြို့ ကက်သလစ်ဘာသာ ရေးအဖွဲ့မှ ခရစ်ယာန်ဘုန်းတော်ကြီး ဦးခင်မောင်ထွေး၊ မန္တလေးမြို့ နှစ်ခြင်းဘာသာရေးအဖွဲ့မှ ခရစ်ယာန်သင်းအုပ်ဘုန်းတော်ကြီး ဦးနောင်နောင်လွင်၊ မန္တလေးမြို့ အစ္စလာမ်ဘာသာရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ မောင်လာနာဟာဖစ်ဇ်နူရ်ရွတ်ဒီးန်(ခ) ဦးမျိုးမြင့်တို့နှင့် အဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ (MMIC)ဥက္ကဋ္ဌ ဦးခင်မောင်လှနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဥက္ကဋ္ဌ ဦးဝင်းဌေးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မန္တလေးမြို့သည် နောက်ဆုံးမင်းဆက်ဖြစ်သည့် ကုန်းဘောင်မင်းဆက်သီပေါမင်း နန်းစိုက်ခဲ့သည့်မြို့တော်ဖြစ်ပြီး

ယဉ်ကျေးမှုမြို့တော်တစ်ခုဖြစ်ကာ သမိုင်းအစဉ်အလာကြီးသည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ဘာသာရေးခေါင်းဆောင်များ ပေါ်ထွန်းရာနေရာတစ်ခုဖြစ်သကဲ့သို့ အခြားဘာသာများဖြစ်သည့် အစ္စလမ်ဘာသာ၊ ခရစ်ယာန်ဘာသာဝင်များနှင့်ပတ်သက်၍လည်း အရေးပါသည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ အလားတူအခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့် အနုပညာသည်များပေါ်ထွန်းရာမြို့တစ်မြို့ဖြစ်သကဲ့သို့စီးပွားရေးအရ လမ်းပန်းဆက်သွယ် ရေးကောင်းမွန်ပြီး စီးပွားရေးအခြေခံကောင်းများ များစွာ ရှိသည့်နေရာဒေသတစ်ခုဖြစ်ကြောင်း၊ ရေခံမြေခံများကောင်းမွန်ပြီး ရာသီဥတုလည်း သင့်တင့်ကောင်းမွန်သည့်ဒေသတစ်ခုဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများ များစွာဆောင်ရွက်နိုင်သည့်ဒေသဖြစ်ပြီး မန္တလေးမြို့ပတ်ဝန်းကျင်တွင် လယ်လုပ်ငန်းများ၊ ဥယျာဉ်ခြံမြေများ အောင်မြင်ဖြစ်ထွန်းသကဲ့သို့မွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းကြောင်း၊ အလားတူ ပညာတတ်များပေါ်များသည့် မြို့တစ်မြို့ဖြစ်ပြီး ပြီးခဲ့သည့် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ တစ်နိုင်ငံလုံးပထမရရှိခဲ့ကြောင်း၊ မိမိအနေဖြင့်မန္တလေးမြို့အား တိုးတက်စေလိုသည့် စိတ်ဆန္ဒရှိကြောင်း၊ ပါတီစုံဒီမိုကရေစီအစိုးရသက်တမ်းများအတွင်း မန္တလေးမြို့သည် သိသိသာသာတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါတိုးတက်မှုများကို ယခုထက်ပိုမိုအသုံးချနိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးတွင် အချက်အချာကျသည့် ဒေသတစ်ခု၊ မြို့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။

**တိုက်ရိုက်တင်ပို့ရောင်းချနိုင်**

ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ တမူးဘက်သို့ နယ်စပ်ကုန်သွယ်ရေးအခွင့်အလမ်းများရှိပြီး ဒေသမှထွက်ရှိသည့် ထုတ်ကုန်များအား ပြည်ပနိုင်ငံများသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်သည့်အခွင့်အရေးများရှိကြောင်း၊ မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ယူချိန်တွင်လည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့နှင့်ပူးပေါင်း၍ နန်းမြို့ရိုးအားထိန်းသိမ်းခြင်းနှင့် နန်းမြို့တွင်းရှိနန်းတော်ရာ၊ အမြောက်ပြတိုက်၊ ဘုတ်တလုပ်ကန်နှင့်အခြားသမိုင်းဝင်ရှေးဟောင်းအမွေအနှစ်နေရာများအား ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ နိုင်ငံ၏ နန်းစိုက်ရာနေရာတစ်ခုဖြစ်သဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နေပြည်တော်၌လည်း မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့်ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည့် မာရဝိဇယစေတီတော်ကြီးကို တည်ဆောက်လျက်ရှိပြီး အဆိုပါ စကျင်ကျောက်များသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှထွက်ရှိသည့် ကျောက်များဖြစ်ကြောင်း၊ စေတီတော်ကြီးကို တည်ထားကိုးကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရတနာပုံခေတ်ဟန်လက်ရာများဖြင့်ခေတ်မီနည်းပညာအထောက်အကူယူ၍ ရှေးမူမပျက်တည်ဆောက်လျက်ရှိကြောင်း၊ မန္တလေးသည် မြန်မာနိုင်ငံ၏ယဉ်ကျေးမှုမြို့တော်ဖြစ်သဖြင့် မြန်မာမင်းဆက်၏ယဉ်ကျေးမှုများနှင့်ဂုဏ်ကို ပြန်လည်ထိန်းသိမ်းခြင်းများကို လုပ်ဆောင်ရမည်ပင်ဖြစ်ကြောင်း။

**ထိန်းသိမ်းဆောင်ရွက်**

ထိုသို့ထိန်းသိမ်းဆောင်ရွက်ရာတွင်လည်း ရှေးရိုးစွဲမဖြစ်စေရန်နှင့် ခေတ်နှင့်လျော်ညီအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဘာသာများအလိုက်ရှိနေသည့် ယဉ်ကျေးမှုများကိုလည်း ထိန်းသိမ်းကြရန်လိုကြောင်း၊ ခေတ်အမြင်နှင့်ပတ်သက်၍ လူငယ်အချို့တွင် ယဉ်ကျေးမှုနှင့်ပတ်သက်ပြီး ထိန်းသိမ်းမှုအားနည်းသည်ကို တွေ့ရှိရကြောင်း၊ မန္တလေးမြို့မှစ၍ ယဉ်ကျေးမှုကိုစံနမူနာပြအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မန္တလေးမြို့သည် ဗဟိုချက်မဖြစ်ပြီး နိုင်ငံအဝန်းသို့ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက်လည်း ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ အဖျက်အမှောင့်လုပ်ငန်းများကြောင့်လည်း လျှပ်စစ်ဓာတ်အားများ လုံလောက်စွာဖြန့်ဖြူးပေးနိုင်မှုမရှိခြင်းနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင်လည်း အကြောင်းအမျိုးမျိုးပြ၍ အနှောင့်အယှက်ပေးမှုများရှိခြင်းတို့ကြောင့် လျှပ်စစ်စီမံကိန်းများဆောင်ရွက်ရန် နှောင့်နှေးမှုများဖြစ်ပေါ်လျက်

ရှိကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် ထုတ်လုပ်နိုင်သည့် ခေတ်မီနည်းလမ်းများရှိကြောင်း၊ သို့သော် အချို့သောအဖွဲ့အစည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုအကြောင်းပြ၍ မိမိတို့နိုင်ငံ၏လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်မှုမပြုနိုင်ရန် နိုင်ငံရေးအရအသုံးချဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာထုတ်လုပ်နိုင်မှုမရှိသေးကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မိုးရွာရက်နည်းပါးခြင်းနှင့် မိုးရေချိန်နည်းပါးခြင်းကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ LED မီးများကိုအသုံးပြုခြင်းဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် မီတာခများသက်သာမည်ဖြစ်သကဲ့သို့ လိုအပ်သည့်နေရာတွင် မီးသုံးစွဲမှုကို ပိုမိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဘိုင်အိုဂတ်စ်များမှလည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ကြောင်း၊ “လိုလျှင်ကြံဆနည်းလမ်းရ” ဟူသည့်အတိုင်း တွေးခေါ်ကြံဆ ဆောင်ရွက်ကြရန်လိုကြောင်း။

**လမ်းပန်းဆက်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ရထားလမ်းများ၊ ကားလမ်းများ ကောင်းမွန်စေရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊

**လူတစ်ဦးတိုးတက်စေရန်အတွက် ပညာရေးကောင်းမွန်ရန်လို၊ မန္တလေးမြို့သည် အခြေခံအားဖြင့် ပညာရေးအားပေးသည့် မြို့တစ်မြို့ဖြစ်သဖြင့် နဂိုရှိရင်းစွဲ ကောင်းမွန်သည့်အချက်များကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို။**

လေကြောင်းဖြင့် သယ်ယူပို့ဆောင်မှုသည် ကုန်ကျစရိတ်များပြားပြီး ခရီးသည်နှင့် ကုန်အနည်းငယ်ကိုသာ သယ်ယူပို့ဆောင်ပေးနိုင်ကြောင်း၊ အလားတူကားဖြင့် ပို့ဆောင်မှုသည်လည်း ငွေကြေးကုန်ကျစရိတ်များပြားကြောင်း၊ ရထားဖြင့် သယ်ယူပို့ဆောင်မည်ဆိုပါက လူများစွာဖြင့် ကုန်တန်ချိန်ပေါင်းများစွာကို သယ်ယူပို့ဆောင်ပေးနိုင်သဖြင့် ရထားလမ်းများကောင်းမွန်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရထားများ အချိန်မှန်ပြေးဆွဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခရီးသွားလာမှုများအဆင်ပြေ ချောမွေ့ရန်အတွက် လမ်းနှင့်တံတားများ ကောင်းမွန်ရန်လိုအပ်သဖြင့် လမ်း များ ကောင်းမွန်စေရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်သဖြင့် ရှိရင်းစွဲကောင်းမွန်သည့် လမ်းပန်းဆက်သွယ်ရေးများကို အသုံးပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင်ဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် GDP ကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်လုပ်ငန်းနှင့် ဝန်ဆောင်မှုသုံးခုဖြင့် တွက်ချက်ရကြောင်း၊ မန္တလေးဒေသတွင် အဆိုပါအချက်သုံးခုစလုံး အားကောင်းကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကိုအခြေခံသည့် SME လုပ်ငန်းများ ဆောင်ရွက်၍ရသည့် အခြေခံကောင်းများရှိသကဲ့သို့ ယဉ်ကျေးမှုမြို့တော်၊ ရှေးဟောင်းမြို့တော်ဖြစ်သဖြင့် ဘုရား၊ ကျောင်းကန်များ များစွာရှိသကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များများစွာရှိကြောင်း၊ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုများရှိသကဲ့သို့ ရှေးဟောင်းအဆောက်အဦများနှင့်ပတ်သက်၍လည်း ယဉ်ကျေးမှုအမွေအနှစ်များ များစွာရှိကြောင်း၊ အဆိုပါယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းဆောင်ရွက်၍ ခရီးသွားများကိုဆွဲဆောင်ပြီး ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်၍ရကြောင်း။

နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံကိုယ်ကြီးပွားတိုးတက်အောင် ဆောင်ရွက်နေကြကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိသကဲ့သို့ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံ Least Developed Countries များ၊ စက်မှုထိပ်သီးနိုင်ငံများ G– 7၊ ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံများ OECD များရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေသောနိုင်ငံများအားလုံးရှိ အစိုးရအဖွဲ့အစည်းများသည်

မိမိတို့နိုင်ငံတိုးတက်စေရေးဦးဆောင်၍ ဆောင်ရွက်နေကြကြောင်း၊ မိမိတို့နိုင်ငံတိုးတက်အောင် မဆောင်ရွက်နိုင်သည့် အစိုးရများဆိုပါက နိုင်ငံအတွင်း ပြဿနာမျိုးစုံဖြစ်ပေါ်နေမည်ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်အောင်ဆောင်ရွက်နိုင်သည့် အစိုးရများသည် ပြည်သူလူထု၏ထောက်ခံမှုကိုရရှိကြကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမြဲမပြတ်ကြိုးစားအားထုတ်နေရန်လိုကြောင်း၊ အလားတူ လူတစ်ဦးချင်းအနေဖြင့်လည်းကြိုးစားအားထုတ်မှုရှိမှသာ ဘဝအတွက်တိုးတက်မှုရှိမည်ဖြစ်ပြီး ကြိုးစားအားထုတ်မှုမရှိပါက နောက်ကျကျန်ရစ်ခဲ့မည်သာဖြစ်ကြောင်း၊ ထို့ကြောင့် ဘဝတိုးတက်စေရေးအတွက် အမြဲမပြတ်ကြိုးစားအားထုတ်နေရန်လိုကြောင်း။

**ဖွင့်လှစ်သင်ကြားပေးလျက်ရှိ**

လူတစ်ဦးတိုးတက်စေရန်အတွက် ပညာရေးကောင်းမွန်ရန်လိုကြောင်း၊ မန္တလေးမြို့သည် အခြေခံအားဖြင့်ပညာရေးအားပေးသည့် မြို့တစ်မြို့ဖြစ်သဖြင့် နဂိုရှိရင်းစွဲကောင်းမွန်သည့်အချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံသားများအားလုံး ပညာတတ်မြောက်ရေးအတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပညာသင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍လည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးကိုသာမက စာပေများကိုလည်း ဖတ်ရှုလေ့လာနိုင်ရေးအတွက် စာကြည့်တိုက်များ ပြည့်စုံစွာထားရှိပေးထားရန်လိုကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေသည့်ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး ဖန်တီးပေးရန်လိုကြောင်း၊ အခြေခံကောင်းများကို အသုံးချ၍ ပညာတတ်များ များစွာပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး အသိတရားနှင့် ကြိုးစားအားထုတ်မှုအပေါ်မူတည်၍ ဘဝတွင်ကွာခြားမှုများဖြစ်ပေါ်သွားမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရမည့်အရွယ်အားလုံး ပညာသင်ကြားနိုင်ရေးအတွက် အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

မန္တလေးမြို့သည် ရာသီဥတုကောင်းမွန်ပြီး ရေခံမြေခံကောင်းမွန်သည့်ဒေသတစ်ခုဖြစ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာ၌ မိရိုးဖလာအတိုင်းဆောင်ရွက်ခြင်းမဟုတ်ဘဲ ခေတ်နှင့်လျော်ညီစွာဆောင်ရွက်မှသာ စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်မြင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ထွက်ကုန်များကိုအသုံးပြု၍ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မန္တလေးမြို့သည် မိမိတို့နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဗဟိုချက်နေရာတွင်တည်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။

မိမိတို့၏ ရည်ရွယ်ချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ နိုင်ငံသားအားလုံး မိမိတို့ဒေသတွင် ပျော်ပျော်ရွှင်ရွှင်ဖြင့် နေထိုင်လုပ်ကိုင်နိုင်ပြီး တရားဥပဒေများ စိုးမိုးမှုရှိရမည်၊ ငြိမ်းချမ်းရမည်၊ လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်ရမည်၊ ကျောင်းနေအရွယ်အားလုံး ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ "အူမတောင့်မှ သီလစောင့်နိုင်မည်" ဆိုသည့်အတိုင်း စားရေရိက္ခာပေါများအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ရေခံမြေခံကောင်းမွန်သည့် နေရာများစွာရှိပြီး အပြည့်အဝအသုံးချနိုင်မည်ဆိုပါက စားရေရိက္ခာများပေါများမည်ဖြစ်ကြောင်း၊ နိုင်ငံသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးမြို့ရှိ ဘာသာရေးဆိုင်ရာခေါင်းဆောင်များအားလုံးအနေဖြင့် မိမိတို့ဘာသာဝင်အသီးသီးအား ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ပေးကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းပြီး ဒီအရိပ်ကိုခိုနေသူများဖြစ်သဖြင့် နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာပေါများစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (မန္တလေး)ရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအားတွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၂၃ - ၁ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီလ ၂၃ ရက်၊ မွန်းလွဲပိုင်းတွင် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံသည်။

## အဆင်ပြေစွာ ရပ်တည်နေထိုင်နိုင်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၏ လူမှုစီးပွားဘဝအတိုင်းအတာတစ်ခုအထိ အဆင်ပြေစွာ ရပ်တည်နေထိုင်နိုင်ရေး အမြဲတမ်းစဉ်းစား၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခု အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (မန္တလေး)တွင် နေထိုင်သည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအနေဖြင့် ပြည့်စုံသည်မဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ အဆင်ပြေစွာနေထိုင်နေကြရသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရှိရင်းစွဲလုပ်ငန်းများ၊ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်လုပ်ငန်းများနှင့်အခြေအနေအရပ်ရပ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်နေရလျက်ရှိကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ဘက်ဂျက်ကန့်သတ်ချက်ရှိပြီး တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများ ပြည့်မီစွာပေးသွင်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီသာဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အခွင့်အရေးများတောင်းဆိုခဲ့ခြင်း မရှိကြောင်း၊ ရရှိလာသည့် အကျိုးအမြတ်များမှ ယခုကဲ့သို့ တပ်မတော်သား၊ စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

## ထိန်းကျောင်းပေးရမည်

တပ်မတော်မှ ဆောင်ရွက်ပေးထားသည့် အိမ်ရာများ၊ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးထားပြီးဖြစ်သဖြင့် မိမိတို့နေထိုင်ရသည့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူတို့၏ သဘောသဘာဝ

သည် အလုပ်မလုပ်ပါက ထုံထိုင်းသွားတတ်ပြီး ဘဝပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်သောကြောင့် မိမိတို့လုပ်နိုင်သရွေ့လုပ်ဆောင်ကြရန်၊အခြေအနေပေးသရွေ့ လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး မိမိကိုယ်တိုင်နှင့် မိမိမိသားစုကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အပျော်အပါး၊ အသောက်အစား၊ အလောင်းအစားများနှင့်ပတ်သက်၍ မိမိတို့တစ်ဦးချင်းကိုယ်စီအသိစိတ်ဖြင့် ရှောင်ကြဉ်ကြရန်လိုအပ်မည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ဘာသာတရား အဆုံးအမများဖြင့် နေထိုင်တတ်အောင် ထိန်းကြောင်းပေးကြရမည်ဖြစ်ကြောင်း။

**ထိန်းသိမ်းရန်လိုအပ်**

မိမိတို့တစ်ဦးချင်း၏ အသိစိတ်ဓာတ်ဖြင့် မိမိနှင့်မိမိတို့၏ မိသားစုများကို ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကောင်းမွန်သည် လူမှုဘဝပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုနှင့်ပတ်သက်သည့် ပွဲလမ်းသဘင်များကို လုပ်ဆောင်၍ရသည်ဖြစ်သော်လည်း နည်းလမ်းမကျသော သောက်စားပျော်ပါးသည့် ပျော်ရွှင်မှုများကို မလုပ်ဆောင်ကြစေလိုကြောင်း။

**နိုင်ငံသားများပေါင်းစည်းထား**

တပ်မတော်သားများသည် မိမိတို့၏ သဘောဆန္ဒများအလျောက် တပ်မတော်တွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံအဝန်းမှ နိုင်ငံသားများ ပေါင်းစည်းထားခြင်းပင်ဖြစ်ကြောင်း၊ အိမ်ရာတွင်နေထိုင်သည့် စစ်မှုထမ်းဟောင်းများသည် တပ်ပေါင်းများစွာတွင် အမှုထမ်းခဲ့ကြသူများဖြစ်ပြီး ဆွေရင်းမျိုးရင်းများမဟုတ်ကြသော်လည်း သွေးသားမတော်စပ်သည့် မိသားစုများပင်ဖြစ်သည့်အတွက် ညီအစ်ကို၊ ညီအစ်မ၊ မောင်ရင်းနှမသဖွယ် စိတ်ဓာတ်ဖြင့် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ လူတို့၏ သဘောသဘာဝအရ မတူညီမှု၊ မညီမျှမှုများရှိကြသည်ဖြစ်သော်လည်း ညီရင်းအစ်ကိုဟူသည့် စိတ်ကိုအရင်းခံ၍ ဆောင်ရွက်မည်ဆိုပါက မတူညီမှုများကိုအနည်းဆုံးဖြစ်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုရှိရန် အဓိကအရေးကြီးကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားက ပေါက်ဖွားလာခြင်းဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် တပ်မတော်ကိုအလေးထားကြပြီး နိုင်ငံရေးအရ အမြတ်ထုတ်လိုသူ၊ အသုံးချလိုသူများကသာလျှင် တပ်မတော်၏ အမျိုးသားနိုင်ငံရေး တာဝန်ထမ်းဆောင်မှုများကို နိုင်ငံရေးတွင်အသုံးချခဲ့ကြသည်များရှိကြောင်း။

**ပြုစုပျိုးထောင်ပေး**

စစ်မှုထမ်းဟောင်းများအနေဖြင့် မိမိတို့၏ သားသမီးများ၏ လူမှုဘဝမြင့်မားရေး၊ ဘဝတစ်လျှောက်အေးချမ်းသာယာစွာ ဖြတ်သန်းနိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်တပ်မတော်က လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် မိမိတို့ သားသမီးများ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား

( ၂၄ - ၁ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီလ ၂၄ ရက်၊ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာနအမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သံမဏိစက်ရုံစီမံကိန်းများဆောင်ရွက်ထားရှိမှု၊ သံနှင့်သံမဏိပစ္စည်းများ ပြည်ပမှတင်သွင်းမှုနှင့် ပြည်တွင်း၌ထုတ်လုပ်နေမှုအခြေအနေ၊ နှစ်အလိုက် သံနှင့်သံမဏိပစ္စည်းများ သုံးစွဲမှုလိုအပ်ချက်၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေလျာထားတောင်းခံမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုလည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြင်းခြံ–သာစည်လမ်းပိုင်း၊ သာစည်–ရွှေညောင်လမ်းပိုင်း၊ ရွှေညောင်–တောင်ကြီးလမ်းပိုင်းနှင့် တောင်ကြီး– ဆိုက်ခေါင်လမ်းပိုင်းများတွင် လမ်းပိုင်းများအလိုက် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်ခြင်းနှင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအတွင်း သံရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်နှင့် ဒိုလိုမိုက်များထွက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက

၂၃၀ ကေဗွီအေ မြင်းခြံဓာတ်အားခွဲစက်ရုံနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညို့စောက မြန်မာစီးပွားရေး ကော်ပိုရေးရှင်း သံမဏိစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ပြည်တွင်းတွင် အသုံးအများဆုံးဖြစ်သည့် Deformed Bar (သံချောင်းလုံး)များကို အဓိကလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းသံမဏိ လိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများကို သတ်မှတ်ချိန်အတွင်း ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍လည်း စနစ်တကျဖြင့် စိစစ်သုံးစွဲရန်လိုကြောင်း၊ စက်ရုံများတွင် အသုံးပြုသည့် ပစ္စည်းများ ရာသီဥတုကြောင့် ပျက်စီးမှုမဖြစ်စေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ သံမဏိစက်ရုံ(မြင်းခြံ)အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ ၉၉ ဒသမ ၃၄ ရာခိုင်နှုန်းနှင့် ၉၅ ဒသမ ဝ၂ ရာခိုင်နှုန်းရောက်ရှိပြီးဖြစ်သော်လည်း ဆက်လက်တည်ဆောက်မှုမပြုလုပ်နိုင်ရန်အတွက် ၂ဝ၁၇ ခုနှစ်၌ လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် မိမိတို့နိုင်ငံအတွက် ဘဏ္ဍာငွေများစွာထိခိုက်ဆုံးရှုံးခဲ့ရကြောင်း၊ ယနေ့ ဈေးငွေများအတွက် အရင်း၊ အတိုးပေးဆပ်နေရကြောင်း၊ ရောက်ရှိပြီးဖြစ်သည့် စက်ရုံပစ္စည်း၊ စက်ပစ္စည်းများမှာ ပြင်ပတွင်ထားသိုရသဖြင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ခဲ့ရာ ဝန်ကြီးဌာနအနေဖြင့်အကောင်းဆုံး ပြန်လည်ထိန်းသိမ်းသွားရန်နှင့် မူလလည်ပတ်ပြီး ပြန်လည်ရပ်ဆိုင်းခဲ့ရသည့် သံမဏိစက်ရုံ အမှတ်(၁)အား အမြန်ပြန် လည်ပတ်နိုင်ရန်လိုကြောင်း၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ စက်ရုံစီမံကိန်းများအား စနစ်တကျဖြင့် အပိုင်းလိုက်တည်ဆောက်၍ မှန်မှန်ကန်ကန်ဖြင့် မြန်မြန်ဆန်ဆန်ပြီးစီးစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်တွင် အိမ်ဆောက်လုပ်ရေးသံမဏိပစ္စည်းများမှာ များစွာလိုအပ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့်သာမဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆောင်ရွက်လိုပါကလည်း စည်းကမ်းများနှင့်အညီခွင့်ပြု၍ ပြည်တွင်းသံမဏိထုတ်လုပ်မှုလုပ်ငန်းကို အားပေးမြှင့်တင်ပေးရန်လိုကြောင်း၊ မြင်းခြံသံမဏိစက်ရုံအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးနှင့် ကုန်ကြမ်းကုန်ချောများ သယ်ယူပို့ဆောင်မှုအဆင်ပြေချောမွေ့စေရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

**ဦးစားပေးဆောင်ရွက်**

ရထားလမ်းများအား ကွန်ကရစ်ဇလီဖာတုံးလဲလှယ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီအောင်စနစ်တကျဖြင့် တည်ဆောက်ရန်လိုကြောင်း၊ ခရီးသွားများ အဆင်ပြေချောမွေ့စေရေးအတွက် လူစီးရထားများ ပြေးဆွဲသည့်လမ်းများကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ရထားတွဲများ ပိုမိုချိတ်ဆက်ပြေးဆွဲနိုင်ရေး ခေါင်းတွဲများ စွမ်းရည်မြှင့်တင်နိုင်ရန်လိုကြောင်း၊ ရထားတွဲအရေအတွက် တိုးမြှင့်ချိတ်ဆွဲပြီး ခေါက်ရေလျှော့ချ ပြေးဆွဲနိုင်မည်ဆိုပါက ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ကြောင်း၊ ရထားလမ်းများ ပြင်ဆင်ဖောက်လုပ်ရာတွင်လည်း စနစ်တကျဖြင့် တွက်ချက်စဉ်းစားဆောင်ရွက်ပြီးမလိုလားအပ်သည့် ငွေကြေးကုန်ကျမှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဖို့မြေများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့စေရေးအတွက် အောက်ခြေခိုင်မာအောင် စနစ်တကျဖြင့် ဆောက်လုပ်ရန်လိုကြောင်း။

> **မိမိတို့နိုင်ငံတွင် သံမဏိထုတ်လုပ်ရန်အတွက် အခြေခံသံရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များရှိပြီးဖြစ်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးသံမဏိများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ပါက ပြည်ပမှ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်။**

မိမိတို့နိုင်ငံတွင် သံမဏိထုတ်လုပ်ရန်အတွက် အခြေခံသံရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များရှိပြီးဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးသံမဏိများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ပါက ပြည်ပမှတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဒေသစက်မှုလုပ်ငန်းများဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ၂၀၂၀ – ၂၀၂၁ ခုနှစ် သံနှင့် သံမဏိပစ္စည်း ဒေါ်လာ ၉၉၅ သန်းခန့် တင်သွင်းခဲ့ရသဖြင့် ပြည်တွင်းသံမဏိထုတ်လုပ်ခြင်းလုပ်ငန်းကို မြှင့်တင်၍ ပြည်ပမှတင်သွင်းမှုများကို လျှော့ချသွားရန်လိုကြောင်း။

ဆောက်လုပ်ရေးအတွက် သံမဏိများလိုအပ်သကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကုန်ကြမ်းထွက်ရှိသည့် ဒေသများတွင် ဘိလပ်မြေစက်ရုံများလည်း ထပ်မံတိုးချဲ့တည်ဆောက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံအတွက်မဟာဗျူဟာဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်းမှာကြားပြီး မြန်မာနိုင်ငံအတွက် သံနှင့်သံမဏိလုပ်ငန်း ပြန်လည်နိုးကြားတစ်ခေတ်ဆန်းလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ယခုထက်ပိုမိုတိုးတက်လာစေရေး မြင်းခြံသံမဏိစက်ရုံမှ အဓိကအင်အားစုအဖြစ် အားဖြည့်နိုင်ပါစေကြောင်း ပြောကြားသည်။

■ ■ ■

# မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့် အမှာစကား

( ၂၄ - ၁ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီလ ၂၄ ရက်၊ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက ဓာတ်အားပေးစက်ရုံဆိုင်ရာ အကျဉ်းချုပ် အချက်အလက်များ၊ နှစ်အလိုက် ရဲရွာတမံရေသိုလှောင်မှုအခြေအနေ၊ နှစ်အလိုက် ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေ၊ ရဲရွာရေလှောင်တမံနှစ်အလိုက် ရေဝင်ရောက်မှုအခြေအနေ၊ ရေလှောင်တမံရေအမြင့်အလိုက် စက်တစ်လုံးထုတ်လုပ်နိုင်မှုစွမ်းအား၊ ဝန်ထမ်းအင်အားနှင့် ဝန်ထမ်းအိမ်ရာများပြုပြင်ဆောင်ရွက်နေမှုအခြေအနေ၊ ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း စက်အမှတ် (၄) အကြီးစားပြုပြင်ခြင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ မြစ်ငယ်မြစ်ပေါ်ရှိ ရေအားလျှပ်စစ်အရင်းအမြစ်များ၏ လျှပ်စစ်စီမံကိန်းများ၏အခြေအနေ၊ နမ္မတူ (သီပေါ) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ အထက်ရဲရွာစီမံကိန်းဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အလယ်ရဲရွာရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ၂၀၂၂ ခုနှစ်အတွင်း ရေအားနှင့်နေရောင်ခြည်စွမ်းအင် သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားများထုတ်လုပ်နေမှုအခြေအနေနှင့် နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲမှု

အခြေအနေ၊ ဓာတ်အားလိုအပ်ချက်၊ ထုတ်လုပ်နိုင်မှုနှင့် ဝန်အားလျှော့ချရမည့် အခြေအနေ၊ ဓာတ်အားလိုင်းများ ဖျက်ဆီးခံရမှုနှင့် ပြန်လည်ပြုပြင်နေမှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ဖြင့် လက်ရှိဓာတ်အားထုတ်လုပ်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရေအားလျှပ်စစ်စီမံကိန်းသည် ရေရှည်ဆောင်ရွက်ရသည့် စီမံကိန်းများဖြစ်ကြောင်း၊ အထက်ရဲရွာနှင့် အလယ်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဒီးဒုတ် ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ LNG ဓာတ်ငွေ့များအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ကုန်ကျစရိတ်ကြီးမြင့်ကြောင်း၊ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ် နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများဆောင်ရွက်ရာတွင်လည်း ပြည်ပကုမ္ပဏီများကိုသာမက ပြည်တွင်းကုမ္ပဏီများမှလည်း ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ရန်လိုကြောင်း။

**"လျှပ်စစ်ဖြင့် လောကနိဗ္ဗာန် တည်ဆောက်ရန်"** ဟုယခင်ကသတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းသည် စီးပွားရေးအရ တွက်ခြေကိုက်ကြောင်း၊ လမ်းစဉ်ပါတီအစိုးရနှင့် တပ်မတော်အစိုးရလက်ထက်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီအစိုးရလက်ထက်တွင်လည်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း သဘာဝပတ်ဝန်းကျင်ကို အကြောင်းပြု၍ နိုင်ငံရေးအရအသုံးချပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းများကို အခက်အခဲဖြစ်အောင် ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများဆောင်ရွက်ရာတွင် ငွေကြေးကုန်ကျမှုများစွာဖြင့် အချိန်ကြာမြင့်စွာ တည်ဆောက်ရကြောင်း။

ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ကြီးမားပြီး ကုန်ကျစရိတ်တန်ဖိုးအား တိကျစွာတွက်ချက်နိုင်သော်လည်း ပြန်လည်ရရှိသော အကျိုးအမြတ်မှာ တန်ဖိုးဖြတ်၍ မရအောင် အတိုင်းအတာကြီးမားကြောင်း၊ ယခု ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစတင်လည်ပတ်ချိန်မှစ၍ ထွက်ရှိသော လျှပ်စစ်ယူနစ်များ၏ တန်ဖိုးကိုတွက်ချက်ပါက စက်ရုံတည်ဆောက်မှုကုန်ကျစရိတ်အား ပြန်လည်ရရှိပြီးဖြစ်သည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝများအတွက် များစွာအထောက်အကူပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသဖြင့် တန်ဖိုးဖြတ်၍မရနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရန် အရင်းအမြစ်များစွာရှိကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစီမံကိန်းများ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိမှုကြောင့် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများစွာရှိကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းများကိုလည်း လုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရန်လိုအပ်သကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင်လည်း မလိုအပ်သည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို လျှော့ချရန်လိုကြောင်း၊ စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရန်အတွက် LED ကဲ့သို့သော မီးများပြောင်းလဲအသုံးပြုရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်မှုပိုင်းတွင် တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ရန်လိုသကဲ့သို့ သုံးစွဲမှုအပိုင်းကိုလည်း တတ်နိုင်သမျှလျှော့ချရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားသည့် အမှာစကား

( ၂၇ - ၁ - ၂၀၂၂ )




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)ကို ဇန်နဝါရီလ ၂၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phangနော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးကိုကို၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် ဒုတိယဝန်ကြီးများ၊ တက်ရောက်ကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ဆွေးနွေးမှာကြား**

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများအား တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ရန် အခြေအနေ၊ နိုင်ငံသားများအနေဖြင့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအား သိရှိလိုက်နာစေရေး အသိပညာများရှိရန်အတွက် အတန်းပညာများတတ်မြောက်အောင် သင်ကြားပေးရန် လိုအပ်မှုနှင့် နိုင်ငံအတွင်း အသိပညာရှင်များ၊ အတတ်ပညာရှင်များပေါ်များရေး အလေးထားဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ ဥပဒေပြုရေးနှင့်ပတ်သက်၍ ဥပဒေများပြဋ္ဌာန်းရာတွင် အားနည်းချက်များမရှိစေရေး အားလုံးဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ရန်နှင့် ဥပဒေပြုရေးကိစ္စရပ်များဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အလေးအနက်စဉ်းစားဆောင်ရွက်ရန်လိုအပ်မှုအခြေအနေ၊ နိုင်ငံသားများနှင့် နိုင်ငံပိုင်အဆောက်အဦများ လုံခြုံရေးအတွက်ဆောင်ရွက်ရာတွင် အကြမ်းဖက်မှု

တိုက်ဖျက်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ဝန်ကြီးဌာနများအလိုက် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေးအသိ၊ သတိဖြင့်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ ပြည်သူများအားလုံး ညီညွတ်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဆင်းရဲ၊ ချမ်းသာကွာဟမှုများ နည်းပါးအောင်အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများကို အကျယ်တဝင့်ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍရပ်များ၊ ဥပဒေရေးရာကိစ္စရပ်များ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ရေးဟောင်းနယ်မြေများနှင့် ရေးဟောင်းအဆောက်အဦများ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုနှင့် ပြည်ပခရီးသွားများအား ဆွဲဆောင်မှုရှိအောင် ပြုပြင်ထိန်းသိမ်း၍ နိုင်ငံ၏ဝင်ငွေတိုးတက်အောင် ဆောင်ရွက်နိုင်သည့်အခြေအနေ၊ သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များအား စနစ်တကျဖြင့် ထိန်းသိမ်းရန်လိုအပ်မှုနှင့် စိုက်ပျိုးမြေအဖြစ်ဆောင်ရွက်ရန် ခွင့်ပြုထားသည့် သစ်တောမြေနေရာများတွင် စည်းကမ်းချက်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်၍ ထိထိရောက်ရောက်အသုံးချနိုင်ရေး တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

■ ■ ■

# ဒုတိယအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးသို့ပေးပို့သည့် အဖွင့်အမှာစကား

( ၂၇ - ၁ - ၂၀၂၂ )



**အာဆီယံဝန်ကြီးများနဲ့ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ဂုဏ်သရေရှိ လူကြီးမင်းများခင်ဗျား–**

ဒုတိယအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးဖွင့်ပွဲမှာ မင်္ဂလာနံနက်ခင်းပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုနှစ် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေး၊ ဆွေးနွေးဖက်နိုင်ငံများနဲ့ ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရခြင်းဟာ မြန်မာနိုင်ငံအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

အားလုံးကိုနေပြည်တော်ကို ကိုယ်တိုင်အစည်းအဝေး တက်ရောက်ဖို့ ဖိတ်ခေါ်လိုပေမယ့် အာဆီယံဒေသနဲ့ ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်–၁၉ ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေတဲ့အတွက် အခုလို ဖိတ်ခေါ်ကြိုဆိုခွင့် မရခြင်း ဖြစ်ပါတယ်။

တစ်ဖက်ကကြည့်ရင်လည်း 2nd ADGMIN အစည်းအဝေးကို virtual format နဲ့ ပြုလုပ်နိုင်ခြင်းဟာ မိမိတို့နိုင်ငံများနဲ့ မိမိတို့ရဲ့ စီးပွားရေးအတွက် မြန်နှုန်းမြင့်အင်တာနက်နဲ့ ဒစ်ဂျစ်တယ်နည်းပညာရဲ့ ပိုမိုအရေးပါလာမှုကို ရှင်းရှင်းလင်းလင်းဖော်ပြခွင့် ရရှိလိုက်တာပဲဖြစ်ပါတယ်။

## ဦးဆောင်မှုပြု

ADGMIN ဟာ ဒေသတွင်း ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုနဲ့ အိုင်စီတီအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို ကြီးကြပ်ကွပ်ကဲဖို့ တာဝန်ရှိတဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့အတွက် အာဆီယံရဲ့ စီးပွားရေးကပ်ရောဂါဘေးမှ ပြန်လည်ဦးမော့လာရေးနဲ့ ပိုမိုတိုးတက်ရေးတို့အတွက် ဦးဆောင်မှုပြုတဲ့အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ ယခုလို အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအနေနဲ့ နောက်တစ်ကြိမ် ADGMIN အစည်းအဝေးမတိုင်မီကာလအထိ အာဆီယံဒေသအတွင်း လိုအပ်တဲ့လမ်းညွှန်မှုများပေးနိုင်ဖို့ ဆွေးနွေးညှိနှိုင်းသွားကြဖို့အတွက်

အဆင်သင့်ဖြစ်နေတာကိုတွေ့ရခြင်းကြောင့် အလွန်ဝမ်းမြောက်မိပါတယ်။

ဒစ်ဂျစ်တယ်နည်းပညာဟာ အားလုံးပါဝင်နိုင်ပြီး သာတူညီမျှမှုရှိတဲ့ စီးပွားရေးတိုးတက်မှုနဲ့ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ပေးနိုင်တဲ့ ကြီးမားတဲ့ အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မယ်ဆိုတာကို အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းမှသည် မိမိတို့ရဲ့စီးပွားရေးလုပ်ငန်းများနဲ့ တစ်ဦးချင်းစီရဲ့ ဘဝများအပေါ် ရရှိစေနိုင်မယ့် အကျိုးကျေးဇူးများအားလုံးကို ကျွန်တော်တို့အနေနဲ့ ပြည့်စုံစွာနားလည်ဖို့လိုအပ်နေသေးတဲ့ အခြေအနေလည်း ဖြစ်ပါတယ်။

အခြားတစ်ဖက်မှာတော့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ခြင်းမရှိဘဲ နောက်ကျကျန်ရစ်ခဲ့မယ်ဆိုရင် အခက်အခဲကြီးမားစွာ တွေ့ကြုံမှာဖြစ်ပါတယ်။ အခုလို အပြန်အလှန်ဆက်နွယ်နေတဲ့ အပြန်အလှန်ချိတ်ဆက်နေတဲ့ခေတ်မှာ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှု၊ ကွာဟမှုဟာ အာဆီယံဒေသတွင်း အကျိုးစီးပွားကိုပါ များစွာထိခိုက်လာစေနိုင်မှာ ဖြစ်ပါတယ်။

**ကတိပြုခဲ့ကြ**

ဒါ့ကြောင့် အာဆီယံခေါင်းဆောင်များအနေနဲ့ကလည်း "အာဆီယံတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ထုတ်ပြန်ချက်"မှာ အားလုံးပါဝင်နိုင်တဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုကို ဖော်ဆောင်နိုင်စေဖို့ အတူတကွ လက်တွဲလုပ်ဆောင်ကြဖို့ ကတိပြုခဲ့ကြခြင်းဖြစ်ပါတယ်။

ယမန်နှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်ကနေ လေ့လာတွေ့ရှိမှုတစ်ခုအရ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု အားကောင်းတဲ့ အဖွဲ့အစည်းများဟာ ကပ်ရောဂါကာလအတွင်း လူမှုစီးပွားထိခိုက်မှုတွေကို ပိုမိုခံနိုင်ရည်ရှိကြောင်း ဖော်ထုတ်ရရှိခဲ့ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ကမ္ဘာတစ်ဝန်းကြီးမားတဲ့ လူမှုစီးပွားဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ်စေခဲ့ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။ ကပ်ရောဂါကာလအတွင်းမှာ လူ့အဖွဲ့အစည်းများအတွက် ချမှတ်ထားတဲ့ တားမြစ်ကန့်သတ်ချက်များကြောင့် စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်အသွင်သို့ ပြောင်းလဲဖို့ တွန်းအားဖြစ်ပေါ်စေခဲ့ပါတယ်။ အဲဒီအချက်ကပဲ နိုင်ငံအသီးသီးမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းများကို အလိုအလျောက် အရှိန်မြှင့်တက်စေခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းကြောင့်နိုင်ငံတကာအစိုးရများအနေနဲ့ ကပ်ရောဂါကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေဖို့ ကူညီပေးနိုင်တဲ့အခြေအနေများကိုလည်း ရရှိခဲ့ပါတယ်။

ဒါ့ကြောင့် မိမိတို့ရဲ့လူမှုစီးပွားဘဝအပေါ် သက်ရောက်မှု ဖြစ်ပေါ်နေတဲ့ထိခိုက်မှုများကို လျော့ပါးစေဖို့အတွက် ကူညီပံ့ပိုးပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် အာဆီယံဒေသကို လူမှုစီးပွားရေးဆိုင်ရာ ပြန်လည်ထူထောင်တိုးတက်မှုရှိစေရေးအတွက် ကူညီပေးနိုင်တဲ့ အလားအလာများလည်း ရရှိမှာဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့အနေနဲ့ ယခုနှစ် ADGMIN အစည်းအဝေးအတွက် "Digital Transformation – the Engine for ASEAN Economic Recovery from COVID–19" ကို အစည်းအဝေးခေါင်းစဉ်အဖြစ် ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြလိုပါတယ်။

**လမ်းညွှန်ချက်များပေးနိုင်မှာဖြစ်**

အာဆီယံရဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ် ပူးပေါင်းဆောင်ရွက်မှုတို့နဲ့ပတ်သက်ပြီး အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအနေနဲ့ ၂၀၂၁ ခုနှစ်ကစပြီး အာဆီယံဒစ်ဂျစ်တယ် မဟာစီမံကိန်း ၂၀၂၅ (ASEAN Digital Masterplan 2025 – ADM 2025)ကို အတည်ပြုလက်ခံကျင့်သုံးနေပြီဆိုတာ သိရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ADM 2025 ဟာ လာမယ့် (၅)နှစ်အတွင်း အာဆီယံဒစ်ဂျစ်တယ်နဲ့ အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းညွှန်ချက်များပေးနိုင်မှာဖြစ်ပြီး အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအနေနဲ့လည်း ဒေသတွင်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ကြိုးပမ်းမှုကို ဦးဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီလုပ်ငန်းရပ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် အာဆီယံခေါင်းဆောင်များ ထံမှလည်း ထောက်ခံမှုရရှိထားပြီးဖြစ်တယ်ဆိုတာကို ထည့်သွင်းပြောကြားလိုပါတယ်။

**လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား**

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းရဲ့ အကျိုးကျေးဇူးများကို မိမိတို့အားလုံး ကောင်းစွာသိရှိနားလည်ထားပေမယ့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းကြောင့် မိမိတို့ဒေသနဲ့ မိမိတို့ဘဝများအပေါ် သက်ရောက်စေနိုင်တဲ့

ထိခိုက်မှုများနဲ့ အနှောင့်အယှက်များကိုလည်း ထည့်သွင်းစဉ်းစားဖို့ အရေးကြီးပါတယ်။

အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအနေနဲ့ အဆိုပါကြီးမားစွာ ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ထိခိုက်မှုများမှ ကာကွယ်နိုင်ဖို့အတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပါတယ်။

ပြင်ဆင်ဆောင်ရွက်မှုများအနေနဲ့ ပထမဆုံးဆောင်ရွက်ရမှာကတော့ မိမိတို့အဖွဲ့ဝင်နိုင်ငံများနဲ့ မိမိတို့နိုင်ငံတွင်းရှိ မတူညီတဲ့ဒေသများအကြားတွင် ချိတ်ဆက်နိုင်မှု ကွာဟချက်များနဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကွာဟချက်များကို လျှော့ချရမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ဟာ အခြားသောဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များထက် ဒေသတွင်း လူမှုစီးပွားအခြေအနေများကို ပိုမိုထိခိုက်လာစေနိုင်မှာ ဖြစ်ပါတယ်။

**ထည့်သွင်းစဉ်းစားဖို့လိုအပ်**

နောက်တစ်ချက်ကတော့ မိမိတို့အဖွဲ့ဝင်နိုင်ငံများဟာ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ရေးနဲ့ စားသုံးသူကာကွယ်ရေးဆိုင်ရာ လက်ရှိကျင့်သုံးနေတဲ့ဥပဒေဘောင်များ မြှင့်တင်ရေးကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုအပ်ပါတယ်။

ဒီလိုထည့်သွင်းစဉ်းစားရာမှာ ဒစ်ဂျစ်တယ်ကဏ္ဍရဲ့ နယ်နိမိတ်မရှိတဲ့ သဘောသဘာဝကို ဂရုပြုဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးမှာ ဆိုက်ဘာလုံခြုံရေးဟာ အထူးအရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မိမိတို့အဖွဲ့ဝင်နိုင်ငံများအနေနဲ့ လက်ရှိဆိုက်ဘာလုံခြုံရေးကြိုးပမ်းဆောင်ရွက်နေမှုများကို ပိုမိုအားကောင်းလာစေဖို့အတွက် တိုးမြှင့်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့စပ်လျဉ်းပြီး အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများရဲ့ ဦးဆောင်မှုနဲ့ အဖွဲ့ဝင်နိုင်ငံများအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများကြောင့် တိုးတက်ဖြစ်ပေါ်မှုများရရှိထားပြီးဖြစ်တဲ့အတွက် ဝန်ကြီးများနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများအား ချီးကျူးဂုဏ်ပြုပါကြောင်းနဲ့ အဆိုပါတိုးတက်ဖြစ်ပေါ်မှုများကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော်ကြစေလိုပါကြောင်း တိုက်တွန်းအကြံပြုအပ်ပါတယ်။

ဒါ့အပြင် မိမိတို့အဖွဲ့ဝင်နိုင်ငံများဟာ သတင်းအချက်အလက်များနဲ့စပ်လျဉ်း၍ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုခြင်းဆောင်ရွက်လာတဲ့ နယ်စပ်ဖြတ်ကျော် လွှဲပြောင်းမှုများနဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းမှ ပေါ်ပေါက်လာနိုင်တဲ့ နယ်စပ်ဖြတ်ကျော် ဆောင်ရွက်မှုများနဲ့ စပ်လျဉ်းတဲ့အခက်အခဲများနဲ့ ကန့်သတ်ချက်များကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေရေးအတွက် မိမိတို့ရဲ့ ဥပဒေမူဘောင်များကို ပြောင်းလဲပြင်ဆင်သင့်ပါတယ်။ ဒါ့ကြောင့် မိမိတို့ နိုင်ငံသားများအပေါ်မှာ ဆိုက်ဘာလိမ်လည်မှုနဲ့ ဆိုက်ဘာအနိုင်ကျင့်မှုများ အပါအဝင် Cyber Incident များရဲ့ အန္တရာယ်ကနေ ကာကွယ်ပေးနိုင်ဖို့ အာဆီယံအဖွဲ့ဝင် အစိုးရများအနေနဲ့ အထူးအလေးထားဆောင်ရွက်ပေးဖို့လိုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ချက်ကတော့ ဆိုရှယ်မီဒီယာပလက်ဖောင်းတွေနဲ့ e-commerce ပလက်ဖောင်းတွေ အပါအဝင် ဒစ်ဂျစ်တယ်ပလက်ဖောင်းများရဲ့ အမျိုးမျိုးသော လုပ်ဆောင်မှုတွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုရှိစေရေး ဆောင်ရွက်သွားကြရန် ဝန်ကြီးများကို အလေးအနက်ထားတိုက်တွန်းလိုပါတယ်။

**အင်တာနက်အလွဲသုံးမှုများ**

အဆိုပါ ပလက်ဖောင်းများပေါ်မှာ သတင်းအတု၊ သတင်းအမှားများ၊ ကောလာဟလများလွှင့်တင်ခြင်း၊ အမုန်းစကားများဖန်တီးခြင်း၊ အကြမ်းဖက်မှုကို သွေးထိုးလှုံ့ဆော်ရာရောက်တဲ့ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အနိုင်

> **သတင်းအတု၊ သတင်းအမှားများ၊ ကောလဟာလများ လွှင့်တင်ခြင်း၊ အမုန်းစကားများ ဖန်တီးခြင်း၊ အကြမ်းဖက်မှုကို သွေးထိုးလှုံ့ဆော်ရာ ရောက်တဲ့ကိစ္စရပ်များဆောင်ရွက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ရိုင်းစိုင်းခြင်းစတဲ့ အင်တာနက်အလွဲသုံးမှုများဟာလည်း ကမ္ဘာတစ်ဝန်း လက်တွေ့ကြုံတွေ့လာရတဲ့ ပြဿနာများဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလို ကျယ်ပြန့်တဲ့ ပြဿနာများကို ဖြေရှင်းနိုင်ဖို့အတွက် အားလုံးသဘောတူညီမှုရှိတဲ့ Framework တစ်ခု ရေးဆွဲနိုင်ရေး တိုက်တွန်းလို။**

ကျင့်ခြင်း၊ ရိုင်းစိုင်းခြင်းစတဲ့ အင်တာနက်အလွဲသုံးမှုများဟာလည်း ကမ္ဘာတစ်ဝန်း လက်တွေ့ကြုံတွေ့လာရတဲ့ ပြဿနာများဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလိုကျယ်ပြန့်တဲ့ပြဿနာများကို ဖြေရှင်းနိုင်ဖို့အတွက် အားလုံးသဘောတူညီမှုရှိတဲ့ Framework တစ်ခုရေးဆွဲနိုင်ရေး တိုက်တွန်းလိုပါတယ်။

**လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား**

မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း Digital Economy ဟာ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျတဲ့ကဏ္ဍတစ်ခုအဖြစ် လက်ခံထားရှိပါတယ်။ ဒါ့အပြင် မိမိတို့ဟာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းအတွက်သင့်လျော်တဲ့ အခြေခံအုတ်မြစ်များကို ချမှတ်နေပြီး ဒီလိုလုပ်ဆောင်ရာမှာ အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ဆက်ဆံချဉ်းကပ်မှုပုံစံနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုပါတယ်။

**တက်ကြွစွာပါဝင်ခဲ့**

မြန်မာနိုင်ငံဟာ အာဆီယံအသိုက်အဝန်းသို့ ၁၉၉၇ ခုနှစ်မှာ စတင်ဝင်ရောက်ခဲ့တဲ့အချိန်ကစတင်ပြီး အာဆီယံရဲ့ အခြေခံမူများကို လေးစားလိုက်နာကာ အာဆီယံစီးပွားရေးကောင်စီရဲ့ “ကြံ့ခိုင်မှုရှိ၍ အားလုံးပါဝင်နိုင်သော၊ ပြည်သူကိုဗဟိုပြုသော အာဆီယံဖြစ်စေရေး” ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာမှာလည်း တက်ကြွစွာပါဝင်ခဲ့တဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့်ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဟာ အဆိုပါ ရည်မှန်းချက်ပန်းတိုင်ကို အမြန်လျှောက်လှမ်းနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ အရေးတကြီးလုပ်ဆောင်ရမယ်ဆိုတဲ့အချက်ကို ညွှန်ပြနေကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံရဲ့ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာမှာ အခြားသောအာဆီယံအဖွဲ့ဝင်များနဲ့ လက်တွဲလုပ်ဆောင်သွားဖို့ ထပ်လောင်း ကတိပြုပါတယ်။

မိမိတို့မှာ နည်းပညာနဲ့ အတွေ့အကြုံမြင့်မားတဲ့ ဆွေးနွေးဖက်နိုင်ငံများရှိနေခြင်းဟာ ကောင်းမွန်တဲ့ အနေအထားတစ်ရပ်ဖြစ်ပါတယ်။ အဆိုပါ ဆွေးနွေးဖက်နိုင်ငံများထံမှ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ အတွေ့အကြုံ၊ ဗဟုသုတများ မျှဝေရရှိနိုင်တဲ့ အခွင့်အရေးများ ရှိနေပါတယ်။

ဒါပေမယ့် အာဆီယံဟာ အဆိုပါမျှဝေမှုများကို လက်ခံရုံသာမက မိမိတို့ကိုယ်တိုင်လည်း မိမိတို့ဒေသအတွက် ဦးဆောင်မောင်းနှင်သူအဖြစ် အားထုတ်ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ မိမိတို့ရဲ့ ပန်းတိုင်နဲ့ ရည်မှန်းချက်ကို မျက်ခြေမပြတ်စေရေး မိမိတို့ကိုယ်တိုင် အားထုတ်ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအနေနဲ့ ဒီ(၂)ရက်တာ ကာလအတွင်းမှာ ဆွေးနွေးဆောင်ရွက်စရာများစွာရှိနေမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ဟာ အာဆီယံစီးပွားရေးကို ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုများမှ ပြန်လည်နာလန်ထူလာစေဖို့အတွက် တွန်းအားပေးနိုင်စေရန် ဆွေးနွေးညှိနှိုင်းရမယ့် အချက်များစွာလည်း ရှိနေမှာဖြစ်ပါတယ်။

**တိုက်တွန်းပြောကြား**

ဝန်ကြီးများနဲ့ ကိုယ်စားလှယ်များအားလုံးကို မိမိတို့ အာဆီယံဒေသအတွက် အကောင်းဆုံး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ဒီအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ဖို့ စီစဉ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံ ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးသူများ အားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းပြောကြားလိုပါတယ်။

ဒါ့အပြင် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နဲ့ ရုံးအဖွဲ့ကိုလည်း အဆွေတော်တို့ရဲ့ အောင်မြင်မှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုများအားလုံးအတွက် ကျေးဇူးတင်ပါကြောင်းနဲ့ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားလိုပါတယ်။

2nd ADGMIN နှင့် ဆက်စပ်အစည်းအဝေးများအားလုံး အောင်မြင်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

■ ■ ■

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ၂၀၂၂ ခုနှစ် မွေးမြူရေး တိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲတွင် ပြောကြားသည့် အဖွင့်အမှာစကား

( ၂၈ - ၁ - ၂၀၂၂ )






(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြုလုပ်သည့် ၂၀၂၂ ခုနှစ် မွေးမြူရေး တိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီလ ၂၈ ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ကိုးရွာသပြေကုန်းကျေးရွာအနီးရှိ စက်စက်ယိုကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဦးစောဒယ်နီယယ်၊ ဦးရွှေကြိမ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ရန်ကုန်)၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်(နေပြည်တော်)နှင့် မွေးမြူရေးလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိသူများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့ကဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မိမိအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး သာယာဝပြောသည့် နိုင်ငံဖြစ်ပေါ်စေရန်၊ နိုင်ငံတွင်စားရေရိက္ခာပေါ်များပြီး နိုင်ငံသူနိုင်ငံသားများအားလုံး ဝဝလင်

လင်ဖြင့် အာဟာရပြည့်ဝစွာကျွေးမွေးနိုင်သည့် နိုင်ငံဖြစ်စေရန်ဆိုသည့် မူဝါဒများပင်ဖြစ်ကြောင်း၊ "အူမတောင့်မှသီလစောင့်နိုင်မည်"ဆိုသည့် မြန်မာစကားရှိပါကြောင်း။

**မလွဲမသွေဖြစ်လာမည်**

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နေကြသည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ နိုင်ငံတွင်ရှိသည့် လူဦးရေအများစုမှာ စိုက်ပျိုးရေးကို အဓိကပြုလုပ်ကြပြီး မွေးမြူရေးကိုလည်းတွဲဖက်လုပ်ကိုင်ကြသူများရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းသီးသန့်ဆောင်ရွက်ကြသူများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးကိုသာမက မွေးမြူရေးလုပ်ငန်းကိုပါ လုပ်ကိုင်နိုင်ရေးလိုအပ်သည့် သဘာဝသယံဇာတအရင်းအမြစ်များရှိပြီးဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့်များနှင့် ထုတ်လုပ်မှုဆိုင်ရာနည်းပညာများကို ပူးပေါင်းလိုက်မည်ဆိုပါကနိုင်ငံတော်အစိုးရ၏ မူဝါဒရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာပေါများပြီး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် မလွဲမသွေဖြစ်လာမည်ဟု ယုံကြည်ကြောင်း။

မိမိတို့နိုင်ငံတွင် အဓိကစားသုံးသည့် အသားငါး ငါးမျိုးရှိသည်ဟု လေ့လာမိကြောင်း၊ ၎င်းတို့မှာ ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့်ငါးတို့ပင်ဖြစ်ပြီး အသား လေးမျိုးနှင့် ရေထွက်ပစ္စည်းတစ်မျိုးတို့ပင်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ တိရစ္ဆာန်ကောင်ရေစာရင်းအရ မြန်မာနိုင်ငံတွင် ဒေသနွားကောင်ရေ ၈ ဒသမ ၈ သန်း၊ နို့စားနွားကောင်ရေ ၅ သောင်းကျော်၊ နွားနောက်ကောင်ရေ ၅ သောင်းကျော်၊ ကျွဲကောင်ရေ ၁ ဒသမ ၆ သန်းကျော် မွေးမြူထားရှိပြီး စုစုပေါင်း ကျွဲနွားကောင်ရေ ၁၀ ဒသမ ၆ သန်းကျော်ရှိကြောင်း၊ အလားတူ ၂၀၂၁ ခုနှစ်တွင် ကောက်ယူခဲ့သည့်စာရင်းများအရ ဝက်ကောင် ရေ ၃ ဒသမ ၇ သန်း၊ အသားစားကြက် ၃၀ ဒသမ ၈ သန်း၊ ဥစားကြက် ၂၈ ဒသမ ၅ သန်း၊ ဒေသကြက် ၃၈ ဒသမ ၅၅ သန်း၊ သိုးဆိတ် ၂ ဒသမ ၂၂ သန်းရှိသဖြင့်များပြားသည့် မွေးမြူမှုပင်ဖြစ်ကြောင်း။

**ဆုံးရှုံးနစ်နာမှုများရှိနေ**

ကမ္ဘာပေါ်တွင်လည်း တိရစ္ဆာန်သားငါးများ မွေးမြူသည့်နိုင်ငံများရှိသကဲ့သို့ သားငါးများတင်သွင်းသည့်

> **မွေးမြူသူတစ်ဦးချင်းနှင့်**
> **အသားထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင်**
> **ရှိသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်**
> **လာစေရေး ဘက်ပေါင်းစုံမှဝိုင်းဝန်းကြိုးပမ်း**
> **ဆောင်ရွက်သွားရန်လိုအပ်၊စိုက်ပျိုးရေးနှင့်**
> **မွေးမြူရေးကို တွဲဖက်လုပ်ဆောင်နေသည့်**
> **တောင်သူများအနေဖြင့်လည်း စနစ်ကျသည့်**
> **ခေတ်မီသည့် မွေးမြူရေးလုပ်ငန်းများကို**
> **လုပ်ကိုင်နိုင်မည်ဆိုပါက ထိရောက်ပြီး**
> **အကျိုးရှိမည်ဖြစ်။**

နိုင်ငံများလည်းများစွာရှိကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့မှာလည်း မိမိတို့နိုင်ငံမှ မွေးမြူရေးထုတ်ကုန်ပစ္စည်းများကို တင်သွင်းနေသည့်နိုင်ငံများဖြစ်ကြောင်း၊ ပြည်တွင်းတွင်မွေးမြူထုတ်လုပ်သည့် တောင်သူများ အကျိုးစီးပွားဖွံ့ဖြိုးအောင်မြင်စေရေးအတွက် ကျွဲနွားများ ပြည်ပသို့တရားဝင် တင်ပို့ရောင်းချခွင့်များကိုလည်း ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၉ ရက်မှစ၍ ခွင့်ပြုပေးခဲ့ကြောင်း၊ တရားဝင်ကုန်သွယ်မှုအနေဖြင့် မူဆယ်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့ တရားဝင်အများဆုံးတင်ပို့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း တရားဝင်ရော တရားမဝင်လမ်းကြောင်းများမှပါတစ်ဆင့် တင်ပို့သည့် လုပ်ငန်းများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များကို တင်ပို့ရောင်းချနိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာနှင့် တိရစ္ဆာန်ရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ တရားဝင်တင်ပို့ခြင်းများရှိသကဲ့သို့ တရားမဝင်တင်ပို့ရောင်းချခြင်းများရှိသော်လည်း စနစ်တကျမွေးမြူရောင်းချခြင်းမရှိသည့်အတွက် နိုင်ငံတွင်ဆုံးရှုံးနစ်နာမှုများရှိနေသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၏ လူတစ်ဦးချင်း တစ်နှစ်ပျမ်းမျှအသားစားသုံးမှုကို ကြည့်မည်ဆိုပါက ကြက်သား ၉ ဒသမ ၅ ပိဿာ၊ ဝက်သား ၃ ပိဿာ၊ အမဲသား ၁ ဒသမ ၇ ပိဿာနှင့် ဆိတ်သား ၀ ဒသမ ၂၄ ပိဿာရှိသည်ဟု တင်ပြချက်

များအရသိရှိရကြောင်း၊ သို့သော်လေ့လာချက်များအရ လူတစ်ဦးသည် တစ်ရက်လျှင်အသားငါးအား ၅ ကျပ်သားမှ ၁၀ ကျပ်သားအထိ စားသုံးရန်လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ လက်ရှိမွေးမြူထားသည့် တိရစ္ဆာန်ကောင်ရေစာရင်းများအရ အသားလိုအပ်ချက်ပမာဏကို လုံလောက်အောင် ထုတ်လုပ်ပေးနိုင်သည့် အခြေအနေရှိသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် မွေးမြူသူတစ်ဦးချင်းနှင့် အသားထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ဆောင်နေသည့် တောင်သူများအနေဖြင့်လည်း စနစ်ကျသည့် ခေတ်မီသည့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်မည်ဆိုပါက ထိရောက်ပြီး အကျိုးရှိမည်ဖြစ်ကြောင်း။

**နည်းလမ်းလေးသွယ်ရှိ**

စနစ်ကျသည့် မွေးမြူရေးဆိုသည်မှာ မိရိုးဖလာအရ လွှတ်မွေးခြင်း၊ လှောင်မွေးခြင်းနှင့်လှန်မွေးခြင်းဟူ၍ သုံးမျိုးတွေ့ရှိရကြောင်း၊ များသောအားဖြင့်လွှတ်မွေးကြပြီး တချို့က လှောင်မွေးခြင်းနှင့် လှန်မွေးခြင်းများကိုဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် စားကျက်ဖြင့် မွေးမြူသည့်စနစ်မှ တိရစ္ဆာန်အစာကို စိုက်ပျိုးရိတ်သိမ်းကျွေးမွေးသည့်စနစ်ကို အမြန်ဆုံးကူး ပြောင်းဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းလေးသွယ်ရှိသည်ကို မိမိအနေဖြင့် လေ့လာသိရှိရကြောင်း၊ မျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရန်၊ မြေဆိုသည်မှာ တိရစ္ဆာန်မွေးမြူရေးတွင် လုံလောက်ပြီး ပတ်ဝန်းကျင်ကောင်းမွန်သည့်မြေများရှိရန် လိုအပ်ကြောင်း၊ အလားတူ တိရစ္ဆာန်များကိုလည်း ရေကောင်း၊ ရေသန့်များတိုက်နိုင်ရန်လိုအပ်ကြောင်း၊ အစာကျွေးခြင်းများအပါအဝင် နည်းစနစ်တကျထားသို သိုလှောင်ခြင်းများဖြင့် မွေးမြူနိုင်ရန်လိုကြောင်း၊ ဇီဝပြောင်းလဲမှုဖြစ်စဉ်များကိုလေ့လာကြည့်ပါက ရေ၊ အစာနှင့်ဆေး မလွဲမသွေလိုအပ်ကြောင်း၊ ထို့ကြောင့်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပါက အထက်ပါနည်းလမ်း ၄ မျိုးဖြင့်ဆောင်ရွက်ကြရန် မိမိအနေဖြင့် အကြံပြုတိုက်တွန်းပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အသွားအလာကန့်သတ်မှုများရှိပြီး မွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်မှုများရှိခဲ့သော်လည်း ယခုအခါ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကျဆင်းအောင် ထိန်းသိမ်းနိုင်သည့် အခြေအနေကိုရရှိနေပြီဖြစ်သည့်အတွက် ရပ်တံ့သွားသည့်လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန် ကြိုးစားနေသည့် ကာလအတွင်းတွင် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ (၂၀၂၂) ကို ကိုဗစ်–၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍတိုးတက်ဖြစ်ထွန်းရန်အတွက် အရေးပါသည့် ကြိုးစားအားထုတ်မှုဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူတစ်ဦးချင်းဝင်ငွေမြင့်မားလာပြီး အသားနှင့် နို့ထွက်ပစ္စည်းများ စားသုံးမှုနှုန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် “တို့အနာဂတ်ကောင်းမွန်ဖို့၊ မွေးမြူထုတ်လုပ်ကြပါစို့” ဆိုသည့် ပြပွဲ၊ ပြိုင်ပွဲ၏ ဆောင်ပုဒ်အတိုင်း အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းလုံခြုံသည့် အသား၊ နို့၊ ဥတို့ကို မွေးမြူထုတ်လုပ်ခြင်း၊ ပြည်တွင်းတွင်လည်း အာဟာရပြည့်ဝစွာ စားသုံးနိုင်ခြင်း၊ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်ခြင်းဖြင့် မြန်မာပြည်သူပြည်သားများ၏ အနာဂတ်ဘဝသာယာဝပြောလာနိုင်မည်ဟု ယုံကြည်ကြောင်း၊ အမျိုးသားရေး လုပ်ငန်းစဉ်တွင်ပါသည့် နိုင်ငံတော်တွင် စားရေရိက္ခာပေါများရေးသည် ယခုပြပွဲတွင် ပါဝင်ဆင်နွှဲကြသည့်သူများ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေကြသူများနှင့် တာဝန်ရှိသူများအားလုံး အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ကြပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းပါကြောင်းပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၂၉ - ၁ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၂)ကို ဇန်နဝါရီလ ၂၉ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်တာဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညား အောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်တာဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး တပ်မတော်က နိုင်ငံတော်တာဝန်ရယူထိန်းသိမ်းခဲ့ရသည့်အခြေအနေ၊ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းပြီးနောက် လုပ်ဆောင်ခဲ့မှုနှင့်ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး တပ်မတော်က နိုင်ငံတော်တာဝန်ရယူ မထိန်းသိမ်းမီ အခြေအနေနှင့် ရယူထိန်းသိမ်းပြီးနောက် အခြေအနေများကိုလည်းကောင်း၊ စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်ပြီး တပ်မတော်က နိုင်ငံတော်တာဝန်မယူမီအခြေအနေနှင့် တာဝန်ယူပြီးနောက် အခြေအနေများကိုလည်းကောင်း၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး တပ်မတော်ကတာဝန်မယူမီ ဘာသာ၊ သာသနာ၊ မြန်မာ့ယဉ်ကျေးမှုများ ဖျက်ဆီးခံရမှုအခြေအနေ၊ တပ်မတော်မှတာဝန်ယူပြီးနောက် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး နိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ် - ၁၉ ကပ်ရောဂါကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်

နေသည့်အခြေအနေများ၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အခြေအနေ၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် အကောင်အထည် ဖော်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်နှင့် ဒေါက်တာဗညားအောင်မိုးတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်တာဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး အကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ရှိကာလတွင် နယ်မြေဒေသများ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြို့နယ်အားလုံး ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားခဲ့ပါသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၃၁ - ၁ - ၂၀၂၂ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၂)ကို ဇန်နဝါရီလ ၃၁ ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေဖြင့် ကျန်းမာရေးအခြေအနေအရ အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားခဲ့သည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အကျိုးအကြောင်းဖော်ပြလျက် အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား သက်တမ်းတိုးမြှင့်ပေးပါရန်ကိစ္စနှင့် စပ်လျဉ်း၍ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်ပြည့်တာဝန်ထမ်းဆောင်ခဲ့မှု အခြေအနေ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တပ်မတော်က နိုင်ငံတော်တာဝန် ရယူထိန်းသိမ်းခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ "လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ

ဖြစ်စေရေး”အတွက် ရွေးကောက်ပွဲမကျင်းပမီနှင့် ကျင်းပအပြီး နိုင်ငံတော်အဆင့်အခမ်းအနားများ၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံခြင်း၊ သံတမန်များ၊ နိုင်ငံတကာကိုယ်စားလှယ်များနှင့်တွေ့ဆုံခြင်း၊ သတင်းမီဒီယာများနှင့် တွေ့ဆုံခြင်း၊ တပ်မိသားစုများနှင့်တွေ့ဆုံခြင်းစသည့် အခမ်းအနား ၂၄ ကြိမ်၌ ထုတ်ဖော်ပြောကြားခဲ့ပြီး တရားဝင်သတင်းထုတ်ပြန်ခဲ့ပါကြောင်း၊ အခြေခံဥပဒေပုဒ်မ ၆(စ) အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၊ ပုဒ်မ ၂၀(င) ဒို့တာဝန်အရေးသုံးပါးကာကွယ်ရန်၊ ပုဒ်မ ၂၀(စ) အခြေခံဥပဒေကာကွယ်ရန်မှုများအရ ပြောသင့်သည်များကို ကြိုတင်သတိပေးခြင်းဖြစ်ပါကြောင်း။

**မဲပေးသူဦးရေ၏ ၄ ပုံ ၁ ပုံခန့်**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ ရွေးကောက်ပွဲမဲပေးခဲ့ကြရာ၌ တပ်မတော်က စိစစ်တွေ့ရှိရသော မဲမသမာမှု ၁၀,၄၈၂,၁၁၆ (၁၀ သန်းကျော်၊ မဲပေးသူဦးရေ၏ ၄ ပုံ ၁ ပုံခန့်)ရှိကြောင်း၊ မဲမသမာမှုများသည် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ဆိုးရွားစွာထိခိုက်စေနိုင်သဖြင့် တပ်မတော်နှင့် နိုင်ငံရေးပါတီများက UEC အဆင့်၊ ၎င်းမှ ပြည်ထောင်စုလွှတ်တော်အဆင့်၊ ၎င်းမှအစိုးရအဆင့် ဖြေရှင်းပေးရန် ဥပဒေနှင့်အညီ တောင်းဆိုခဲ့ပါကြောင်း၊ တပ်မတော်ကအရာရှိကြီးနှစ်ဦးအားစေလွှတ်၍ အစိုးရထိပ်ပိုင်းခေါင်းဆောင်များနှင့်တွေ့ဆုံပြီး “အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ” အစည်းအဝေးခေါ်ယူဆောင်ရွက်ဖြေရှင်းရန် နှစ်ကြိမ်တိုင် တင်ပြပြောဆိုခဲ့ပါကြောင်း၊ နောက်ဆုံးအစိုးရနှင့် NLD ပါတီမှ တာဝန်အရှိဆုံးပုဂ္ဂိုလ်များထံကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်၍ တွေ့ဆုံညှိနှိုင်းအဖြေရှာရေး ဖြစ်နိုင်သမျှ နည်းလမ်းစုံဆောင်ရွက်ခဲ့သော်လည်း ငြင်းပယ်ခြင်းခံရပါကြောင်း၊ မဲမသမာမှုများကို ရင်ဆိုင်မဖြေရှင်းရဲဘဲ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်အားခေါ်ယူရန် မတရားကြိုးပမ်းမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်၏အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့်ရယူရန်ဆောင်ရွက်နေခြင်းမှာ နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းမှု၌ ကြီးမားသောအခက်အခဲများဖြစ်ပေါ်လာစေမည်ဖြစ်၍ ဥပဒေနှင့်အညီ ဖြေရှင်းရန်လိုအပ်သဖြင့် ပုဒ်မ ၄၁၇၊ ၄၁၈ နှင့် ၄၁၉ တို့အရ နိုင်ငံတော်အား နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော် တာဝန်ကို ထိန်းသိမ်းခဲ့ရပါကြောင်း။

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကို ၅ နှစ်တစ်ကြိမ်ပြုလုပ်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအား တစ်ပြိုင်တည်းရွေးချယ်သည့် အထွေထွေရွေးကောက်ပွဲဖြစ်ပါကြောင်း၊ ၎င်း လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်ကျင်းပပြီး နိုင်ငံတော်ဒုတိယသမ္မတများ၊ ၎င်းတို့ထဲမှ နိုင်ငံတော်သမ္မတအားရွေးချယ်ရပါကြောင်း၊ သမ္မတက အစိုးရအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းပါကြောင်း၊ တရားသူကြီးချုပ်နှင့် တရားသူကြီးများကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်းများပြုလုပ်ပါကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်စသည့် မဏ္ဍိုင်ကြီး ၃ ရပ်၏ အကြီးအကဲများ၊ ပါဝင်ကြသူများသည် ရွေးကောက်ပွဲမှတစ်ဆင့် တိုက်ရိုက်/သွယ်ဝိုက် ရွေးချယ်/တာဝန်ပေးခံရသူများဖြစ်သည့်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မြန်မာ့ဒီမိုကရေစီစနစ်၊ နိုင်ငံရေးစနစ်၏ အုတ်မြစ်ပင်ဖြစ်ပါ

> ၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ဖြစ်ပါတယ်၊ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့အရေးကြီးပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်၊ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက်ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

ကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသော ရွေးကောက်ပွဲဖြစ်ပါကြောင်း။

**မျှတစွာဖွဲ့စည်းခဲ့**

နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းပြီးနောက် လုပ်ဆောင်ခဲ့မှုများနှင့်ပတ်သက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်မှုလုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်နိုင်ရေး နေပြည်တော်၊ စည်ပင်ရိပ်သာတွင်ရှိနေသည့် စောင့်ကြည့်ခံလွှတ်တော်အမတ်များကို လက်ရှိနိုင်ငံ့ဖြစ်စဉ်အပေါ် ဥပဒေနှင့်အညီဖြေရှင်းနိုင်စေရန် ရှင်းလင်းပြောပြပြီးနောက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်မှ ၄ ရက်အထိ နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့ပါကြောင်း၊ ဒီမိုကရေစီအနှစ်သာရ မထိခိုက်စေရန် ဖေဖော်ဝါရီလ ၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား တပ်မတော်သားများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်သင့်တော်သည့် ပါတီခေါင်းဆောင်များဖြင့် မျှတစွာဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်မှသည် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းရာတွင်လည်း အရပ်ဘက်ပုဂ္ဂိုလ်များကိုသာ ဦးစီးလုပ်ဆောင်စေခဲ့ပါကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီ ကော်မတီ ၃ ရပ် ဖွဲ့စည်းခဲ့ပြီး မတ်လ ၃ ရက်တွင် မူဝါဒ(၅)ခု ချမှတ်ခဲ့ပါကြောင်း၊ ညှိနှိုင်းရေးကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးသည့် EAO များနှင့် ၉ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၂ ကြိမ်၊ စုစုပေါင်း ၃၄ ကြိမ် တွေ့ဆုံခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့်တွေ့ဆုံအပြီး နှစ်နိုင်ငံသဘောတူ ထုတ်ပြန်ချက်ထုတ်ပြန်ခဲ့ပြီး ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသခရီးစဉ် ၁၇ ခု သွားရောက်၍ ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအကြံပြုမှာကြားခဲ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါကြောင်း၊ ရေရှည်အနာဂတ်အတွက်အစီအမံများ လမ်းညွှန်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ လက်တွဲလုပ်ဆောင်နေသည့် တိုင်းရင်းသားကောင်စီအဖွဲ့ဝင်များကလည်း ဒေသအကျိုးဆောင်ရွက်ပေးရန် သက်ဆိုင်ရာဒေသအလိုက် ခရီးစဉ် ၂၉ ခု သွား ရောက်၍ ဒေသ၏လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့ပါကြောင်း ပြောကြားသည်။

**အရှိန်အဟုန်မပြတ်လုပ်ဆောင်ရန်လို**

ဆက်လက်၍ ဦးစားပေးလုပ်ဆောင်မည့် အချက်များနှင့် ပတ်သက်၍ပြောကြားရာတွင် "မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ (Least Development Country) ဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေသူများဖြစ်ပြီး ၃၀ ဒသမ ၄ ရာခိုင်နှုန်းခန့်ဟာ ဆင်းရဲသူများဖြစ်တဲ့အတွက် နိုင်ငံရဲ့ဖြေရှင်းရန်ရှိသည်များ ဖြေရှင်းဆောင်ရွက်ရေး၊ နိုင်ငံ့စီးပွားတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် လုပ်ဆောင်ရန်လိုပါတယ်။ တို့ဆိုင်းနေပါက မိမိတို့နိုင်ငံသာ အခြားနိုင်ငံများရဲ့နောက်မှာကျန်ရစ်ခဲ့မှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်နှစ်ခု တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ နိုင်ငံရေးလုပ်ငန်းစဉ် နှစ်ခု၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုတည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်၊ ၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့အရေးကြီးပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက်ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်လို့ ကျွန်တော်ပြောကြားခဲ့ပါတယ်။ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ငြိမ်းချမ်းရေးအတွက် အစဉ်အမြဲအသင့်ရှိ

နေကြောင်း ပြသခြင်းလည်းဖြစ်ပါတယ်” ဟု ပြောကြားသည်။

လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍တပ်မတော်က နိုင်ငံတော်တာဝန်ရယူ မထိန်းသိမ်းမီအခြေအနေနှင့် ပတ်သက်ပြီး မဲမသမာမှုများ၊ UEC ၏ ဖြေရှင်းမပေးမှုများကြောင့် UEC အား ကန့်ကွက်ဆန္ဒပြမှုများ၊ ပါတီများက ဖြေရှင်းပေးရန်တောင်းဆိုမှုများကြောင့် နိုင်ငံရေးအရ တည်ငြိမ်မှုမရှိသည့် အခြေအနေဖြစ်ကြောင်း၊ အခြေခံဥပဒေနှင့်အညီ မဲမသမာမှုများကို ဖြေရှင်းနိုင်ရေးနှင့် ဒုတိယအကြိမ်လွှတ်တော်၌ မပြီးပြတ်သေးသည့်ကိစ္စရပ်များ ဆွေးနွေးနိုင်ရေး ထိုစဉ်ကလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးက အခြေခံဥပဒေပုဒ်မ ၈၄ အရ ဥပဒေနှင့်အညီတောင်းဆိုမှုကို ငြင်းပယ်ခဲ့သဖြင့် ဥပဒေပြုရေးမဏ္ဍိုင်ယိမ်းယိုင်၍ အငြင်းပွားမှုများမှတစ်ဆင့် တည်ငြိမ်မှုပျက်ပြားနေပါကြောင်း၊ ယေဘုယျအားဖြင့် EAO နယ်မြေများတွင် ထိတွေ့မှုများပုံမှန်ရှိခဲ့သော်လည်း ရခိုင်ပြည်နယ်၌ AA လက်နက်ကိုင်အဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများ ပိုမိုပြင်းထန်ခဲ့ပါကြောင်း။

တပ်မတော်က နိုင်ငံတော်တာဝန် ရယူထိန်းသိမ်းပြီးနောက် အခြေအနေနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းစွာ ဆန္ဒပြဖော်ထုတ်မှုမှသည် လက်နက်ကိုင်သောင်းကျန်းမှုအသွင်ထိ ပြောင်းလဲလာခြင်းနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်မရှိသူများက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အမည်ဖြင့် တရားမဝင်ကော်မတီတစ်ခုဖွဲ့စည်းခဲ့ပြီး လူစုလူဝေးဖြင့် ဆန္ဒပြမှု(Riot)အသွင် ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob)ကို ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အနိမ့်ဆုံးအဆင့် အနည်းဆုံးအင်အားဖြင့် ဆောင်ရွက်ခဲ့ရပါကြောင်း၊ ဖေဖော်ဝါရီလကုန်ပိုင်းခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ရရာလက်နက်ဖြင့် အသက်အန္တရာယ်ရှိအောင် အကြမ်းဖက်တိုက်ခိုက်သည့် (Insurrection) လုပ်ရပ်များ ဆောင်ရွက်လာကြောင်း၊ မတ်လ ၂၇ ရက်နေ့အား CRPH အမည်ခံအကြမ်းဖက်အဖွဲ့က ပြည်သူ့တော်လှန်ရေးနေ့ဟု အမည်တပ်ကာ တစ်နိုင်ငံလုံး အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်လာပါကြောင်း၊ ပြည်သူပိုင်အဆောက်အဦများ၊ စက်ရုံ/အလုပ်ရုံများ၊ အုပ်ချုပ်ရေးရုံးများကို တိုက်ခိုက်ခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ဆေးရုံများ၊ ကျောင်းများ၊ မော်တော်ယာဉ်လိုင်းများကိုပါ တိုက်ခိုက်လာခဲ့ပြီး အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်တိုက်ခိုက်ခြင်း (Terrorism) ပြုလုပ်လာသဖြင့် ၂၀၂၁ ခုနှစ်၊ မတ် ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၆ မြို့နယ်၌ စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ခဲ့ရပါကြောင်း၊ ဥပဒေနှင့်မညီသော CRPH အကြမ်းဖက်အဖွဲ့က NUG အမည်ခံ စင်ပြိုင်အစိုးရဖွဲ့စည်းပြီး အကြမ်းဖက်တိုက်ခိုက်မှုများကို အားပေးထောက်ပံ့ခြင်း၊ ဦးဆောင်မှုပြုခြင်းများ ဆောင်ရွက်လာပါကြောင်း။

**စစ်သင်တန်းများတက်ရောက်စေခဲ့**

လူငယ်များအား NLD ပါတီအစွန်းရောက်များနှင့် ၎င်းပါတီကို ထောက်ခံအားပေး အစွန်းရောက်သူများက အသုံးချပြီး EAO နယ်မြေများဖြစ်သည့် KNU ၊ KIA ၊ KNPP စသည့်နယ်မြေတို့တွင် စစ်သင်တန်းများတက်ရောက်စေခဲ့သည့်အပြင် CDM ပြုလုပ်ခဲ့သည့်အဖွဲ့များကို အကြမ်းဖက်လုပ်ရပ်များတွင် လုပ်ဆောင်တတ်စေရန် သင်တန်းပေးခြင်းနှင့် လက်နက်/ခဲယမ်းများ ထောက်ပံ့ခြင်းတို့အပြင် အကြမ်းဖက်လုပ်ရပ်များတွင်ပါ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ အဆိုပါလုပ်ရပ်များကြောင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများပေါ်ပေါက်လာခဲ့ပါကြောင်း၊ CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီးနောက် စက်တင်ဘာလ ၇ ရက်နေ့တွင် အကြမ်းဖက်လုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန် ကြေညာခဲ့ရာ ချင်းပြည်နယ်၊ ထန်တလန်နှင့် မင်းတပ်မြို့၊ မကွေးတိုင်းဒေသကြီး၊ ကင်းမကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရွာသာယာကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး နေရာအချို့၊ ကယားပြည်နယ်၊ လွိုင်ကော်၊ ဒီးမော့ဆို၊ ရှမ်းပြည်နယ်၊ ဖယ်ခုံ၊ မိုးဗြဲစသည့်ဖြစ်စဉ်တို့တွင် စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်သည်အထိ အကြမ်းဖက်လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ကို ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်၍ အကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက် ခဲ့ရပါကြောင်း၊ အကြမ်းဖက်သမားတို့၏ လုပ်ဆောင်မှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေရန် ရည်ရွယ်၍ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်၌ ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်လာမည့် “မာရဝိဇယ” ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား တည်ဆောက်ပူဇော်လျက်ရှိ။

ဇန်နဝါရီလ ၂၀ ရက်အထိ တစ်နိုင်ငံလုံးအနေဖြင့် ပျက်စီးဆုံးရှုံးမှု စက်ရုံ/အလုပ်ရုံ ၂၅ ခု၊ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ၃၄၁ ခု၊ ဌာနဆိုင်ရာရုံးများ ၇၀၂ ခု၊ နိုင်ငံပိုင်/ပုဂ္ဂလိကဘဏ်များ ဖျက်ဆီးခံရမှု ၇၄ ခု၊ လမ်း/တံတားများဖျက်ဆီးခံရမှု ၅၂၄ ခု၊ ဈေးများဖျက်ဆီးခံရမှု ၁၇ ခု၊ ဆေးရုံ/ဆေးခန်းများဖျက်ဆီးခံရမှု ၂၇ ခု၊ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အဦများ ပျက်စီးမှု ၅၀၄ ခု၊ တယ်လီဖုန်း တာဝါတိုင်များပျက်စီးမှု ၄၆၅ ခု၊ လူနေအိမ်များပျက်စီးမှု ၄၁၇ လုံးတို့ ဖျက်ဆီးခံခဲ့ရမှု ရှိခဲ့ပါကြောင်း၊ သေဆုံး/ဒဏ်ရာရမှုများအနေဖြင့် ရဟန်း/သံဃာအပါး၂၀ ၊ အစိုးရဝန်ထမ်း ၉၅ ဦးနှင့် ဒဏ်ရာရရှိမှု ၁၅၃ ဦး၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများသေဆုံးမှု ၃၆၇ ဦးနှင့် ဒဏ်ရာရရှိမှု ၃၃၆ ဦးထိရှိခဲ့ပါကြောင်း၊ တစ်နှစ်တာကာလပတ်လုံး အကြမ်းဖက်မှု ၉,၄၃၇ ကြိမ်ဖြစ်ပေါ်ခဲ့၍ လက်နက်မျိုးစုံ ၅,၆၀၆ လက်၊ ခဲယမ်းမျိုးစုံ ၁၆၁,၅၅၆ တောင့်၊ လက်ပစ်ဗုံး ၁,၈၉၀ လုံးနှင့် လက်လုပ်မိုင်း/ဗုံး ၁၁,၄၂၄ လုံး သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သူ ၄,၃၃၈ ဦးအား ဖမ်းဆီးရမိခဲ့ပါကြောင်း။

စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တပ်မတော်က နိုင်ငံတော်တာဝန်ရယူထိန်းသိမ်းပြီးနောက် အခြေအနေများ၊ နိုင်ငံတကာ၏ ဝိုင်းဝန်းပိတ်ဆို့မှုများနှင့်ပတ်သက်၍ ပြည်တွင်းစီးပွားရေးအခြေအနေနှင့် ပြည်ပသွေးထိုးလှုံ့ဆော်မှုများအရ ဘဏ်လုပ်ငန်းများကို ယုံကြည်မှုကျဆင်းပြီး ပုံမှန်မလည်ပတ်နိုင်သည့်အတွက် ဘဏ်လုပ်ငန်းတွင် ငွေသားလည်ပတ်စီးဆင်းမှုခက်ခဲခဲ့ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှု ကျဆင်းစေရေးအတွက် သက်ဆိုင်ရာနိုင်ငံခြားအဆက်အသွယ်များကို တိုက်ရိုက်/သွယ်ဝိုက် ဖိအားပေးမှုများဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းပြီး ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သယ်ယူပို့ဆောင်ရေးနှင့် သွင်းကုန် (လောင်စာဆီနှင့်ကုန်ကြမ်း) ဈေးနှုန်းမြင့်တက်ခြင်း၊ ဈေးကွက်တွင် ဝယ်လိုအားကျဆင်းခြင်းများဖြစ်ခဲ့ပါကြောင်း။

ဘဏ်ကိစ္စရပ်များနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် နိုင်ငံတော်တာဝန် ထိန်းသိမ်းပြီးနောက်ပိုင်း ပုဂ္ဂလိကဘဏ်ကဏ္ဍ၌လည်း CDM ဆောင်ရွက်မှုများ၊ Online ငွေပေးချေမှုနှင့် ဘဏ်စနစ်များအား တွင်ကျယ်စွာအသုံးပြုနေကြသော်လည်း ပြည်ပနိုင်ငံများ၏ ဘဏ်များဆီမှ ငွေများအစုလိုက်၊ အပြုံလိုက်ပြန်လည်ထုတ်ယူရေး၊ ဘဏ်စနစ်နှင့် လုပ်ငန်းများပြိုပျက်စေရေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်စေရေးတို့အတွက် သွေးထိုးလှုံ့ဆော်ခဲ့ကြပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးအတွက် ဈေးကွက်အတွင်းလိုအပ်သည့် နိုင်ငံခြားငွေဖြည့်တင်းရန်နှင့် စက်သုံးဆီ၊ စားသုံးဆီ၊ ကိုဗစ်ဆေးဝါး၊ လျှပ်စစ်နှင့် Telecom Sector များအတွက် သွင်းကုန်လုပ်ငန်းရှင်များသို့ အမေရိကန်ဒေါ်လာ လိုအပ်ချက်အတွက် အထူးနိုင်ငံခြားငွေ ဈေးပြိုင်လေလံမှတစ်ဆင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်အထိ USD ၅၀၈ ဒသမ ၈ သန်းအား ရောင်းချပေးခဲ့ပါကြောင်း။

## ပြည်ပကြွေးမြီ ၅၂၄၈၈ ကျပ် ဘီလီယံ

ကုန်သွယ်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ယာယီစာရင်းများအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုစာရင်းအရ ပို့ကုန်ဒေါ်လာ ၁၅ ဒသမ ၃၆ ဘီလီယံ၊ သွင်းကုန် ဒေါ်လာ ၁၄ ဒသမ ၆၉ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၀ ဒသမ ၀၅ ဘီလီယံဖြစ်ပြီး ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၆၇၇ သန်းကျော်ရှိခဲ့ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပကြွေးမြီအနေဖြင့် ဒီမိုကရေစီပထမအစိုးရ သက်တမ်းကာလ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်း၊ ပြည်ပ ကြွေးမြီ စုစုပေါင်း ၁၆,၂၇၃ ကျပ်ဘီလီ

ယံ၊ ၂၀၂၀-၂၀၂၁ (၆ လ) ဘဏ္ဍာနှစ်တွင် ပြည်တွင်း၊ ပြည်ပ ကြွေးမြီ ၅၂,၄၈၈ ကျပ်ဘီလီယံအထိ များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ကြွေးမြီများသည် တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာသည်ကို တွေ့ရှိရပါကြောင်း၊ ရေရှည်တွင် ကြွေးမြီခံနိုင်ရည်ရှိမှုကို သုံးသပ်တွက်ချက် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သွင်းကုန်များလျော့ချနိုင်ရေးနှင့် ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးနိုင်ရန်အတွက် ပြည်တွင်းဖြစ်ကို အားပေးမှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှု ကို အားပေးမှုများ အထူးလိုအပ်ပါကြောင်း။

ဥပမာအနေဖြင့် နိုင်ငံတွင်း၌ ဘိလပ်မြေစက်ရုံများ အလုံအလောက်ရှိသော်လည်း ၂၀၂၁ ခုနှစ်တွင် ဘိလပ်မြေ တင်သွင်းမှု ၉၅၆,၈၂၅ တန် တင်သွင်းခဲ့ပြီး တန်ဖိုးဒေါ်လာ ၇၃.၆၁၀ သန်းရှိကြောင်း တွေ့ရပါကြောင်း၊ သံနှင့်သံမဏိ တင်သွင်းမှုအနေဖြင့် စုစုပေါင်း ဒေါ်လာသန်း ၈၅၉.၄၆ တန်ဖိုးတင်သွင်းခဲ့ပါကြောင်း၊ နိုင်ငံတွင်း၌ ဘိလပ်မြေနှင့် သံမဏိထုတ်လုပ်နိုင်သည့် ထုံးကျောက်၊ သံရိုင်း၊ ကျောက်မီးသွေး၊ ဒိုလိုမိုက်စသည့် ကုန်ကြမ်းများ လုံလောက်စွာ ရှိသော်လည်း သံနှင့်သံမဏိစက်ရုံများ တည်ဆောက်ရန် အားပေးမှု၊ သံနှင့်သံမဏိစက်ရုံများလည်ပတ်ရန် ကြိုးစားအားထုတ်မှုမရှိခဲ့သည့်အတွက် ပြည်ပမှမှာယူတင်သွင်းခဲ့ရပါကြောင်း၊ ပြည်တွင်း၌လည်း အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရပါကြောင်း၊ မိမိတို့နိုင်ငံသားများ ပြည်ပနိုင်ငံများသို့ ထွက်ခွာအလုပ်လုပ်ကိုင်ခဲ့ရပါကြောင်း၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေရသည့် မိမိနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ဥပဒေနှင့် စည်းကမ်းများအတိုင်း နေထိုင်ကြရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ယခင်ကရပ်ဆိုင်းထားသည့် သံနှင့်သံမဏိစက်ရုံများကို ပြန်လည်လည်ပတ်နိုင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အနိမ့်ဆုံးအဆင့် အဆောက်အဦဆောက်လုပ်ရေးတွင် အသုံးပြုသည့်သံချောင်း၊ သံလုံးများကို ဒေသအနှံ့အပြားတွင် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၂၁ ခုနှစ်တွင် စားအုန်းဆီအပါအဝင် ဆီတင်သွင်းမှုမှာ ၈၅၈,၆၈၅ ဒသမ ၂၇၁ တန် (တန်ချိန် ၈ ဒသမ ၅ သိန်းကျော်ခန့်) ဒေါ်လာ ၈၆၆ ဒသမ ၇၁၁ သန်းတန်ဖိုးဖြစ်ပါကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ခန့်မှန်းလူဦးရေ ၅၅ သန်းခန့်ရှိပါကြောင်း၊ ကျန်းမာရေးအရ လူတစ်ဦးတစ်ရက်တွင် အနည်းဆုံးစားသုံးသင့်သည့် ဆီ ၂ ဒသမ ၂ ကျပ်သားဖြစ်ပြီး တစ်နှစ်တာ စားသုံးသည့်ဆီမှာ ၈ ပိဿာနှင့်တွက်လျှင် တစ်နှစ်တွင် စားသုံးသင့်သည့်စားသုံးဆီသည် တန်ချိန် ၇ သိန်းကျော် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ပန်းနှမ်းနှင့် ဆီအုန်းများမှ ဆီထုတ်လုပ်နိုင်သဖြင့် မိမိတို့ပြည်သူပြည်သားများသည် လူတစ်ဦးတစ်ရက်တွင် အနည်းဆုံးစားသင့်သည့် စားသုံးဆီထက် ပိုမိုစားသုံးနေကြောင်း တွေ့ရှိရပါကြောင်း၊ စားသုံးဆီ အလွန်အကျွံစားသုံးမှုကြောင့် တစ်ဦးချင်းကုန်ကျမှုများ၊ ၎င်းမှ နိုင်ငံအဆင့် ကုန်ကျမှုများ များပြားလာမည် ဖြစ်သည့်အပြင် တစ်ဦးချင်း၏ ကျန်းမာရေး၊ နိုင်ငံအဆင့် အမျိုးသား ကျန်းမာရေးကိုပါ ထိခိုက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ တစ်ဦးချင်း ကျန်းမာရေး၊ တစ်ဦးချင်းဝင်ငွေတိုးတက်ရေးကို ရှေးရှု၍ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီပမာဏကိုသာ သုံးစွဲနိုင်ရေး အသိပညာပေးမှုများ၊ စားသောက်မှုပုံစံပြောင်းလဲနိုင်ရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်လျက်ရှိပါကြောင်း။

**စက်သုံးဆီတင်သွင်းခဲ့မှု တန်ချိန် ၄ ဒသမ ၁၂ သန်းကျော်**

အလားတူ မြန်မာနိုင်ငံတွင် မော်တော်ယာဉ် ၁ သန်းကျော်နှင့် ဆိုင်ကယ် ၆ သန်းကျော်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စက်သုံးဆီတင်သွင်းခဲ့မှုသည် တန်ချိန် ၄ ဒသမ ၁၂ သန်းကျော်တန်ဖိုး အမေရိကန်ဒေါ်လာ ၂,၄၉၆ ဒသမ ၆၅၂ သန်းရှိခဲ့ပါကြောင်း၊ ထိုသို့ဖြစ်ရခြင်းသည် မြန်မာနိုင်ငံတွင် အများသုံးသယ်ယူပို့ဆောင်ရေးစနစ် (Public Transportation) အားနည်းခြင်းကြောင့် ကိုယ်ပိုင်ယာဉ်များကိုအားထားလာခြင်းဖြစ်ပါကြောင်း၊ အများသုံး သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သည့် ရထား၊ ဘက်စ်ကား၊ သင်္ဘောရေယာဉ်များ၏ ဝန်ဆောင်မှုကိုမြှင့်တင်ခြင်း၊ တစ်ဦးချင်း စက်သုံး ဆီသုံးစွဲမှုကို ချွေတာခြင်း ဆောင်ရွက်၍ ၎င်းကိစ္စကို ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် အများသုံး သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သည့် ရထားပို့ဆောင်ရေးစနစ်၊ ဘက်စ်ကားယာဉ်များနှင့် ပို့ဆောင်ရေးစနစ်၊ သင်္ဘောရေယာဉ်များနှင့်ပို့ဆောင်ရေးစနစ်တို့ကို ဝန်ဆောင်မှု မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားပြည်သူလူထုအနေနှင့်

လည်း ကိုယ်တိုင်စက်သုံးဆီသုံးစွဲမှုကို ချင့်ချိန်ချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးတွင် ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းလိုပါကြောင်း၊ ဥပမာ-ဆိုင်ကယ် ဖ သန်းသည် တစ်ရက်လျှင် ဆီသုံးစွဲမှု နို့ဆီဗူးတစ်ဝက်ခန့် လျှော့ချလျှင် တစ်ရက် ဂါလန် ၁၂၅,၀၀၀ သက်သာမည်ဖြစ်၍ ကားတစ်စီးသည်လည်း တစ်ရက်လျှင်ဆီသုံးစွဲမှု ၁ လီတာ ပုလင်းတစ်ဝက်လျှော့ချနိုင်ပါက တစ်ရက်လျှင် ဂါလန် ၁၂၅,၀၀၀ လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ တန်ဖိုးအားဖြင့် တစ်ဂါလန် ဖ,၀၀၀ ကျပ် ပျှမ်းမျှဈေးဖြင့်တွက်ကြည့်လျှင်ပင် တစ်ရက် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံထိ လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဖြစ်လာရန်မှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ရန်လည်း ဆက်လက် နှိုးဆော်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျေးလက်နှင့်မြို့ပြကွာခြားမှု နည်းပါးရေးဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိထုတ်လုပ်နိုင်မှုသည် များစွာအထောက်အကူပြုပြီး နိုင်ငံတိုင်းသည် နိုင်ငံ၏လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်စွာဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်စွမ်းအားထုတ်လုပ်မှုအား နည်းလမ်းမျိုးစုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်စွမ်းအားသည် ပြည်သူများ၏ လူမှုစီးပွားဘဝများအတွက်များစွာ အထောက်အကူပြုပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုသဖြင့် တန်ဖိုးဖြတ်၍မရနိုင်သော အရာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း သဘာဝအရင်းအမြစ်များဖြစ်သည့် နေအား၊ ရေအား၊ လေအားများရှိပြီးဖြစ်ပါကြောင်း၊ အစိုးရအဆက်ဆက်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်ထုတ်လုပ်ခဲ့သော်လည်း ပြီးခဲ့သည့်အစိုးရလက်ထက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုအကြောင်းပြ၍ နိုင်ငံရေးအရအသုံးချပြီး ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်း အခက်အခဲဖြစ်စေရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများအား အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ကြီးမားပြီး ကုန်ကျစရိတ်တန်ဖိုးများအား တိကျစွာတွက်ချက်နိုင်သော်လည်း ပြန်လည်ရရှိသော အကျိုးအမြတ်မှာ တန်ဖိုးဖြတ်၍မရအောင်ကြီးမားပါကြောင်း။

မြန်မာနိုင်ငံတွင် မိုးများသော ဒေသများမှအပ ကျန်နိုင်ငံတစ်ဝှမ်းလုံးတွင် နေသာသည့်ရက် တစ်နှစ်လျှင် ရက် ၂၀၀ မှ ၂၅၀ ထိရှိသဖြင့် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများ လုံလောက်စွာ တည်ဆောက်ရေးဆောင်ရွက်ပါက နိုင်ငံတော်လျှပ်စစ်ဓာတ်အား လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကျေးရွာများအတွင်း ဆိုလာပြားစနစ်သုံး လျှပ်စစ်ဓာတ်အား တပ်ဆင်ထုတ်လုပ်ပါက ကျေးရွာနေပြည်သူများ၏ လျှပ်စစ်သုံးစွဲမှုကို ပိုမိုအထောက်အကူပြုရုံသာမက လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုလည်း ရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်သည်သာမက မြို့ပြစီမံကိန်းများတည်ဆောက်ရာတွင် လျှပ်စစ်ကိုအခြေခံသည့် လျှပ်စစ်ဘတ်စ်ကားလုပ်ငန်းများနှင့် လျှပ်စစ်ရထားလုပ်ငန်းများကိုလည်း အထောက်အကူပြုစေပါကြောင်း။

**ဘာသာ၊ သာသနာဖျက်ဆီးခံရမှု**

လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တပ်မတော်က နိုင်ငံတော်တာဝန်ရယူ မထိန်းသိမ်းမီ ဘာသာ၊ သာသနာဖျက်ဆီးခံရမှုအခြေအနေနှင့်ပတ်သက်ပြီး ဘာသာပေါင်းစုံလွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(မဟန)ရှိပြီးဖြစ်၍ အမျိုးဘာသာသာသနာစောင့် ရှောက်ရေးအဖွဲ့(မဘသ)ကဲ့သို့သော ဘာသာ၊ သာသနာရေးနှင့် ပရဟိတတွဲဖက်ဆောင်ရွက်သော အဖွဲ့အစည်းများကို ဖျက်သိမ်းခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အကြောင်းပြချက်ဖြင့် ဘုရားပုထိုးများဖူးမြော်ခွင့်နှင့် ဘာသာရေးအဆောက်အဦအတွင်း ဘုရားဝတ်ပြု ကြည်ညိုခွင့်များကို ပိတ်ပင်ခဲ့ပါကြောင်း၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းသယောင် ဝါဒဖြန့်ခဲ့ပါကြောင်း။

မြန်မာ့ယဉ်ကျေးမှုနှင့်ပတ်သက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် National Treasure များဖြစ်ပါကြောင်း၊ မြန်မာတို့သည် ရုပ်ပိုင်း၊ စိတ်ပိုင်း ယဉ်ကျေးသိမ်မွေ့သူများဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် အစိုးရသက်တမ်းကာလတွင် မြန်မာ့ယဉ်ကျေးမှုအတွက် စိုးရိမ်ရေအမှတ် အနေအထားဖြစ်လာရသည့်အပြင် ရွှေတိဂုံစေတီပုံရိပ်ပေါ်၌ ဖိနပ်နင်းအက ကသည်အထိ ဘာသာရေးနှင့် ယဉ်ကျေးမှု နယ်ပယ်

ပျက်စီးခဲ့ရပါကြောင်း၊ မြန်မာ့ဓလေ့ဖြစ်သည့် ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဟူသော မွန်မြတ်လှသည့် အလေ့အကျင့်များအပေါ် Online Media များ အသုံးချ၍ လူငယ်တို့၏ ယဉ်ကျေးသိမ်မွေ့မှု အခြေခံ စိတ်ဓာတ်များအား ဖျက်ဆီးခဲ့ပါကြောင်း၊ ကျောင်းသား လူငယ်များထဲ စိမ့်ဝင်နေမှုနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါအကြောင်းပြပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း များအား တားမြစ်ပိတ်ပင်ခြင်းများဆောင်ရွက်ခဲ့ပါ ကြောင်း၊ အခြေခံပညာကျောင်း သင်ခန်းစာများတွင် မြန်မာ့ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသော၊ မြန်မာ့ယဉ်ကျေး မှုကို ထိခိုက်ပွန်းပဲ့စေသော Sex Education သင်ခန်းစာများ အား ထည့်သွင်းသင်ကြားစေခဲ့ပါကြောင်း၊ နိုင်ငံရေး သမားများက သမိုင်းအမှန်ကိုဖုံးကွယ်၍ လူငယ်ထုအတွင်း တပ်မတော်အား အမုန်းများရန်ပွားစေရန် နားယောင် ထိုးသွင်းလှုံ့ဆော်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

တပ်မတော်က နိုင်ငံတော်တာဝန်ယူနောက် အခြေ အနေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွား တော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာ ရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်၍ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓ ဥယျာဉ်တော်၌ ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွား တော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် “မာရဝိဇယ” ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ဆောက်ပူဇော်လျက်ရှိပြီး ယခုအခါ ဆင်းတုတော် ကြီး၏ ပလ္လင်တော်အစိတ်အပိုင်းအား နေရာချထားမှု ပြီးစီးခဲ့ပြီး ကျန်ဆင်းတုတော်အစိတ်အပိုင်းများကို CNC စက်ဖြင့် ဆက်လက်ထုဆစ်လျက်ရှိကြောင်း၊ ရင်ပြင်တော် ပတ်လည်အခြေခံတည်ဆောက်မှု အကြမ်းထည်ပြီးစီး ပြီဖြစ်ကြောင်း၊ အလားတူ အဆိုပါဗုဒ္ဓဥယျာဉ်အတွင်း ပိဋကတ်သုံးပုံ ပါဠိတော်အဋ္ဌကထာဋီကာကျမ်းစာများ ကိုလည်း စကျင်ကျောက်များပေါ်၌ ခေတ်မီစက် ကိရိယာ များအသုံးပြု၍ ပါဠိအက္ခရာ၊ Roamnize Language တို့ ဖြင့် ရေးထိုးပူဇော်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း။

ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလအတွင်း အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်များ ဖျက်ဆီးမှိုင်းတိုက်ဝါဒဖြန့် လှုံ့ဆော်မှု၏ အကျိုးဆက်ကြောင့် အချို့က Generazation-Z ဟုခေါ်သော လူငယ်များမှာ နိုင်ငံရေးသမားတို့၏ အသုံးချမှုအပေါ် အယုံလွယ်လမ်းမှား ရောက်ခဲ့ပြီး ဆရာ/ ဆရာမ ၃၇ ဦး သတ်ဖြတ်ပြီး အယောက် ၃၀ ကို ထိခိုက်ဒဏ်ရာရရှိအောင် ပြုလုပ်ခြင်း၊ ရဟန်း သံဃာအပါး ၂၀ အား သတ်ဖြတ်စော်ကားခြင်း၊ စာသင် ကျောင်းများအားမီးရှို့ဖျက်ဆီးခြင်း ၅၀၄ ကြိမ်ဆောင်ရွက် ခဲ့ပါကြောင်း၊ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ အတွင်း ကိုဗစ်-၁၉ ရောဂါ အကြောင်းပြ၍ ပိတ်ထားခဲ့ သည့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာအလိုက် ဘာသာရေးအဆောက်အဦများတွင် ဘုရားဝတ်ပြုခြင်း၊ ကြည်ညိုခြင်းများအား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေး ခဲ့ပါကြောင်း၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG တို့၏ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုး မျိုးကြောင့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့သည့်အတွက် အရေးယူခံရပြီး နိုင်ငံတော်အတွင်း တရားရုံးအသီးသီး တွင် တရားစွဲဆိုခြင်းခံနေရသူများကို လူသားချင်းစာနာ ထောက်ထားမှုများအား အလေးထားသောအားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေ ရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန် အတွက် အကျဉ်းသား၊ အကျဉ်းသူ ၄၇,၈၇၉ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်တို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

ရှေ့လုပ်ငန်းစဉ်၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် အကောင် အထည်ဖော်မှုအခြေအနေနှင့်စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူပြီး နောက် ရှေ့လုပ်ငန်းစဉ်၅ ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မဲမသမာမှုဖြစ်စဉ်ပေါ် မူတည်၍ “ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်း ပြီး မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်” ဟူသည့်အချက်ကို ပထမအချက် လုပ်ငန်းစဉ်ထားခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်တွင် ကော်မရှင်အဖွဲ့အသစ်အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်မှ ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်များတွင်ရှိသည့် တာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူ ၄,၆၄၈,၂၇၀ ဦး (၄ ဒသမ ၆ သန်းကျော်) အသက် ၁၈ နှစ် မပြည့်ဘဲ မဲပေးခဲ့သူ ၁၄,၄၁၂ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲပေးခဲ့သူ ၂၀,၅၆၆ ဦး၊ ၂ ကြိမ်နှင့် ၃ ကြိမ် အထက်မဲပေးခဲ့သူ ၃,၈၉၁,၆၁၁ ဦး အပါအဝင် မဲမသမာမှု စုစုပေါင်း ၁၁,၃၀၅,၃၉၀ ဦး (၁၁ သန်း ၃ သိန်း ကျော်) ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံသားကတ်မရှိဘဲ မဲပေးသူ ၄,၆၄၈,၂၇၀ (၄ ဒသမ ၆ သန်းကျော်)ရှိပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ဆိုင်ရာအချက်အလက်များကိုအခြေခံပြီး တွက်ချက်ထားချက်အရ ၁-၄-၂၀၂၁ ရက်နေ့အထိ အသက်(၁၈)နှစ်နှင့် အထက် ခန့်မှန်းလူဦးရေ ၃၇,၂၉၉,၈၅၈(၃၇ ဒသမ ၂၉ သန်း)ဖြစ်ပြီး မှတ်ပုံတင်နိုင်ငံသားကတ် မရှိသည့် နိုင်ငံသားများ ၃ ဒသမ ၄ သန်းကျော်ရှိနေပါကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့် အကျုံးဝင်သော (ဥပဒေအရနိုင်ငံသားများ) အားလုံးကို "ပန်းခင်း" စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရန်အတွက် ၃-၅-၂၀၂၁ ရက်နေ့မှစ၍ စစ်ဆင်ရေးတစ်ရပ်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မှတ်ပုံတင်ပြုလုပ်ရမည့်လူဦးရေ ၃,၄၉၁,၃၆၄ ဦး(၃ ဒသမ ၄ သန်းကျော်) အနက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်အထိ ၁,၉၀၅,၈၄၃ ဦး(၂ သန်းနီးပါး) ဆောင်ရွက်ပေးနိုင်ခဲ့ရာ ၅၅ ရာခိုင်နှုန်း နီးပါးပြီးစီးပြီဖြစ်ပြီး မှတ်ပုံတင်ဆောင်ရွက်မှု အချိန်ကာလအားဖြင့် ၁၈ လတာ ကြာမြင့်မည်ဖြစ်ပါကြောင်း။

**သဟဇာတမဖြစ်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွေးကောက်ပွဲစနစ်နှင့်ပတ်သက်၍ ပြောကြားရာတွင် "လက်ရှိရွေးကောက်ပွဲစနစ်ဟာ များသူအနိုင်ယူ (FPTP) ဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းသား ၁၃၅ မျိုးနဲ့ ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာမှာ သဟဇာတမဖြစ်ကြောင်းတွေ့ရှိရပါတယ်၊ ဒီအတွက်ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ မြန်မာနိုင်ငံနဲ့သင့်လျော်ကိုက်ညီတဲ့ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံရေးပါတီများ ၄ ကြိမ်တွေ့ဆုံခဲ့ပြီးတော့မှ နိုင်ငံရေးပါတီအစုအဖွဲ့ ၆ ဖွဲ့ရဲ့ တင်ပြချက်စာတမ်းအရ အစုအဖွဲ့အားလုံးက လွှတ်တော်သုံးရပ်မှာ အချိုးကျကိုယ်စားပြုမှုစနစ် (PR) ပြောင်းလဲကျင့်သုံးနိုင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်မှာ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မှာ မြို့နယ် ၃၂၃ မြို့နယ်မှာ ကျင်းပပြီးစီးခဲ့ပါတယ်။ အဆိုပါ ရွေးကောက်ပွဲများမှာ ရွေးကောက်ပွဲဆိုင်ရာတိုင်ကြားမှု အချို့ရှိခဲ့သော်လည်းပဲ ပြေလည်အောင်ဖြေရှင်းနိုင်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်တွင် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်တွင် ကျင်းပခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများသည် General Election ဖြစ်၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းလွှတ်တော် အမတ်များအတွက် ကိုယ်စားလှယ်များရွေးချယ်ရပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ မဲမသမာမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များက ရင်ဆိုင်မဖြေရှင်းရဲတဲ့ အခြေအနေအထိ မဲမသမာမှုများဖြစ်ပေါ်ခဲ့ပါတယ်။ ယင်းဖြစ်ရပ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်မှုကို ယုံကြည်အားကိုးမှု အားနည်းစေပြီးတော့မှ နိုင်ငံ၏ပုံရိပ်ကိုလည်း များစွာကျဆင်းစေခဲ့ပါတယ်။ ထို့အတွက်ကြောင့် ရွေးကောက်ပွဲများကို ထိခိုက်အောင်လုပ်ခဲ့သူများကို တည်ဆဲဥပဒေများအရ အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရအနေနဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များပြီးစီးပါက ရွေးကောက်ပွဲပြန်လည်ကျင်းပပြုလုပ်သွားမည်ဆိုတဲ့ ကတိကို အကောင်အထည်ဖော်နိုင်အောင် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်နေပါတယ်၊ ရွေးကောက်ပွဲဆိုတာ တည်ငြိမ်အေးချမ်းလုံခြုံတဲ့အခြေအနေရှိမှ ပြည်သူများလွတ်လပ်စွာ မဲပေးနိုင်မှာဖြစ်ပါတယ်။ သန့်ရှင်း

တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မှာဖြစ်ပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီး မြို့နယ်အားလုံး ရွေးကောက်ပွဲပြုလုပ်နိုင်ဖို့အတွက် ကြိုးပမ်းနေရာမှာ အစိုးရရဲ့နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြဖို့လိုအပ်ကြောင်း တွေ့ရှိရပါတယ်” ဟုပြောကြားသည်။

ယင်းနောက် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်၅ ရပ်တွင် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို ထည့်သွင်းရေးဆွဲထားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်၌ စတင်တွေ့ရှိခဲ့ပါကြောင်း၊ ကာကွယ်ကုသမှုအနေဖြင့် ကူးစက်မှုအမြင့်ဆုံးကာလ ဇူလိုင်လ တတိယပတ်နှင့် စတုတ္ထပတ်များတွင် တစ်ရက်လျှင် ပျမ်းမျှပိုးတွေ့ လူဦးရေ ၅,၀၀၀ ကျော်ခန့်(၄၁ ရာခိုင်နှုန်း) အထိဖြစ်ပွားခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလတွင်ဖြစ်ပွားမှု၊ သေဆုံးမှုများ လျင်မြန်စွာ ထိန်းချုပ်နိုင်ရေးအတွက် ဆေးရုံ၊ ဆေးခန်းများအပြင် ကုသမှုစင်တာပေါင်း (၁,၆၇၄) ခုအထိ ဖွင့်လှစ်ကုသပေးနိုင်ခဲ့ပါကြောင်း၊ အောက်ဆီဂျင်ထုတ်လုပ်နိုင်ရေး အလျင်အမြန်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်မှ အောက်ဆီဂျင်စက်ရုံ (၂၂၅) ရုံ၊ ပုဂ္ဂလိကမှ (၂၄၂) ရုံ၊ စုစုပေါင်း (၄၄၆)ရုံ တည်ဆောက်ပေးပြီး ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခဲ့ပါကြောင်း။

မိမိအနေဖြင့် “လက်တွေ့ကျကျ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ” ဆိုသည့် မူဝါဒချမှတ်ပြီး နည်းလမ်းပေါင်းစုံနှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နေ့မနားညမနား ဆောင်ရွက်ခဲ့ကြပါကြောင်း၊ မိမိကိုယ်တိုင် ဦးဆောင်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီအစည်းအဝေးများကို (၁၃) ကြိမ်တိုင်တိုင် ကျင်းပ၍ လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေးကိစ္စရပ်များကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် Video Conferencing ပြုလုပ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ဆေးဝါးဝယ်ယူနိုင်ရန်အတွက်လည်း ငွေကျပ် ဘီလီယံ ၃၀၀ လျာထားခဲ့ပြီး ဆေးရုံလုပ်ငန်းလိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးများကို ဒုတိယဝန်ကြီးချုပ်ဦးစီးဆောင်ရွက်ပြီး တစ်ပတ်လျှင် ၃ ကြိမ် ပြုလုပ်ကာ အနီးကပ်ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်ပြတ်တောက်စေရေးအတွက် Stay at Home မြို့နယ်ပေါင်း ၁၁၉ မြို့နယ်အထိ သတ်မှတ်ပေးခဲ့ပါကြောင်း၊ လက်ရှိနောက်ဆုံးအခြေအနေမှာ မြို့နယ်အားလုံးကို ကန့်သတ်ချက် ဖယ်ရှားပေးခဲ့ပြီးဖြစ်သည့်အတွက် Stay at Home မြို့နယ်များ ကျန်ရှိခြင်းမရှိတော့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအနှောင့်အယှက်အချို့နှင့် အဖျက်သမားများ ဝိုင်းဝန်းဝေဖန်နှောင့်ယှက်မှုများကို ကျော်လွှားနိုင်ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်စာရင်းအရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ပျမ်းမျှ ၁ ရာခိုင်နှုန်းဝန်းကျင်သာရှိတော့ကြောင်း။

ယခင်အစိုးရလက်ထက် အိန္ဒိယနိုင်ငံမှ ကိုဗစ်ကာကွယ်ဆေး သန်း ၃၀ Dose အမေရိကန်ဒေါ်လာ သန်း ၁၅၀ နှင့် ဝယ်ယူခဲ့ပါကြောင်း၊ ၎င်းမှ ၂ သန်းသာ ရောက်ရှိလာခဲ့ပြီး နောက်ပိုင်းမှာ အိန္ဒိယနိုင်ငံတွင်လည်း ကိုဗစ်ရောဂါဖြစ်ပွားမှု မြင့်မားလာသည့်အတွက် ဆေးများထပ်မံရောက်ရှိခြင်းမရှိပါကြောင်း၊ ကိုဗစ်ရောဂါကာကွယ်ရေးတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကဖြစ်သည့်အတွက် အစိုးရအနေနှင့် ကာကွယ်ဆေးရရှိရန်လုပ်ငန်းကို အစမှ ပြန်လည်ကြိုးပမ်းရပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ပုံငွေ အသုံးပြုမှုအခြေအနေအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူမှု ကုန်ကျစရိတ်အနေဖြင့် ဒေါ်လာ၂၇၆ ဒသမ ၆၄ သန်းတန်ဖိုးဝယ်ယူခဲ့ပါကြောင်း၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံနှင့် နီပွန်ဖောင်ဒေးရှင်းတို့မှ ကိုဗစ်ကာကွယ်ဆေးဆေး Dose ၁၇ ဒသမ ၁ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၁၂ သန်း) လှူဒါန်းမှုကိုလက်ခံရရှိခဲ့ပါကြောင်း၊ ထို့အပြင် ကမ္ဘောဒီးယား၊ ထိုင်းစသည့် နိုင်ငံများမှလည်း ကိုဗစ်ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေးအတွက် ကျပ်ငွေ ၆၄ ဘီလီယံကျော် သုံးစွဲခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးတွင် ဆေးရုံများအဆင့်မြှင့်တင်ရေးအတွက် ကျပ်ငွေ ၆၀ ဒသမ ၃ ဘီလီယံကျော် သုံးစွဲခဲ့သည့်အနက် ကိုဗစ်ဖြစ်သူများအတွက် အရေးပေါ် လိုအပ်သောအောက်ဆီဂျင်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူမှုအနေဖြင့် ၁၂ ဒသမ၂၃ ဘီလီယံကျပ် ပါဝင်သုံးစွဲခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါလူနာများအတွက် ကျွေးမွေးမှုစုစုပေါင်းကုန်ကျစရိတ် အနေဖြင့် ကိုဗစ်-၁၉ ဗဟိုကော်မတီရန်ပုံငွေမှ ကျပ် ၂၃ ဒသမ ၁၂ ဘီလီယံနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ငွေကျပ် ၄ ဘီလီယံ၊ စုစုပေါင်း ကျပ်ငွေ ၂၇ ဒသမ ၁၂ ဘီလီယံ သုံးစွဲခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ဒီဇင်ဘာလတွင် ၅၀ ရာခိုင်နှုန်းအပြီး မျှော်မှန်းထားသော်လည်း ၅၁ ရာခိုင် နှုန်းကျော် ထိုးနှံပြီးစီးခဲ့ပါကြောင်း၊ လက်ရှိကာလအထိ ၅၃ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ပါကြောင်း။

**ဆောင်ရွက်ပေးနိုင်ခဲ့**

လက်ရှိအစိုးရသက်တမ်းကာလ တစ်နှစ်အတွင်း Quarantine ဆေးရုံ၊ ဆေးခန်း တက်ရောက်သူများအတွက် ကျွေးမွေးမှုကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၄ ဘီလီယံနီးပါး၊ ကိုဗစ်ဖြစ်ပွားသူများအတွက်အောက်ဆီဂျင် Plant ဝယ်ယူခဲ့ရာ ကျပ် ၁၀ ဒသမ ၂၃ ဘီလီယံကုန်ကျခဲ့ပါကြောင်း၊ နိုင်ငံအတွင်း ဆေးရုံ ၁,၀၇၇ ရုံ၊ ဆေးပေးခန်း ၁၁,၄၂၇ ခုရှိပြီး ဆေးရုံ ၇၆၅ ရုံ၊ ဆေးပေးခန်း ၇,၄၃၀ ခု လုပ်ငန်းဆောင်ရွက်နိုင်မှုရှိခဲ့ကြောင်း၊ တစ်နိုင်ငံလုံး ခန့်အပ်ဆရာဝန် ၁၄,၆၇၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၀၅,၈၃၄ ဦးရှိပြီး ၎င်းအထဲမှ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းအချို့ ပျက်ကွက်ခဲ့ပြီး ၎င်းတို့သည် နိုင်ငံရေးဝါဒမှိုင်းများကြောင့် မိမိတို့လုပ်ငန်းခွင်ကို စွန့်ခွာသွားသည့် သူများဖြစ်ကြောင်း၊ အဆိုပါလိုအပ်သွားသည့် နေရာများတွင် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကုသပေးခြင်းနှင့် တပ်မတော်ဆေးရုံများတွင် အများပြည်သူများကို ကုသပေးခြင်းများကို ခွင့်ပြုပေးခဲ့ကြောင်း၊ အလားတူ အငြိမ်းစားကျန်းမာရေးဝန်ထမ်းများနှင့် အငြိမ်းစား တပ်မတော်ဆေးဆရာဝန်များကလည်း ဆေးကုသမှုများ ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည့်အတွက်ကြောင့် ကိုဗစ် -၁၉ ရောဂါကာကွယ်တိုက်ဖျက်ရေးတွင် များစွာအကူအညီရခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း တာဝန်သိကျန်းမာရေးဝန်ထမ်းများသည် ၎င်းတို့၏ လူနာရှင်များကိုမပစ်ခွာဘဲ တာဝန်သိသိသစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် ကျပ် ၁၀ ဒသမ ၉၄ ဘီလီယံကို အစိုးရမှဆုချီးမြှင့်ခဲ့ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်ရန်လိုအပ်သည့် ပြည်သူများအတွက် တပ်မတော်ဆေးတပ်ဖွဲ့များမှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပြင်ပလူနာ ၃၂၉,၇၅၉ ဦး၊ အတွင်းလူနာ ၉၈,၃၂၈ ဦး၊ မွေးလူနာ ၁၉,၅၂၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းဆိုင်ရာရောဂါ၊ အရိုး/အကြောဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွား၊ မီးယပ်ရောဂါ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါ၊ နှလုံးနှင့်ဆိုင်သောရောဂါများ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အငြိမ်းစားဆေးတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများမှာ အင်အားဖြည့်တင်းဆောင်ရွက်ပေးနိုင်မှုများကြောင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်လည်း အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အရေးကြီးဆုံးအချက်မှာ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဖြစ်ပါကြောင်း၊ကျန်းမာရေးဝန်ကြီးဌာန၊ တပ်မတော်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၆၀,၅၉၆,၄၀၀ Dose (၆၀ ဒသမ ၅ သန်းကျော်)ရောက်ရှိခဲ့ပြီး ဇန်နဝါရီလ ၂၉ ရက်အထိ ထိုးနှံပြီးစီးခဲ့သည့် Dose ၄၀,၈၅၆,၀၀၀ ရှိပြီး၊ ၂ ကြိမ်အပြည့် ထိုးနှံပြီးသူ ၁၈,၇၉၂,၀၉၉ ဦး၊ တစ်ကြိမ် ထိုးနှံပြီးသူ ၃,၂၇၁,၈၀၂ ဦး၊ Booster Dose ထိုးနှံပြီးစီးသူ ၂၁၆၆၈ ဦး ထိုးနှံပြီးဖြစ်သောကြောင့် တစ်နိုင်ငံလုံး မျှော်မှန်းချက်ထက် ၅၃ ရာခိုင်နှုန်းကျော် အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးဖြစ်ပါကြောင်း၊ နေ့စဉ်ထိုးနှံနိုင်မှုသည် ၃ သိန်းကျော်ရှိပါကြောင်း၊ ကာကွယ်ဆေးထုတ်လုပ်နိုင်မှုအနေဖြင့် ကိုဗစ်-၁၉ ရောဂါသည် အချိန်ကာလအတိုင်းအတာတစ်

ခုအထိ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သောကြောင့်ပြည်တွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးမူဝါဒအား ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကနဦးခြေလှမ်းအနေဖြင့် တရုတ်နိုင်ငံထုတ် (Sinopharm) ကာကွယ်ဆေးကိုပုလင်းအတွင်းဖြည့်သွင်းရန်အသင့် (Ready to Fill Bulk)စနစ်ဖြင့် ဝယ်ယူထုတ်လုပ်နိုင်ရေးအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ထုတ်လုပ်မှု လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း Doses ၁၀ သန်းခန့် ထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ထို့သို့ ဆောင်ရွက်မှုအရ ကာကွယ်ဆေးဈေးနှုန်းမှာလည်း မူလကုန်ချောဈေးနှုန်း၏ထက်ဝက်မျှသာရှိသော ဈေးနှုန်းဖြင့် ထုတ်လုပ် နိုင်မည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေအရ ၂၀၂၁ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ၏ မျိုးကွဲစိတ် အိုမီခရွန်အား တွေ့ရှိလျက်ရှိပြီး နိုင်ငံတွင်လည်း ပြည်ပမှပြန်လည်ဝင်ရောက်လာသူများအား စစ်ဆေးလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၌ ပြည်ပမှ ပြန်လည်ဝင်ရောက်သူများတွင် အိုမီခရွန်ရောဂါပိုးစတင်တွေ့ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်အထိ ၂၈၃ ဦးတွေ့ရှိခဲ့ရပါကြောင်း၊ ထို့ကြောင့် ကိုဗစ် ရောဂါနှင့်ပတ်သက်၍ မပေါ့ဆကြရန်နှင့် လိုက်နာရန်သတ်မှတ်ထားသည့် တစ်ကိုယ်ရည်အကာအကွယ်စည်းမျဉ်းများကို လိုက်နာသွားရန် လိုအပ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဖြစ်ပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းနိုင်ငံများနည်းတူ မြန်မာနိုင်ငံကိုလည်း ရိုက်ခတ်မှုများရှိခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားနိုင်ရန် ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးအတွက် ကုမ္ပဏီ/လုပ်ငန်း ၆,၃၃၄ ခု အား ချေးငွေပမာဏ ကျပ် ၁၆၆ ဒသမ ၆၄၆၃ ဘီလီယံထုတ်ချေးထားပါကြောင်း၊ လက်ရှိအခြေအနေ၌ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားမှုကော်မတီအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့်မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေးအတွက် ကုမ္ပဏီ/လုပ်ငန်း ၁၁၆ ခုသို့ ချေးငွေများခွင့်ပြုခြင်းဆောင်ရွက်ခဲ့ပါကြောင်း။

စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်မှုအနေဖြင့် မြန်မာနိုင်ငံသည် စိုက်ပျိုး/မွေးမြူရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုများမှတစ်ဆင့် စိုက်ပျိုး/မွေးမြူရေး ထုတ်ကုန်များ ပိုမိုတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျခေတ်မီစေရေးအတွက် အရေးပါသည့်အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွက်လာရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် စိုက်ပျိုးမွေးမြူရေးကျောင်းများကို သိပ္ပံကောလိပ်အဆင့်တိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် နေပြည်တော်၌ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုပြုလုပ်သည့် မွေးမြူရေးတိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲတွင် နိုင်ငံအရပ်ရပ်က ကျွဲ၊ နွား၊ ဆိတ်၊ သိုးများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါကြောင်း၊ ဒေသပြည်တွင်းမျိုး၊ ကပြားမျိုး၊ နိုင်ငံခြားမျိုးများအထဲတွင် ဒေသပြည်တွင်း မျိုးကောင်းများကို တွေ့ရပါကြောင်း၊ စနစ်တကျ ကျွေးမွေး၍ မွေးမြူမည်ဆိုလျှင် တိုင်းပြည်အတွက်များစွာ အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သည့်အတွက် ခေတ်မီမွေးမြူရေးပညာရှင်များ မွေးထုတ်ဆောင်ရွက်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း။

**မူဝါဒချထား**

ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်" ဟု မူဝါဒချထားပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ NCA အတိုင်း အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ

လ ၁၇ ရက်တွင် ငြိမ်းချမ်းရေးဆိုင်ရာကော်မတီ (၃)ရပ် ဖွဲ့စည်းခဲ့ပါကြောင်း၊ မိမိဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောလုပ်ငန်းကော်မတီ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ညှိနှိုင်းရေးကော်မတီတို့ ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀) ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါကြောင်း၊ ဆက်လက်၍ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိ၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့သက်ဆိုင်သူအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး" ဆိုသည့်အချက်နှင့်ပတ်သက်၍ နောင်ကျင်းပမည့် ရွေးကောက်ပွဲအတွက် နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိရေးအတွက် လိုအပ်လျက်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ တိုင်းရင်းသားအားလုံးတူညီသည့် အခွင့်အရေးများရရှိရန် အချိုးကျ ကိုယ်စားပြုခြင်းစနစ် (Proportional Representation – PR)ကို အသုံးပြုနိုင်ရေး နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူများနှင့်စုပေါင်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖြင့် ဆွေးနွေးလျက်ရှိပါကြောင်း၊ အချိုးကျကိုယ်စားပြုခြင်း (PR) စနစ်ကျင့်သုံးမည့်အလားအလာနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေး ၄ ကြိမ်ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း။

ဦးတည်ချက်(၉)ရပ် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ နိုင်ငံရေးဦးတည်ချက်များနှင့်ပတ်သက်ပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးကို ပထမဆုံးအချက်အဖြစ် ဦးတည်ချက်အားချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းလည်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများသည် ၎င်းတို့ကိုထောက်ခံသည့် ပြည်သူလူထုကို ကိုယ်စားပြုသည့်လူများဖြစ်ပါကြောင်း၊ ထို့ကြောင့် မတူကွဲပြားသည့် ကိုယ်စားပြုမှုများရှိပြီး ပါတီများသည် ဝါဒရေးရာအရဖြစ်လာသောပါတီများဖြစ်ပါကြောင်း၊ ဝါဒရေးရာပါတီများဖြစ်၍ ဒီမိုကရေစီလမ်းကြောင်းချင်း အနည်းငယ်ကွဲပြားနိုင်ပါကြောင်း၊ လူမျိုးရေးနှင့်ပတ်သက်သည့် ပါတီများသည် လူမျိုးစုအလိုက် ကိုယ်စားပြုသည့်ပါတီများဖြစ်ပြီး ဒေသအလိုက် ကိုယ်စားပြုသည့်ပါတီများ အနည်းငယ်ရှိပါကြောင်း၊ ထိုပါတီများတွင် ကိုယ်စားပြုမှုပေါ် မူတည်ပြီး ၎င်းတို့၏ ထောက်ခံသူများရှိပါကြောင်း။

ပါတီများ၊ တိုင်းရင်းသားလူမျိုးစုများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ရေးအတွက် အချိုးကျကိုယ်စားပြုစနစ်(PR)ကို သွားရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့် ပတ်သက်၍လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍လည်းကောင်း မည်သို့ပင်အယူအဆ အမျိုးမျိုးကွဲပြားနေပါစေ မိမိတို့ နိုင်ငံနှင့် သဟဇာတဖြစ်သည့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်သည့်အပြင် ဒီမိုကရေစီနှင့်ပတ်သက်၍ အများဆန္ဒအတိုင်း ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လူနည်းစု၏ ဆန္ဒကိုလည်း အလေးထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ ဆောင်ရွက်မည့် ဖက်ဒရယ်သည် မတူကွဲပြားသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ လူမျိုးများ၊ လူမျိုးစုများ၊ စုစည်းထားရာမှ အချုပ်အခြာအာဏာဖြစ်သည့် အာဏာ(၃)ရပ်ကို ခွဲဝေကျင့်သုံးခြင်းနှင့် ထိုသို့ဆောင်ရွက်ရာမှာ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား အာဏာခွဲဝေဆောင်ရွက်သွားခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိစေမည်ဖြစ်ပါကြောင်း။

**ပြဋ္ဌာန်းထား**

ဒုတိယအချက်ဖြစ်သည့် “တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်းအလေးထားလုပ်ဆောင်ရေး” ဆောင်ရွက်မှုအား ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်၌ ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ တတိယအချက်ဖြစ်သည့် “လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး”နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးရှေးရှုသည့် မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် မူဝါဒ(၃)ရပ်ကို ပြဋ္ဌာန်းထားခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် ပထမတစ်နှစ်တာကာလအတွင်းတွင် နိုင်ငံတကာဆက်ဆံရေးကောင်းမွန်ရန် အမြဲရှေးရှုလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြည်ပနိုင်ငံများ ပထမဦးဆုံးခရီးစဉ်ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာတွင်ကျင်းပသည့် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ပါကြောင်း။

ဒုတိယခရီးစဉ်အဖြစ် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၀ ရက်မှ ၂၇ ရက်အထိ ရုရှားနိုင်ငံတွင်ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံကို တက်ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် မိတ်ဆွေနိုင်ငံသာရှိပြီး ရန်သူနိုင်ငံဟူ၍မရှိပါကြောင်း၊ မိမိတို့အပေါ် ရန်သူသဖွယ်ဆက်ဆံနေလျှင်လည်း ၎င်းနိုင်ငံများ၏ သဘောထားကို ပြောင်းလဲလာစေရန်၊ မိတ်ဆွေဖြစ်လာစေရန် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင် နိုင်ငံ၏နယ်စပ်ဒေသများကို ထာဝရတည်ငြိမ်အေးချမ်းသည့် နယ်စပ်ဒေသဖြစ်ရန်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများနှင့် ထာဝရတည်ငြိမ်အေးချမ်းပြီး ချစ်ခင်သည့် အိမ်နီးနားချင်းဆက်ဆံရေးကို ထူထောင်သွားမည်ဖြစ်ပါကြောင်း၊ အိမ်နီးချင်းဆက်ဆံရေးမှာလည်း မတူသည့်မူဝါဒ၊ ယဉ်ကျေးမှုများရှိသည့်နိုင်ငံများနှင့် ဆက်ဆံခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံချင်းပေါ်မူတည်၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ထိတွေ့ဆက်ဆံနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားတွင် ခေတ်အဆက်ဆက်တည်ရှိခဲ့သည့် အိမ်နီးချင်း ဆက်ဆံရေးနှင့် ထာဝရငြိမ်းချမ်းသည့် အိမ်နီးချင်းဆက်ဆံရေးတွင် ချစ်ကြည်ရင်းနှီးမှုများရှိပြီးဖြစ်သည့် အတွက် ပိုမိုခိုင်မာမှုရှိစေရန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိ အာဆီယံအလှည့်ကျဥက္ကဋ္ဌနှင့် ဆွေးနွေးခဲ့ရာတွင် အာဆီယံထိပ်သီးအစည်းအဝေး ဘုံသဘောတူညီချက် ၅ ရပ်နှင့်ပတ်သက်၍ ဦးတည်ဆွေးနွေးခဲ့ပြီး ပထမဆုံးအချက်ဖြစ်သည့် အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်နေသူများအနေဖြင့် အကြမ်းဖက်မှုရပ်ဆိုင်းပြီးတွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ရန် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် အကြမ်းဖက်များ၏ ကွဲပြားခြားနားမှုများ၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အမြဲမပြတ်ဆောင်ရွက်နေမှုများနှင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရေးဖိတ်ခေါ်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် အာဆီယံလူသားချင်းစာနာထောက်ထားမှုနှင့်သက်ဆိုင်သည့် အထောက်အပံ့ပစ္စည်းများကူညီထောက်ပံ့နိုင်ရေးဆိုင်ရာကိစ္စများကိုလည်း ဆွေးနွေးနိုင်ခဲ့ပြီး အစိုးရအနေဖြင့် လက်ခံပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ချစ်ကြည်ရေး ခရီးစဉ်တွင် ကောင်းမွန်ထူးခြားသည့်ရလဒ်များ ရရှိခဲ့ပြီး ခရီးစဉ်နှင့်ပတ်သက်၍ ပူးတွဲသတင်းထုတ်ပြန်ချက်များအား ထုတ်ပြန်ခဲ့ပါကြောင်း။

ထို့အပြင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ဇန်နဝါရီလ ၂၆ ရက် Video Conferencing နှင့် တွေ့ဆုံဆွေးနွေး

ရာတွင်လည်း အာဆီယံအဖွဲ့တွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု၊ အာဆီယံနိုင်ငံများအတွင်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးဖြစ်စေရန် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ အာဆီယံအထူးကိုယ်စားလှယ်ကို မြန်မာနိုင်ငံသို့စေလွှတ်သွားမည့်အခြေအနေများနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်လာရောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနှင့် အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များကို မထိခိုက်စေဘဲ နိုင်ငံတကာနှင့် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီးပွားရေးဦးတည်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံ၏အခြေခံနှင့် ပြည်သူအများစုလုပ်ကိုင်နေရသည့် စီးပွားရေးဖြစ်သော စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်စေလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုး/မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်နေကြသည့် ကျေးလက်နေပြည်သူလူထု ၇၀ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ မွေးမြူရေးလုပ်ငန်းများအနေဖြင့် မိမိတို့နိုင်ငံ၏ ဒေသအများစုတွင် မွေးမြူ၍ရသော ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး စသည့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင်ပြည်ပမှ နို့ထွက်ပစ္စည်းတင်သွင်းနေမှုကို လျှော့ချနိုင်ရန်အတွက် နိုင်ငံအတွင်း ရာသီဥတုနှင့် မြေအခြေအနေကောင်းသည့်နေရာများတွင် နို့စားနွားများမွေးမြူ၍ နို့ထွက်ပစ္စည်းများ ပြည်တွင်းဖူလုံရုံမျှမက ပိုလျှံစေရန် မွေးမြူဆောင်ရွက်လျက်ရှိသည်သာမက အသားစားနွား၊ အသားတိုးဝက်၊ အသားတိုးကြက်များ မွေးမြူ၍ပြည်တွင်းတွင် အသားစိုရိက္ခာဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် “မြန်မာနိုင်ငံမှာ လူဦးရေ ၅၅ သန်းခန့်ရှိရာမှာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်နေပြည်သူများဖြစ်ပြီးတော့ ၃၀ ဒသမ ၂ ရာခိုင်နှုန်းဟာ ဆင်းရဲနွမ်းပါးတဲ့ အောက်ကိုရောက်ရှိနေတဲ့သူများဖြစ်ပါတယ်၊ အများဆုံးခံစားရတဲ့ ဒေသများဟာ ကျေးလက်ဒေသများဖြစ်ပါတယ်၊ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်ဒေသများရှိ ပြည်သူများရဲ့ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ဖို့အတွက် ထိရောက်တဲ့နည်းလမ်းများကို အသုံးပြုပြီး မြို့ပြနဲ့ကျေးလက်ဒေသများအကြား ကွာဟချက်ကျဉ်းမြောင်းစေဖို့နဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ဖို့အတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်စေဖို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းမှာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်ဒေသသောက်သုံးရေ ဖူလုံရေးအတွက် ရေကန်များ၊ မြေအောက်ရေများ တူးဖော်ခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ ၂၀၃၀ ပြည့်နှစ်၊ ကျေးလက်ကျေးရွာများ အားလုံးရဲ့ ၈၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းများ အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကျေးလက်အသက်မွေးဝမ်းကြောင်းဖွံ့ဖြိုးရေး လူထုအခြေပြုစီမံကိန်းများ၊ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ၊ ကျေးလက်အိမ်ရာတည်ဆောက်ခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်အခြေခံအဆောက်အဦဖွံ့ဖြိုးရေးနှင့် ကျေးလက်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ ကျေးလက်နေပြည်သူများမှ လူမှုစီးပွားဆိုင်ရာ အခြေခံအဆောက်အဦများနှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်စေရန်အတွက် ၂၀၂၂ ခုနှစ် ဇွန်လ ၁၇ ရက်တွင် သမဝါယမနှင့် ကျေးလက်ဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်မှုပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အုပ်ချုပ်ရေးစနစ်၌ပြည်သူလူထုအား ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် လက်ရှိမိမိတို့နိုင်ငံတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ၇၅ ခရိုင်ရှိရာမှ သင့်တော်သည့်နေရာများတွင် ခရိုင်များထပ်မံတိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊

ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ကမ္ဘောဒီးယားနိုင်ငံက ၎င်းတာဝန်ယူစဉ်ကာလ၌ ဦးစားပေးဆောင်ရွက်မည့်စီးပွားရေးကိစ္စရပ် (၁၇)ရပ်အား အဆိုပြုထားပါကြောင်း၊ Living Document အဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍနှင့်ပတ်သက်၍ ဦးစားပေးလုပ်ငန်းများကို ကမ္ဘောဒီးယားနိုင်ငံက ဆက်လက်အဆိုပြုသွားရန်ရှိပါကြောင်း၊ ထို့အပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုအောက်မှ ၂၀၂၂ အတွင်း ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ် ၁၃၈ ခုအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် တရုတ်နိုင်ငံသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးကိုမြှင့်တင်ရန်ရည်ရွယ်ပြီး သဘောတူစာချုပ်၊ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာနှင့်စာလွှာစုစုပေါင်း စာချုပ်စာတမ်း ၃၃ ခုလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၎င်းစာချုပ်စာတမ်း ၃၃ ခုနှင့် စပ်လျဉ်းသည့် စီမံကိန်းများ အဆင်ပြေချောမွေ့စွာ ဆက်လက်အကောင်အထည် ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာ-ဂျပန် ပူပေါင်းဆောင်ရွက်မှုအနေဖြင့် စီမံကိန်းများ ကိုဗစ်-၁၉ ကြောင့် ခေတ္တရပ်ဆိုင်းထားခဲ့ရသော်လည်း မကြာမီလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် ဂျပန်နိုင်ငံသားများ မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်နိုင်ရေး အဆင်ပြေချောမွေ့ရေး၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍများတွင် အကူအညီနှင့်ချေးငွေများလည်း အဓိကထားပေးအပ်လျက်ရှိပါကြောင်း၊ မြန်မာ-ရုရှား ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လာစေရန်ရည်ရွယ်၍ ပထမအကြိမ် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပွဲကို virtual စနစ်ဖြင့် ကျင်းပပြုလုပ် ဆွေးနွေးခဲ့သည့်အပြင် မြန်မာ-ရုရှားစီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပွဲများကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးအနေဖြင့် ပြည်တွင်းအားပေးမှုအနေဖြင့် ပြည်တွင်းထုတ်ကုန် အားပေးရန်နှင့် ပြည်တွင်းထုတ်လုပ်နိုင်သော ကုန်ပစ္စည်းများကို လျှော့ချတင်သွင်းနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း။

**အားပေးလျက်ရှိ**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းဖြစ်စီးပွားရေးကို အားပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့်မရှိမဖြစ်သည့် စားကုန်၊ သောက်ကုန်၊ လူသုံးကုန်များ၊ ဘိလပ်မြေနှင့် သံနှင့်သံမဏိလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် ကဏ္ဍ (၁၂)ခုမှ လုပ်ငန်း ၂၇ ခုအတွက် ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၃,၅၅၂.၃၉၆(၃ ဒသမ ၅၅ ဘီလီယံ)၊ မြန်မာ

တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနဖွဲ့စည်း၍ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို အလေးထားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးကို ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်။

နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် ခွင့်ပြုပြီးလုပ်ငန်းများအနေဖြင့် ကဏ္ဍပေါင်း (၁၂)ခုမှ လုပ်ငန်းပေါင်း ၃၇ ခုအတွက် ကျပ်သန်းပေါင်း ၃၃၂,၉၆၆ ဒသမ ၃၈၀(၃၃၂ ဒသမ ၉၆ ဘီလီယံ) ဖြစ်ပါကြောင်း။

လူမှုရေးဦးတည်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်သည် နိုင်ငံ၏ ၇၅ နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အစိုးရအနေဖြင့် (၁)ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်၊ (၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားရန်အတွက် (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို တိုင်းရင်းသားအားလုံးအတွက် တခမ်းတနားကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် မတူကွဲပြားသောယဉ်ကျေးမှုများ ပေါင်းစည်းထားသည့်နိုင်ငံဖြစ်ပြီး ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသော နိုင်ငံကြီး ၂ ခု ကြားတွင် တည်ရှိနေခြင်းကြောင့်လည်း ဘိုးဘွားအမွေအနှစ်အနုပညာရပ်များကို သမားစဉ်မပျက်ထိန်းသိမ်းရန် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားတိုင်းတွင် တာဝန်ကိုယ်စီရှိပါကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြန်လည် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်ကျင်းပပေးခြင်းဖြင့် မိရိုးဖလာယဉ်ကျေးမှုများကို မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါကြောင်း။

**လူသားအရင်းအမြစ် အဓိကဖြစ်**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးနှင့်ပတ်သက်ပြီး နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ် (Humen Resources) က အဓိကဖြစ်သည်ကို လက်ခံထားကြပါကြောင်း၊ လူသားအရင်းအမြစ်ဆိုသည်မှာ "ပညာ" အပေါ်အဓိကမူတည်တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထားလုပ်ဆောင် ကြခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၂၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီး သူများထဲမှ အလယ်တန်းအဆင့်နှင့် ၎င်းအဆင့်အောက် ပညာသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်းနီးပါးခန့်ရှိသည်ကို တွေ့ရှိရသည့်အတွက် နိုင်ငံလူဦး ရေ၏ ၃ ပုံ ၁ ပုံ ခန့်သည် ပညာရေးအားနည်းသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့်ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အခြေခံပညာအထက်တန်းအဆင့်ကျောင်းပေါင်း ၆,၁၇၈ ကျောင်း၊ အလယ်တန်းအဆင့်ကျောင်းပေါင်း ၁၅,၈၇၇ ကျောင်း၊ မူလတန်းအဆင့်ကျောင်းပေါင်း ၂၅,၇၀၅ ကျောင်း၊ စုစုပေါင်း အခြေခံပညာအဆင့်ကျောင်းပေါင်း ၄၇,၇၆၀ ကျောင်းရှိပါကြောင်း၊ စာသင်ကျောင်းများကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်သည့်အတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့သို့ဖွင့်လှစ်ရာတွင် အထက်တန်းအဆင့် ၅,၂၀၉ ကျောင်း၊ အလယ်တန်းအဆင့် ၁၂,၇၈၆ ကျောင်း၊ မူလတန်းအဆင့် ၂၀,၂၄၇ ကျောင်း၊ စုစုပေါင်း ၃၉,၂၄၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ CDM ပြုလုပ်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်နှောင့်ယှက်ခြင်းများကြောင့် ကျောင်းအချို့ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါကြောင်း၊ အခြေခံပညာအထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူပေါင်း ၄၂၅,၇၉၇ ဦး၊ အလယ်တန်းအဆင့် ၁,၅၀၉,၅၈၂ ဦး၊ မူလတန်းအဆင့် ၃,၂၈၀,၅၉၂ ဦး၊ စုစုပေါင်း ၅,၂၁၅,၉၇၁ ဦး စာရင်းသွင်းထားရှိပါကြောင်း၊ လက်ရှိ အတန်းတက်ရောက်မှုအနေဖြင့် အထက်တန်းအဆင့် ၃၆၃,၃၇၂ ဦး၊ အလယ်တန်းအဆင့် ၁,၂၄၃,၁၆၀ ဦး၊ မူလတန်းအဆင့် ၂,၆၁၉,၃၅၅ ဦး၊ စုစုပေါင်း ၄,၂၂၅,၈၈၇ ဦး ကျောင်းတက်ရောက်လျက်ရှိပါကြောင်း၊ ကျောင်းတက်ရောက်မှုအနေဖြင့် ၈၁ ရာခိုင်နှုန်းရှိသည့်အတွက် ရာနှုန်းပြည့် ကျောင်းတက်နိုင်ရေးကိုလည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းသားများ ပညာသင်ကြားခွင့်

မနစ်နာစေရေးအတွက် ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရန် ကြိုးပမ်းခြင်း၊ လိုအပ်သော ဆရာ၊ ဆရာမများ ခန့်ထားခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ကာယကံရှင်များက မိမိတို့သား၊ သမီးများ ဘဝတိုးတက်စေရေးအတွက် ကိုယ်တိုင်ဆန္ဒဖြင့် ကျောင်းတက်နိုင်ရေးဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ကျောင်းမတက်ရေး လှုံ့ဆော်ချက်များသည် တိုင်းရင်းသားပြည်သူလူထု၏ သားသမီးများကို ပညာမဲ့များဖြစ်စေပြီး တိုင်းပြည်နှင့် လူထုကို ကျွန်ဘဝရောက်အောင် လုပ်ဆောင်နေခြင်းဖြစ်သဖြင့် သတိရှိကြရန်လိုအပ်ပါကြောင်း။

အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့်လည်း အထက်တန်းပြ ၃၂,၈၄၇ ဦး၊ အလယ်တန်းပြ ၁၀၅,၀၂၈ ဦး၊ မူလတန်းပြ ၁၆၀,၀၂၉ ဦး၊ စုစုပေါင်း အခြေခံပညာ ဆရာ၊ ဆရာမပေါင်း ၂၉၇,၉၀၄ ဦးရှိပါကြောင်း၊ လက်ရှိစာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအနေဖြင့် အထက်တန်းပြ ၃၁,၈၃၇ ဦး၊ အလယ်တန်းပြ ၁၀၂,၉၀၁ ဦး၊ မူလတန်းပြ ၁၅၅,၄၇၀ ဦး၊ စုစုပေါင်း ၂၉၀,၂၀၈ ဦး စာသင်ကြားပေးလျက်ရှိပါကြောင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများအား နိုင်ငံတော်ကတတ်နိုင်သမျှ ချီးမြှောက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကို အလေးထား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ကျောင်းနေအရွယ် ကလေးငယ်တိုင်း (KG+9)(အခြေခံပညာ အလယ်တန်းအဆင့်) အဆင့်ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး KG+9 သည် လက်ရှိအစိုးရ၏ ပညာရေးရည်မှန်းချက်သာ ဖြစ်ပါကြောင်း၊ KG+9 အဆင့် အနည်းဆုံးပြီးမြောက်မှ Vocational Training ကို ကူးပြောင်းနိုင်မည်ဖြစ်ပါကြောင်း၊ KG+9 ပြီးသည်နှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရန်အတွက် အခြေခံရသွားမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုမှ တစ်ဆင့် အထက်တန်းပညာ၊ အဆင့်မြင့်ပညာများဆီ သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအချက်သည် တိုင်းပြည်ပညာရေးကိုမြှင့်တင်ခြင်းဖြစ်ပြီး ထိုသို့မြှင့်တင်နိုင်မှလည်း တိုင်းပြည်၏ အနာဂတ် ဒီမိုကရေစီနိုင်ငံ တစ်ခုတည်ဆောက်နိုင်ရန် အထောက်အကူရမည်ဖြစ်ပြီး အထူးအလေးထားနိုင်ရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံသားများအနေဖြင့် မိမိတို့၏ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**မူးယစ်ဆေးဝါးအန္တရာယ်**

တစ်မျိုးသားလုံးလူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍လည်း မူးယစ်ဆေးဝါး တရားမဝင်ရောင်းချသူများသည် လူငယ်များကို ပစ်မှတ်ထားလာကြကာ အချို့ဒေသများတွင် စာသင်ကျောင်းများ ပတ်ဝန်းကျင်သို့ပင် ရောက်ရှိလာကြကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်အထိ မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုအမှုပေါင်း ၆,၄၄၄ မှု (တန်ဖိုးငွေကျပ်သိန်း ၉,၇၂၇,၈၉၁ ဒသမ ၉၈၃ ခန့်)နှင့် ဖမ်းဆီးရမိသူ ကျား/မစုစုပေါင်း ၉,၂၄၉ ဦးထိရှိခဲ့ပါကြောင်း၊ ကြီးမားသောအန္တရာယ်ကို ဘက်ပေါင်းစုံမှ တားဆီးနှိမ်နင်း၍ ကာကွယ်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ လက်ရှိအခြေအနေအရ နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှေ့ပိုင်းတွင် နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ဆောင်ချက်များကို အကျဉ်းချုပ်တင်ပြပြီး ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်တာဝန် ရယူထားချိန်တွင် တာဝန်များအား စွမ်းအားရှိသမျှ ကြိုးစားထမ်းဆောင်ခဲ့သော်လည်း ပြည်တွင်း/ပြည်ပ နှောင့်ယှက်ဟန့်တားမှုများရှိခဲ့ပါကြောင်း၊ ဖြစ်ပေါ်နေသည့် အခြေအနေများအား ခြုံငုံသုံးသပ်ကြည့်လျှင် ပြည်တွင်း/ပြည်ပအကြမ်းဖက်သမားများနှင့် ၎င်းတို့ကိုအားပေးနေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လိုလားချက်သည် ဒီမိုကရေစီထက် မြန်မာနိုင်ငံ အလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါကြောင်း၊ လက်ရှိအခြေအနေမှာလည်း ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအချို့တို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဖျက်ဆီးမှုများ ရှိနေသကဲ့သို့ နိုင်ငံအတွင်း မြို့နယ်အချို့တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး

များခန့်ထားရန်ရှိနေပါကြောင်း၊ ထို့ကြောင့်လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပုဒ်မ ၄၂၉ အရ ကျင်းပနိုင်ရန်အတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ ကျန်ရှိနေပါသေးကြောင်း၊ အစီရင်ခံတင်ပြခဲ့သည့် အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံရေးအရ အရေးပေါ်ကာလအား နောက်ထပ် ၆ လတိုးမြှင့်သွားရန် လိုအပ်သည်ဟု တင်ပြလိုပါကြောင်း၊ အဆိုပါကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့ဘဝလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကိစ္စများကို အထူးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်မှသာ ပြည်သူ့လိုလားချက်ဖြစ်သည့် "စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိလာမည် ဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အစွမ်းကုန်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ "စစ်မှန် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"နှင့် "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ကို အာမခံပါကြောင်း၊ ကတိကဝတ်များ အတိုင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ ကောင်းသောအနာဂတ်ဖြစ်လာစေရေး ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များကတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တင်ပြသည့် အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းတိုးမြှင့်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ နှင့်အညီ အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား ၆ လ ထပ်မံ သက်တမ်းတိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ယာယီသမ္မတ ဦးမြင့်ဆွေကစတင်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်များက အလှည့်ကျဆွေးနွေးကြပြီး သဘောတူထောက်ခံပါကြောင်း အတည်ပြုတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် "ကျွန်တော်တို့ ပြီးခဲ့တဲ့ ကာလအတွင်းမှာ ပဋိပက္ခတွေဖြစ်ပွားတဲ့အခါ တတ်နိုင်သလောက် သွေးထွက်သံယိုမှုအနည်းဆုံး၊ အာဃာတတရားအနည်းဆုံးဖြစ်အောင် ရည်ရွယ်ပြီးတော့မှ ထိန်း သိမ်းဆောင်ရွက်ခဲ့တာရှိပါတယ်၊ အထူးသဖြင့် ပြည်သူတွေကို ကာကွယ်တဲ့နေရာမှာ ပြည်သူများအားလုံးကို ကျွန်တော်တို့ကာကွယ်မှုမပေးနိုင်တာတော့ ရိုးသားစွာဝန်ခံပါတယ်၊ ဒါကတော့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နဲ့ တပ်မတော် သားတွေကိုလည်း လိုအပ်တဲ့နေရာမှာ တစ်နိုင်ငံလုံး ဖြန့်ကျက်ပြီး ဆောင်ရွက်ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီမှာ ပြည်သူအားလုံးကိုလည်း အလုံးစုံကာကွယ်မှုတော့ မပေးနိုင်ခဲ့ပါဘူး၊ တချို့ပြည်နယ်နှင့် တိုင်းများဖြစ်တဲ့၊ အခုအခြေအနေမှာ ကယားပြည်နယ်၊ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းအချို့ မြို့နယ်တွေမှာ အကြမ်းဖက်မှုဖြစ်စဉ်များ ရှိနေဆဲဖြစ်ပါတယ်၊ ဒါကိုလည်း အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိပါတယ်၊ အဆိုးဆုံးကတော့ အုပ်ချုပ်ရေးအဖွဲ့မှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များ လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်ပါတယ်၊ ပြည်နယ်နဲ့တိုင်းအသီးသီးမှာရှိတဲ့ မြို့နယ် ၁၀၉ မြို့နယ်မှာ ဖြစ်စဉ်ပေါင်း ၂၇၂ ကြိမ်ရှိပြီးတော့မှ လုပ်ကြံသတ်ဖြတ်ခံရသူပေါင်း ၂၈၂ ယောက်ရှိခဲ့ပါတယ်၊ တစ်ခါ ဒီထက်ဆိုးတာကတော့ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများကို သတ်ဖြတ်ခြင်းဖြစ်ပါတယ်၊ ကျောင်းဆရာ၊ ဆရာမ ၃၀ ဦးကို သတ်ခဲ့တာရှိပါတယ်၊ ကျောင်းတွေမီးရှို့ဖျက်ဆီးခဲ့တာ ၅၀၄ ကြိမ်ရှိပါတယ်၊ ကျန်းမာရေးဝန်ထမ်းများကို သတ်ဖြတ်ခဲ့တာရှိပါတယ်၊ တိုက်ခိုက်ခဲ့တာ ရှိပါတယ်၊ ဒါကြောင့်အများပြည်သူတွေရဲ့ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ပညာသင်ကြားရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဒီထက်ပိုပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့အတွက် အချိန်တစ်ခုပေးပြီးတော့ဆောင်ရွက်ဖို့လိုအပ်ပါတယ်၊ ဒါလည်း ကောင်စီဝင်များအနေနဲ့ ထည့်သွင်းစဉ်းစားပြီးတော့မှထားဖို့ တင်ပြလိုပါတယ်၊ ထောက်ခံတင်ပြပေးတဲ့အတွက်လည်း ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် လုပ်ဆောင်ရတဲ့ လုပ်ငန်းပမာဏကလည်း တော်တော်လေးကြီးမားပါတယ်၊ အခုဆိုရင်လည်း ကိုဗစ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ထိန်းချုပ်နိုင်ပြီဆိုသော်လည်းပဲ အိုမီခရွမ်တွေ့ရှိမှုကလည်းရှိနေပါတယ်၊ တွေ့ရှိမှုရှိတဲ့အတွက်ကြောင့် ဒါကိုလည်းသတိကြီးစွာထားပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်၊

ဒါကိုထိန်းချုပ်နိုင်ဖို့အတွက် တစ်ဖက်ကနေထိုင်မှု စည်းကမ်းတွေကို ထိန်းချုပ်သလိုပဲ တစ်ဖက်က ကာကွယ်ခြင်း ကုသခြင်းအပိုင်းတွေ၊ လိုအပ်တဲ့ပစ္စည်းတွေ၊ ဆေးဝါးနဲ့ပစ္စည်းတွေကိုလည်း ကျွန်တော်တို့ ဖြည့်တင်းပေးဖို့လိုအပ်ပါတယ်၊ ဒီအတွက်လည်း ကျွန်တော်တို့တော်တော့်ကို ကြိုးစားရမှာဖြစ်ပါတယ်၊ ဒါတွေက စဉ်ဆက်မပြတ်သုံးရမှာဖြစ်တဲ့အတွက်ကြောင့် ငွေကုန်ကြေးကျများမှာဖြစ်ပါတယ်၊ ဒါကြောင့် တိုင်းပြည်စီးပွားရေးမြှင့်တင်ဖို့အတွက်လည်းလိုပါတယ်၊ ဒါ့ကြောင့်ကျွန်တော်က တိုင်းပြည်ရဲ့အဓိကထုတ်ကုန်ဖြစ်တဲ့စိုက်ပျိုးရေးနဲ့ မွေးမြူရေးကုန်ထုတ်လုပ်မှုနဲ့ စားကုန်၊ သောက်ကုန်၊ သုံးကုန်ပစ္စည်းတွေအားလုံးကို ပြည်တွင်းမှာပဲ ဖူလုံအောင်ထုတ်ရမယ်၊ ပြည်ပကနေ လုံးဝမသွင်းရဘူးဆိုပြီး မူဝါဒချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်၊ ဖေဖော်ဝါရီလကနေ ကျွန်တော်တို့ ဒီဖက်ပိုင်းကိုတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ သက်ဆိုင်ပါတယ်၊ ကျွန်တော်တို့ တော်တော်လေး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဒေါ်လာသန်းပေါင်း ၆၄၀ လောက် ပိုငွေပြခဲ့ပါတယ်၊ လက်ရှိအခြေအနေမှာ ဇန်နဝါရီလအထိ ၉၉ သန်းပိုပါတယ်၊ ကုန်သွယ်မှုပိုငွေရှိပါတယ်၊ ဒီဖေဖော်ဝါရီလမှာလည်း သေချာပေါက်ပိုငွေရှိပါတယ်၊ အဓိကတော့ တောင်သူတွေကနေ၊ ကျေးလက်နေပြည်သူတွေရဲ့ ကုန်ထုတ်လုပ်မှုတွေကို မြှင့်တင်ပေးမယ်ဆိုရင် ကျွန်တော်တို့ အိမ်နီးနားချင်းတိုင်းပြည်တွေမှာတင် ကျွန်တော်တို့ ဈေးကွက်ရှိပါတယ်၊ တရုတ်ရယ်၊ ဘင်္ဂလားဒေ့ရှ်ရယ်၊ အိန္ဒိယရယ်၊ ဒီသုံးနိုင်ငံက ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးမွေးမြူရေးထုတ်ကုန်တွေ အကုန်ယူပါတယ်၊ သူတို့က၊ ကျွန်တော်တို့ဈေးကွက်ကြီးရှိနေတယ်၊ တောင်သူတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းအားဖြင့် တစ်ဖက်က သူတို့ရဲ့အခြေခံစီးပွားရေးကောင်းလာရင်၊ ဝင်ငွေကောင်းလာရင် လူမှုစီးပွားတက်လာလို့ရှိရင် သူတို့ရဲ့လူမှုစီးပွားဘဝတက်လာလိမ့်မယ်၊ မြင့်လာလိမ့်မယ်၊ ပညာသင်ကြားနိုင်လာလိမ့်မယ်၊ ပိုက်ဆံမရှိလို့ မသင်ရတဲ့ ဆင်ခြေမျိုးတွေလျော့သွားမှာဖြစ်ပါတယ်၊ တစ်ဖက်တိုင်းပြည်ဝင်ငွေလည်းရမယ်၊ တိုင်းပြည်အတွက် အခွန်အခလည်းရမယ်၊ ဒါကြောင့် ကျွန်တော်က ပြည်တွင်းစီးပွားရေးကိုတော့ အလေးထားတယ်၊ ဒါနဲ့ပတ်သက်ပြီးတော့ နိုင်ငံခြားကလည်း ဝေဖန်မှုတွေရှိပါတယ်၊ ကျွန်တော်တို့ပြည်တွင်းကို အလွန်အကျွံအားပေးတယ်ဆိုပြီးတော့ ဒါတွေလည်း ဝေဖန်မှုတွေရှိတယ်၊ ကျွန်တော်ထင်ပါတယ်၊ ဒါကတော့ အဖျက်လုပ်ငန်းလုပ်တယ်လို့ထင်ပါတယ်၊ သို့သော်လည်းပဲ ကျွန်တော်တို့အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီအနေနဲ့ သိရှိနိုင်ဖို့ကတော့ ကျွန်တော်တို့အနေနဲ့ ပြည်တွင်းရေးကို အင်အားခိုင်မာအောင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်၊ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိပါတယ်၊ ဘယ်မှာမှသွားရှာလို့မရပါဘူး ပြည်တွင်းအားကိုပဲရအောင် လုပ်ရမှာဖြစ်ပါတယ်၊ ပြည်တွင်းစီးပွားရေးအား၊ ပြည်တွင်းနိုင်ငံရေး ခိုင်မာမှုအင်အား၊ ပြည်တွင်းကာကွယ်ရေးစွမ်းပကား၊ ဒီအားသုံးအားကို ကျွန်တော်ဒီရတဲ့အချိန်လေးအတွင်းမှာ ကြိုးစားတည်ဆောက်သွားမယ်ဆိုတာ ကျွန်တော်တင်ပြလိုပါတယ်” ဟု ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၂-၁-၂၀၂၂ )

**ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျာ**

ယနေ့ ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်၊ ကရင်နှစ် ၂၇၆၁ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၃ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားအားလုံး အလေးအမြတ်ထား ဂုဏ်ယူတန်ဖိုးထားကြသည့် နှစ်သစ်ကူးမင်္ဂလာနေ့ထူးနေ့မြတ် ဖြစ်သည်နှင့်အညီ နှစ်သစ်အခါသမယတွင် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းစသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံအတွင်းသို့ ကရင်ဘိုးဘွားမိဘများ အခြေချနေထိုင်ခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်မှ စတင်၍ နှစ်စဉ်သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်နေ့တွင် နှစ်သစ်ကို ကောင်းခြင်းမင်္ဂလာအဖြာဖြာဖြင့် ကြိုဆိုကြပြီး နှစ်သစ်ကူးအခမ်းအနားကို ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲလေ့ရှိသည်ကို အားလုံးအသိပင် ဖြစ်ပါသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသည့် အချိန်အခါတွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူး အချိန်ကာလတွင် အတိတ်၏အတွေ့အကြုံများအပေါ် သင်ခန်းစာရယူ၍နှစ်သစ်အတွက် စိတ်သစ်လူသစ်များဖြင့် လန်းဆန်းတက်ကြွနေမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ဓလေ့ထုံးတမ်းများ မတူကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံး မိသားစုစိတ်ဓာတ်များမွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွနေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာ ဇာတိ၊ နေထိုင်ရာအရပ်ဒေသ၊ ပြောဆိုသုံးနှုန်းသည့် စာပေ၊ စကား၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ လိုက်နာကျင့်သုံးသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ မည်သို့ပင်ကွဲပြစေကာမူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး အေးအတူပူအမျှ မရှိအတူ ရှိအတူ စည်းလုံးညီညာခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ကရင်တိုင်းရင်းသားတို့၏ ပင်ကိုသဘာဝသည် ရိုးသားအေးချမ်းပြီး မာန်မာနကင်းစင်ကာ အပြုံးကိုယ်စီဆောင်ကြသည်။ ရဲရင့်ပြတ်သားပြီး ကတိသစ္စာကြီးမားကြသည်။ ကရင်တိုင်းရင်းသားများ၏ ဖြစ်တည်မှုသမိုင်းကြောင်း ရှည်လျားမှုနှင့်အညီ ရှေးဘိုးဘွား ဘီဘင်လက်ထက်ကတည်းကရှိခဲ့သော ကောင်းမြတ်သည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အတူ ယဉ်ကျေးမှုသမိုင်း အမွေ

အနှစ်ကောင်းများကိုလည်း ပိုင်ဆိုင်ထားကြသည်။

ကရင်ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေး၏ အချက်အချာဒေသတစ်ခု၊ မပျက်စီးသေးသည့် သဘာဝအလှတရားများ တည်ရှိနေသည့် ဒေသတစ်ခုဖြစ်သည့်အပြင် သဘာဝသယံဇာတပေါကြွယ်ဝပြီး အဖိုးတန်သစ်တောများလည်း ရှိနေသည့်အတွက် ရာသီဥတုသမမျှတပြီး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ကရင်ပြည်နယ်၏ အထင်ကရသင်္ကေတသည် သံလွင်မြစ်ဖြစ်သလို ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှုသင်္ကေတသည် ဖားစည်ဖြစ်ပါသည်။ နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲစသည့် ဘာသာရေးဆိုင်ရာရိုးရာဓလေ့ပွဲတော်များရှိပြီး ကရင်ဒုံးယိမ်းအကသည် မြူးကြွ၍ လူကြိုက်များသည့်အကတစ်မျိုးဖြစ်ပါသည်။ ထိုသို့သော ယဉ်ကျေးမှုအမွေများသည် ကရင်တိုင်းရင်းသားများအတွက် တန်ဖိုးမဖြတ်နိုင်သည့်အရာများပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် ကရင်တိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက်လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားများ ဘိုးဘွားဘီဘင်အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ လက်ဆင့်ကမ်းထိန်းသိမ်းလာကြသည့် ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှုများကို နောင်အနာဂတ် တိုင်းရင်းသားလူငယ်များကလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မိမိတို့၏ ကောင်းမြတ်သောအစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

ကရင်တိုင်းရင်းသားတို့၏ တိုင်းပြည်အပေါ်ထားရှိသည့် ကောင်းမွန်သော စိတ်ထားများကြောင့် ငြိမ်းချမ်းရေးသီးအပွင့်ကို လက်တွေ့သိရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှု များကိုလည်း ထိတွေ့ခံစားနေရပြီဖြစ်သည်။ ထိုရရှိပြီးသော ရလဒ်ကောင်းများကို ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဖော်ဆောင်ပြီး ငြိမ်းချမ်းရေးအမွေကို သားစဉ်မြေးဆက် ခံစားနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်မှာ ကရင်တိုင်းရင်းသားတို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

ကရင်တိုင်းရင်းသားများအနေဖြင့်လည်း ပညာနှင့်ယှဉ်သောသတ္တိ မေတ္တာနှင့်ယှဉ်သော ရဲရင့်ခြင်းများသည် ထားရှိအပ်သော မွန်မြတ်သည့်စိတ်ဓာတ်များဖြစ်သည်ဟုရှုမြင်ကာ ပိုမိုကောင်းမွန်သောနှစ်သစ်ကို လက်တွဲပူးပေါင်းဖော်ဆောင်ကြရန် အလေးအနက်ဖိတ်ခေါ်လိုပါသည်။

မိမိတို့အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုကြီးတည်ဆောက်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါသည်။ နိုင်ငံတော်ကို စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ခိုင်မာအားကောင်းလာစေရေးအတွက် အဓိကအခြေခံရမည့်အချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး (၃) ပါးပင်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူ အားလုံး၏ စည်းလုံးညီညွတ်သော စုပေါင်းအင်အားဖြင့် နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားကြရန်တိုက်တွန်းလိုပါသည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာဝပြောရေးတို့အတွက် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့်

နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးပင် ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။ မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး လက်မှတ်ရေးထိုးလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တာဝန်ရှိသူ သက်ဆိုင်သူအားလုံးက မှန်ကန်သောစိတ်ရင်းစေတနာ၊ ပြင်းပြသောဆန္ဒတို့ဖြင့် တက်ညီလက်ညီစုပေါင်း အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

ယနေ့နှစ်သစ်ကူးနေ့တွင် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်ဝကြလျက်သာယာကောင်းမွန်သော နှစ်သစ်ကို မွန်မြတ်သောစိတ်ဓာတ်ဖြင့် ကြိုဆိုနိုင်ကြပါစေ၊ နှစ်သစ်ကူးပွဲတော်ကို တပျော်တပါးဆင်နွှဲရင်း ကရင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ပိုမိုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၄- ၁ - ၂၀၂၂ )

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူ အပေါင်းတို့ ခင်ဗျာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါသမယ တွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ကျန်းမာရွှင်လန်း ပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့်ပြည့်ဝကြပါစေကြောင်း ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်း စောင့်ရှောက်ပြီး စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင် ကြသည့် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိခဲ့ သည့်အပြင် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် လွတ်လပ်၍ အချုပ် အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဝင့်ထည်စွာ ရပ်တည်ခဲ့ကြပါသည်။

သို့ရာတွင် ကမ္ဘာတစ်ဝန်းလွှမ်းမိုးကြီးစိုးလာသော ကိုလိုနီစနစ်ဆိုးကြောင့် မြန်မာနိုင်ငံသည်လည်း အချို့ သောနိုင်ငံများကဲ့သို့ (၁၉)ရာစုနှောင်းပိုင်းမှစ၍ ကိုလိုနီ နယ်ချဲ့တို့၏ မတရားကျူးကျော် သိမ်းပိုက်ခြင်းခံခဲ့ရပြီး နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးခဲ့ရပါသည်။

**ပြန်လည်ရယူနိုင်ခွင့်**

အေးအတူပူအမျှအတူတကွယှဉ်တွဲနေထိုင်ခဲ့ကြ သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် စည်းလုံး ညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုလိုနီနယ် ချဲ့တို့ကိုသက်စွန့်ကြိုးပမ်း တွန်းလှန်တိုက်ခိုက်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူ နိုင်ခဲ့ကြပြီး ယခုအခါ (၇၄)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးဆုံးရှုံးရန်အတွက် ရက်ပိုင်းလပိုင်းမျှသာ ကြာမြင့်နိုင်သော်လည်း ဆုံးရှုံး သွားသည့်လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ကြိုးပမ်းရာတွင် နှစ်ပေါင်းများစွာကြာမြင့်ခဲ့ရပါသည်။ အသက်ပေါင်းများစွာလည်း ပေးဆပ်ခဲ့ရပါသည်။ နိုင်ငံ တစ်နိုင်ငံတွင် လွတ်လပ်ရေးဆုံးရှုံးရသည်ထက် ကြီးမား သည့်ဆုံးရှုံးမှုမရှိသောကြောင့် မိမိတို့နိုင်ငံ၏အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားအားလုံး တွင် ထိန်းသိမ်းစောင့်ရှောက်ရန် အပြည့်အဝတာဝန်ရှိ ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပြီးနောက် နယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော်အုပ်ချုပ်ခဲ့သည့် တောင်တန်းမြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်း သားသွေးချင်းညီအစ်ကိုမောင်နှမအချင်းချင်းတို့အကြား ယုံကြည်မှုလျော့နည်းခဲ့ပြီး သံသယစိတ်ဓာတ်များဖြင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာကာ ပြည်တွင်း ငြိမ်းချမ်းရေးအား ထိပါးလာခဲ့ပါသည်။ ထိုအချိန်တွင် ဖဆပလအဖွဲ့သည် နိုင်ငံ၌ အားအကောင်းဆုံးသော နိုင်ငံရေးအဖွဲ့ကြီးဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ခေါင်းဆောင်များအတွင်းသဘောထားကွဲလွဲမှုများကြောင့် နိုင်ငံအခြေအနေများ ယိမ်းယိုင်ခဲ့ရပါသည်။ ဖဆပလ

အတွင်း ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်အစရှိသော နိုင်ငံရေးခံယူချက်မတူသည့် အဖွဲ့အစည်းများဖြင့် စုစည်းတည်ဆောက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် အစုအဖွဲ့လိုက် သဘောထားကွဲပြားမှု၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဆိုင်ရာတည်ဆောက်မှုတို့ကြောင့် စည်းရုံးရေးပြိုကွဲခဲ့ရသည်။ အကျိုးဆက်အားဖြင့် ဖဆပလအတွင်း သူတစ်လူ၊ ငါတစ်မင်း အုပ်စုကွဲမှုများဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်သည် ဘေးကျပ်နံကျပ်ဖြစ်စေခဲ့ပါသည်။

နောက်ပိုင်းတွင်လည်း ထိုကဲ့သို့နိုင်ငံရေးအယူအဆနှင့် အယူဝါဒကွဲပြားမှုအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခတို့ကြောင့် နိုင်ငံတော်၏ တည်ငြိမ်ရေးပါ ထိပါးလာခဲ့သည့်အပြင် လွတ်လပ်ရေးရရှိပြီး ၇၄ နှစ်ရှိပြီဖြစ်သော်လည်း ထိုပဋိပက္ခများအား ဖြေရှင်းနေရသဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

**သမိုင်းပေးတာဝန်တစ်ရပ်အဖြစ်ခံယူ**

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ကိုလိုနီစနစ်ဆိုး၏ ခါးသီးသော အတိတ်သမိုင်း အတွေ့အကြုံများကို သင်ခန်းစာယူကာ နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် မတရားသွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို အမြဲသတိပြုကြရန် လိုအပ်ပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဘာသာသာသနာတို့အပေါ် သစ္စာစောင့်သိပြီး ရင့်ကျက်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ ရပ်တည်သွားနိုင်မည် ဖြစ်ပါသည်။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ပေးကြရမည်ဖြစ်ပါသည်။

ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် စုပေါင်းအင်အားဖြင့် ကြိုးပမ်းဖော်ဆောင်ရယူ၍ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆက်လက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာ၌ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်ထွန်းကားနိုင်ရေးအတွက် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးက တစ်သွေးတည်း၊ တစ်သားတည်း ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် တည်နေရာ၊ ရာသီဥတုကောင်းနှင့် ရေခံမြေခံကောင်းရှိသော နိုင်ငံတစ်ခုပင် ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ရှိပြီးသား ၎င်းကဲ့သို့ သဘာဝအခြေခံကောင်းများကို လူသားအရင်းအမြစ်နှင့် ပေါင်းစပ်၍ စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်၍ ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့အား အားတက်သရော ဆောင်ရွက်နိုင်ပါလျှင် ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေရရှိခံစားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်အဖြစ် နိုင်ငံတော်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို ဦးတည်ဆောင်ရွက်နေပါသည်။ နိုင်ငံတော်သာယာဝပြောရေးဆိုရာ၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်မည်ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်က ကျင့်သုံးနေသည့် / ကျင့်သုံးရန်ရည်မှန်းထားသည့် နိုင်ငံရေးစနစ်နှင့်ဖြစ်ပေါ်နေသော နိုင်ငံရေးယဉ်ကျေးမှုတို့ (Political Culture) သဟဇာတဖြစ်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ကျင့်သုံးနေသည့်/ ကျင့်သုံးရန်ရည်မှန်းထားသည့် နိုင်ငံရေးစနစ်

မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် နိုင်ငံရေးအသိအမြင်များ အားကောင်းရန်လိုအပ်ပါသည်။ အားလုံးပါဝင်နိုင်သော၊ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုမှုကိုဖော်ထုတ်နိုင်သော နိုင်ငံရေးစနစ်တည်ဆောက်မှုလိုအပ်ပါသည်။ ၎င်းအတွက် နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာနိုင်ငံရေးပါတီများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လှုပ်ရှားမှုများအားလည်း ထိရောက်စွာဟန့်တားနိုင်ရေး ပြည်သူလူထုနှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

**ထာဝရငြိမ်းချမ်းရေး ရရှိရေး**

မြန်မာနိုင်ငံသည် တိုင်းရင်းသားအားလုံးက စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တောင့်တင်းခိုင်မာရေးသည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အမျိုးသားရေးအကျိုးစီးပွားပင် ဖြစ်ပါသည်။ ကိုလိုနီခေတ်က ၎င်းတိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြား၍ ကျွန်သက်ရှည်အောင်ဆောင်ရွက်ခဲ့သည့်နည်းတူ မျက်မှောက်ကာလ၌လည်း ခေတ်သစ်ကိုလိုနီဝါဒီများက ညီနောင်တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲ၍ မြန်မာနိုင်ငံကို ၎င်းတို့လိုသလိုခြယ်လှယ်ခွင့်ရရန် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိရှိကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အယူအဆ၊ အယူဝါဒကွဲပြားမှုတို့ကြောင့် ဖြစ်ပေါ်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၊ သွေးကွဲမှုများ ချုပ်ငြိမ်း၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူ့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စားရေရိက္ခာဖူလုံရေးအား ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ၌ စားရေရိက္ခာသည် အခြေခံလိုအပ်ချက်ဖြစ်ပြီး လူသားထုအသက်ရှင်နေထိုင်ရေးအတွက် နေ့စဉ်သုံးစွဲနေရသဖြင့် လိုအပ်ချက် အမြဲရှိနေသော ပစ္စည်းများဖြစ်ပါသည်။

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များသုံး၍ အထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရေး၊ စက်မှုလယ်ယာဖွံ့ဖြိုး တိုးတက်စေရေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးရည်မှန်းချက်များကို အင်တိုက်အားတိုက်လက်တွဲညီညီဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ထိုဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်သည် နိုင်ငံတော်၏ ပကတိအရှိတရား လိုအပ်ချက်ပင်ဖြစ်ပါသည်။ ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုဗစ်-၁၉ ကပ်ရောဂါအား ရင်ဆိုင်ကြုံတွေ့နေရသောကာလဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအား ရင်ဆိုင်ကျော်လွှားနိုင်အောင်ကြိုးပမ်းရင်း တိုင်းပြည်၏ပကတိအရှိတရားလိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ ချစ်ခင်ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ရန် အထူးအရေးကြီးလိုအပ်ပါသည်။

စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ဆက်လက်အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တွေ့ကြုံရသမျှ အခက်အခဲများနှင့် အနှောင့်အယှက်များကို စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ ရင်ဆိုင်ကျော်လွှားသွားကြရမည်ဖြစ်ပါသည်။ သို့မှသာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်

နှင့် အုပ်ချုပ်မှုပုံစံပေါ်ထွန်းလာစေမည် ဖြစ်ပါသည်။

ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပညာသည်သာ၊ အခရာ" ဖြစ်လျက်ရှိပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံအနေဖြင့် ပညာကို အခြေပြု၍ နိုင်ငံတော်တည်ဆောက်ရေး (State Building) နှင့် တိုင်းပြည်တည်ဆောက်ရေး (Nation Building) ကိုဆောင်ရွက်နိုင်မှ ခေတ်နှင့်အညီ၊ ကမ္ဘာနှင့်အမီရင်ပေါင်တန်းလျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက် ၃၆၆ ၌ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်။" ဟု ပြဋ္ဌာန်းထားပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်း၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း (KG+9) (အခြေခံပညာ အလယ်တန်းအဆင့်) အဆင့်ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ၎င်း (KG+9) အဆင့်အထိ အခြေခံပညာရေးပြီးဆုံးမှသာ အသက်မွေးဝမ်းကျောင်းပညာများကို အနည်းဆုံး ဆက်လက်သင်ယူနိုင်မည်ဖြစ်သဖြင့် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံ့အနာဂတ်ကိုရှေးရှုပြီး တက်ကြွစွာ ဝိုင်းဝန်းအားပေးကြပါရန် နှိုးဆော်လိုပါသည်။

ပညာရေးသည် လောကဓံကို ကြုံတွေ့ကြရသည့်အခါ အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်စေရန် လိုအပ်သောစိတ်နှင့် ရုပ်လက္ခဏာများ တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပညာတတ်လျှင်ကျန်းမာအောင်နေတတ်လာလိမ့်မည်။ ပညာတတ်လျှင် ချမ်းသာအောင်နေတတ်လာလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပညာတတ်များပေါ်ကြွယ်ဝရေး၊ ပညာကိုအခြေခံသည့် အသိပညာ၊ အတတ်ပညာရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ဆက်လက်ဆောင်ရွက်ကြပါမည်။ မိမိတို့ ပြည်သူပြည်သားများ၏ စွမ်းပကားဖြင့် နိုင်ငံတော်တိုးတက်အောင် ဆက်လက်စွမ်းဆောင်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။

သို့ဖြစ်၍

- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊
- စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားအားလုံးစည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး၊
- ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေးဟူသော

၂၀၂၂ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်ကို အလေးအနက်ခံယူပြီး နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါရန် မိမိတို့သည်သမိုင်းတစ်ကွေ့တွင် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ခြင်း၊ အင်အားတောင့်တင်းသည့်အမြဲတမ်းတပ်မတော်တစ်ရပ်မရှိခဲ့ခြင်းတို့ကြောင့် သူ့ကျွန်ဘဝနှင့် ရင်သန်ခဲ့ရသည့် ဘိုးဘွားဘီဘင်များ၏ဖြစ်စဉ်များကို သင်ခန်းစာယူလျက် လွတ်လပ်ရေး၏တန်ဖိုးကို သိရှိနားလည်ကြပါရန် မျိုးဆက်သစ်များအနေဖြင့် အတိတ်မှဖြစ်စဉ်များအပေါ်ဆင်ခြင်တုံတရားထားလျက် မိမိတို့ရရှိထားသော လွတ်လပ်ခြင်း၏တန်ဖိုးကိုသိရှိနားလည်ကာ အမိနိုင်ငံတော်၏အကျိုးကိုစွမ်းဆောင် နိုင်သလောက်ကိုယ်စီကိုယ်စီစွမ်းဆောင်သွားကြစေရေး တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

# (၇၄) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁၀-၁ -၂၀၂၂ )

**ချစ်ကြည်လေးစားအပ်ပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့ ဇန်နဝါရီလ(၁၀)ရက်နေ့သည် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဖြစ်ပါသည်။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့်တကွ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှကင်းလွတ်၍ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် မရှိအတူ ရှိအတူ၊ အေးအတူပူအမျှစည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နေထိုင်ခဲ့ကြပါသည်။ နိုင်ငံတော်တွင် စည်းလုံးညီညွတ်မှုပြိုကွဲ၍ အဘက်ဘက်မှ အင်အားနည်းပါးချိန်တွင် မိမိထက်အဆမတန်အင်အားကြီးမားသော ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ကျရောက်ခဲ့ရပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ ထိုသို့နယ်ချဲ့လက်အောက်ကျရောက်ခဲ့သော်လည်း တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ၏ဒေသအသီးသီးမှ သူ့ကျွန်မခံလိုသူများက မျိုးချစ်စိတ်ဓာတ်ထက်သန်စွာဖြင့် မိမိတို့အသက်ကို ပဓာနမထားဘဲ နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြပါသည်။ မကြာမီကျရောက်တော့မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခြေခံပင်လုံစာချုပ်ဖြင့် သူ့ကျွန်ဘဝမှလွတ်မြောက်ကာ လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်မှာ မိမိတို့တိုင်းရင်းသားအားလုံး၏ မဆုတ်မနစ်သော ဇွဲလုံ့လ၊ မျိုးချစ်စိတ်ဓာတ်၊ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုတို့ကြောင့်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံးအစည်းအဝေးတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ(၁၀)ရက်နေ့ကို "ကချင်ပြည်နယ်နေ့" အဖြစ်သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါးစသည့် ကချင်မျိုးနွယ်စုများ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီးစသည့် ရှမ်းမျိုးနွယ်စုများနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုအပါအဝင် လူဦးရေစုစုပေါင်း (၁၇)သိန်းကျော် ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်သည် အဖိုးတန်သဘာဝသယံဇာတများဖြစ်သည့် ရွှေ၊ ကျောက်စိမ်း၊ ပယင်းစသော အဖိုးတန်သယံဇာတများ ပေါများကြွယ်ဝသကဲ့သို့ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်းများကိုလည်းပိုင်ဆိုင်ထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီး စတင်

မြစ်ဖျားခံရာ ဒေသတစ်ခုလည်း ဖြစ်ပါသည်။

ကချင်တိုင်းရင်းသား မျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများမှာ ပျော်ရွှင်ချမ်းမြေ့စရာဖြစ်ပါသည်။ ကချင်ရိုးရာ မနောပွဲနှင့် ထောင်ကာအကတို့မှာ ပြည်တွင်းသာမက နိုင်ငံတကာကပါ စိတ်ဝင်စားကြသော တိုင်းရင်းသား အမွေအနှစ်များ ဖြစ်ပါသည်။

မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်ပါသည်။ အမျိုးသားရေးလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးများစွာရရှိနိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ်ကိုတည်ဆောက်လျက်ရှိရာ အမျိုးသားရေး စိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်ကြောင်း အသိပေးလိုပါသည်။

သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများအပြီးတိုင် မချုပ်ငြိမ်းနိုင်သေးသောကြောင့် သဘာဝအလှအပများကို အပြည့်အဝမခံစားနိုင်သေးသကဲ့သို့ သဘာဝသယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်သေးဘဲ ဖြစ်နေရပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး၏အရသာကို သိရှိခံစားခဲ့ကြပြီးဖြစ်သော ကချင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားတို့သည် ယခုအချိန်တွင်လည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအမြန်ဆုံးရရှိလိုကြမည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့ပင် ဖြစ်သည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး ဖြစ်စဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တိုင်းရင်းသား ညီနောင်အားလုံးတို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးလျက် ရှိပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်သူများ အနေဖြင့် သဘောထားမှန်ကန်ကြပြီး တူညီသောစိတ်ဆန္ဒများရှိရန်လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပါဝင်သက်ဆိုင်သူအားလုံးကလည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများနှင့်အကြောင်းအမျိုးမျိုးကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားကြစေရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိရှိရှိဆောင်ရွက်ပေးကြရန် မှာကြားလိုပါသည်။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုမရှိပါက ဆက်လက်လုပ်ဆောင်ရမည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့မှာ အလှမ်းဝေးနေဆဲသာဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ နိုင်ငံ၏ ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ

ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ်တို့ကိုချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ် အပါအဝင် တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစသည့် စီမံချက်များချမှတ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့်ကဏ္ဍအားလုံးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံနှင့် လူမျိုးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များဆက်လက်ဆောင်ရွက်ရာတွင် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် အနိုင်အမာရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏ အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးထား တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့သော ထူးမြတ်သည့် ကချင်ပြည်နယ်နေ့အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့်ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ၊ ပြည်နယ်အကျိုး၊ ပြည်နယ်သားများ၏အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားများ၏ အကျိုးသယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

# နှစ် (၇၀)ပြည့် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁၅- ၁ - ၂၀၂၂ )

**ချစ်ကြည်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျာ**

ယနေ့ ဇန်နဝါရီလ (၁၅)ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကယားပြည်နယ်နေ့ ဖြစ်ပါသည်။

ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့တွင် ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး စိတ်ရောကိုယ်ပါ ကျန်းမာရွှင်လန်းပြီး လိုရာဆန္ဒပြည့်ဝကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ်ပါဝင်ခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ကို "ကယားပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်း တောင်တန်းဒေသဖြစ်ပြီး တောတောင်ရေမြေသဘာဝ အလှတရားများ၊ မြေပေါ်မြေအောက်သယံဇာတများ ပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှတရားများဖြင့် သာယာလှပသောပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာဂုဏ်အင်္ဂါများပင် ဖြစ်ပါသည်။

သာယာလှပသည့် ရှုခင်း၊ သန့်ရှင်းသပ်ရပ်သည့် အခင်းအကျင်း၊ တိုင်းရင်းသားတို့၏ ပွင့်လင်းရိုးသားမှု၊ ဒေသခံသားချင်းများ၏ ပြည်နယ်အကျိုးကို ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့်အတွက် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ထိုသို့ရရှိပြီး အခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ် မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် ပူးတွဲပါရှိလာခဲ့သော ပြည်တွင်းသောင်းကျန်းမှုဖြစ်စဉ်များ၊ လူမျိုးစွဲ၊ ဝါဒစွဲဖြစ်စဉ်များနှင့် တိုင်းရင်းသားများအကြား ဖြစ်ပွားခဲ့ရသည့် သံသယဖြင့် လက်နက်ကိုင်ပဋိပက္ခများသည် နှစ်ပေါင်းရှည်ကြာစွာတည်ရှိခဲ့ပြီး ယင်း၏ဆိုးကျိုးသက်ရောက်မှုများကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်မှုရှိခဲ့သည်ကို မိမိတို့အားလုံး လက်တွေ့

ခံစားနေကြရပြီဖြစ်ပါသည်။

ယနေ့ကာလသည် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်မျှော်လင့်ချက်ဖြစ်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားများကလည်း အတိတ်ကာလအတွေ့အကြုံများကို သင်ခန်းစာရယူပြီး စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်ပါသည်။

မကြာမီကျင်းပတော့မည့် ၇၅ နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့သို့ ရောက်ရှိမည့်အချိန်ကာလတွင် တိုင်းရင်းသားအားလုံးသည် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားအတွက် တစ်လှေတည်းစီး တစ်ခရီးတည်းသွားသူများအဖြစ် ခံယူသည့်စိတ်၊ အေးအတူပူအမျှတစ်မြေတည်းနေ တစ်ရေတည်းသောက်သူများအဖြစ် မှတ်ယူသည့် နှလုံးသား၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်ဝမ်းတည်းဖွား သွေးချင်းများဟု ခံယူသည့် သံယောဇဉ်တရားတို့ဖြင့် အတူတကွလက်တွဲပြီး အခက်အခဲမှန်သမျှကို ကျော်လွှားဖြတ်သန်း လုပ်ဆောင်ကြရမည့် အချိန်အခါလည်းဖြစ်ပါသည်။

ယခုကာလသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းရယူပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ် ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများအောင်မြင်ရေးမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရန် အလွန်အရေးကြီးလှပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးခြေလှမ်းသစ်များ ပြန်လည်စတင်နိုင်ရန် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ရေး အတိအလင်းဖိတ်ခေါ်ထားပြီးဖြစ်ရာ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ယခင်ကထက် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည်ဟု အပြည့်အဝယုံကြည်ပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးကိုသာ အစဉ်ရှေးရှုကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စာရေးရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ "ညီညာမှ ပြည်သာမည်"ဖြစ်သည့်အတွက် အားလုံး၏ စုစည်းမှုစွမ်းအားနှင့် ဝိုင်းဝန်းတည်ဆောက်ကြရမည် ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင်ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ရောက်ရှိရန် အဓိကကျသည့် အချက်မှာ မိမိတို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။

ယခုလက်တလောအခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသောအချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ NUG၊ CRPH၊ PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထို အခြေအနေများ၏ အကျိုးဆက်သည် နိုင်ငံတော်၏ ကောင်းကျိုးကို ဖော်ဆောင်နိုင်မည် မဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အန္တရာယ်ဖြစ်စေကြောင်း သတိထားဆင်ခြင်နိုင်ကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားပြီး

တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရပါမည်။

မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆမှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုဖော်ဆောင်နိုင်သူများဖြစ်ကြပါစေ၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာရေးကို အားကြိုးမာန်တက်ဆောင်ရွက်နိုင်ကြပါစေ၊ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားတိုးတက်မြင့်မားရေးကို ဝိုင်းဝန်းဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-970-2-7

9 789998 697027 >